
www.burmeseclassic.com

# မမသဒ္ဒါမောင်

## အိပ်မက်တွေပြန်မက်ခွင့်ပေးပါ



(အချစ်လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ ဩဂုတ်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅.၈၃
မမသဒ္ဒါမောင်
အိပ်မက်တွေ ပြန်မက်ခွင့် ပေးလှည့်ပါ/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) အိပ်မက်တွေ ပြန်မက်ခွင့် ပေးလှည့်ပါ


# မမသဒ္ဒါမောင်

## “အိပ်မက်တွေ ပြန်မက်ခွင့် ပေးလှည့်ပါ”

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ရှိခြင်း

ဤစာမူဖြစ်မြောက်စေရန်အတွက် "မ" အား "သတိတရ" ကဗျာပေးပို့၍ တောင်းဆိုခဲ့သည့် ကဗျာဆရာ မင်းခ (ခေါ်) အောင်နေလင်း၊ မန္တလေးမြို့ရောက်စဉ် ဧည့်ဝတ်ကျေပွန်စွာဖြင့် မန္တလေးနန်းတော်နှင့် ဘုရားပုထိုးစေတီတော်များ ဖူးမျှော်ရန် လိုက်ပါပို့ဆောင်ပေးသည့် (အင်ဂျင်နီယာ) ကိုဇော်ထိုက်နှင့် (NGO) မှ မောင်သန့်ကို၊ မန္တလေးဈေးချိုနှင့် ညခင်းဘက် သင်္ကြန်မဏ္ဍပ်များ လေ့လာဖြစ်ရန် ပို့ဆောင်ပေးသည့် (သောမင်းကုမ္ပဏီ) မှ ကိုအောင်ကျော်မြင့်နှင့် မောင်ထက်ဝေအောင်၊ ကျောက်ဆည်မြို့ ဘုရားအစုံဖူးဖြစ်ရန် ကားဖြင့် အပင်ပန်းခံ ပို့ဆောင်ပေးသည့် ကိုသက်နောင်နှင့်မမြတ်သန္တာမိသားစု၊ သင်္ကြန်ကာလ (၉) ရက်တာ တည်းခိုခန်းအတွင်း ဝန်ဆောင်မှုအပြည့်ဖြင့် "မ"တို့ မောင်နှမအား စိတ်ချမ်းသာပျော်ရွှင်စေခဲ့သည့် မန္တလေးမြို့ "Royal City Hotel" မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလုံးတို့အား အထူး အထူးပင် ကျေးဇူးတင်ရှိပါသည်။

မမသဒ္ဓါမောင်

(၂၀၁၄ မန္တလာသင်္ကြန် အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com

၃၇၀

www.burmeseclassic.com

www.burmeseclassic.com

## "သတိတရ"

သတိရလျက်ပါ
မင်းဘယ်မှာနေနေပေါ့။
ငါ ဆက်ချစ်လျက်ပါ
မင်း ဘာပဲလုပ်လုပ်ပေါ့။
ငါ ပြန်လိုချင်မိတယ်
မင်းရဲ့အပြုံးတွေကိုပေါ့။
ငါ တောင့်တမိတယ်
မင်းရဲ့ယုယမှုတွေကိုပေါ့။
ငါ ပြန်မြင်ယောင်နေမိတယ်
မင်းနဲ့လျှောက်လည်ခဲ့တာကိုပေါ့။
ငါ ပြန်ကြားချင်မိတယ်
မင်းနှုတ်က "ချစ်တယ်" ဆိုတဲ့စကားကိုပေါ့။
ဒါတွေအားလုံးကို
တစ်ဖန်ပြန် ဖန်တီးပေးနိုင်မလား။
ငါ့ရဲ့နှလုံးသားကို
မင်းနှလုံးသားလို
တနှာပေးနိုင်ရင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မနက်စောစော အိပ်ရာနိုးကာ တစ်ကိုယ်ရည်သန့်ရှင်းပြီး ရှပ်ကျယ်လက်ပြတ်အပြာလေးကို ခေါင်းမှစွပ်လိုက်ပါ၏။ မစိုတစို [illegible]နေပါသည့် ရေလဲပုဆိုးကိုပင် ခပ်တိုတိုဝတ်ကာ အိမ်ပေါ်ထပ်မှ ဆင်းခဲ့ပါသည်။ မေမေ ချက်ပြုတ်နေပါသည့် မီးဖိုခန်းဘက်မှ မွှေးရနံ့ [illegible] ထွက်လာလေ၏။ မနက်စာအဆာပြေအတွက် ထမင်းကြော်နေ [illegible]ထင်ပါသည်။

-"ဂျလောက်!"

"ဟဲ့! ... ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ မေမေရဲ့"

"အစောကြီး ဘာထလုပ်တာလဲ။ နေတောင်မထွက်သေးဘူး"

"ဆိုင်ကယ် သန့်ရှင်းရေးလုပ်မလို့ပါ မေမေ။ ညက ညဉ့်နက်မှ ပြန်ရောက်လို့ မလုပ်ဖြစ်ဘူး"

"အေး . . . အပေါင်းအသင်းတွေနဲ့ တွေ့တာ ကိစ္စမရှိဘူး။ ဘီယာတွေ၊ အရက်တွေ မော့လာတာမျိုးတော့ မေမေ မကြိုက်ဘူးနော် သူရ"

"မသောက်ပါဘူး မေမေရယ်။ ဘုရားမကြိုက်၊ နတ်မကြိုက် အမေမကြိုက်တဲ့အရာမျိုး ကျွန်တော် ဘယ်တုန်းက လုပ်ဖူးလို့လဲ"

"မပြောနိုင်ဘူးလေ။ ယောကျ်ားတွေ အသည်းကွဲရင် အရက်နဲ့စိမ်တတ်ကြလို့ သတိပေးရတာ"

သူ မျက်နှာရှုံ့လိုက်မိတော့၏။ အပြောက မလွတ်ပါလား။ သူ့အကြောင်းက တစ်ဆွေတစ်မျိုးလုံးသိအောင် Internet သတင်းထက် ပိုပျံ့နှံ့သွားတာကို။ ကံကလည်းဆိုးပဲ။ မေမေက သူ့ကို လှည့်ပြောရာမှ အလုပ်လုပ်ရာဆီ ပြန်လျှောက်သွားလေတော့၏။ ဖိနပ်ချွတ်မှာ ရပ်ထားသည့် ဆိုင်ကယ်ကို အိမ်ရှေ့သံဇကာတံခါးဖွင့်၍ ခြံထဲ တွန်းထုတ်လာခဲ့ပါသည်။





ဆိုင်ကယ်ကို သန့်ရှင်းရေးလုပ်နေစဉ် အပေါ်ထပ်ဝရန်တာမှ ခပ်အုပ်အုပ်အသံဖြင့် ညီညီ စာကျက်နေလေ၏။ ဒီနှစ် (၈) တန်းမို့ အရေးကြီးသလို စာအတော်ကြိုးစားနေတာပါ။ ပြောသာပြောရတာ ညီညီက သူ့ထက် ပိုပြီးဉာဏ်ကောင်းတဲ့ကလေးပါ။ နှစ်စဉ်နှစ်တိုင်း ကျောင်းမှာ ဆုတက်ယူရတဲ့ ထူးချွန်ကျောင်းသားလေးပါပဲ။ သူကသာ တစ်နှစ်တစ်တန်း၊ ပုံမှန်အောင်ခဲ့ရတာပါလေ။

"တကူကူးကူး"

"ဟာ! လွှမ်းလိုက်တာကွာ"

ညီညီ့ထံမှ ထရွတ်သံကို ကြားလိုက်ရပါ၏။ ဆောင်းတွင်းနှင်းကူတာမဆန်းပေမယ့် အခိပ္ပာယ်ရှိရှိ စနောက်နေတာကို သူသိနေပါသည်။ ငိုရယ် ကိုယ်တော့ လူတွေရဲ့ပါးစပ်မှာ အဟားခံရတဲ့ သတ္တဝါ ဖြစ်နေတာ သိပါရဲ့လား။ လက်ထဲမှာကိုင်ထားသည့် အဝတ်စ ဖြင့် ဆိုင်ကယ် body ကို နာနာဖိတိုက်လိုက်မိ၏။

"သနားလိုက်တာ"

"ဟေ့ကောင်! . . . စာကျက်တာ ကျက်စမ်းပါ။ ငါ့ကို လိုက်နောက်နေနဲ့"

"ကိုကို့ကို ပြောတာမဟုတ်ပါဘူး။ အပြစ်မရှိတဲ့ ဆိုင်ကယ်ကို အတင်းဖိတိုက်နေလို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအပူမပါဘူး။ ကိုယ့်စာပဲ ကိုယ်အာရုံစိုက်စမ်းပါ။ ငါ မမကို တိုင်မှာနော်"

"ဟာဟ! . . . တိုင်ပေါ့။ သားက ကြောက်မယ်များ ထင်နေလား"

ဝရန်တာမှာရှိနေသည့် ညီညီ့ကို ရေပုံးထဲမှရေဖြင့် လှမ်းပက်လိုက်မိ၏။ ညီညီက နောက်ဆုတ်ရှောင်ကာ ရယ်လေတော့သည်။ ဒီလို ရေပက်ခဲ့ရတဲ့ သင်္ကြန်ကာလကို အာရုံက ဖျတ်ခနဲရောက်သွားရပါ၏။ ကျစ် မဖြစ်သေးပါဘူး။ ဒီလိုသာ အာရုံတွေပြားနေရင် အလုပ်ထဲမှာလည်း ပြဿနာဖြစ်လာနိုင်တာပါလေ။

"သင်္ကြန်မရောက်သေးဘူးလေ ကိုကိုရ"

"ငါ သိပါတယ်"

"ဒါဖြင့် မျှော်နေတယ်ပေါ့လေ"

"သက်ဝေ"

ညီညီက ကြိတ်ရယ်လေ၏။ ရယ်နိုင်ပေမပေါ့။ ဒင်းကရ မခံစားဖူးတာလေ။ အချစ်ဆိုတဲ့အရာကို ထိတွေ့ခံစားဖူးသူတိုင်း ရင်မှ ထိရှနာကျင်တဲ့ဒဏ်ရာက အတိမ်အနက်သာ ကွာခြားကြမှာ အမှန် လေ။ သက်ဝေအောင်က စာကျက်လျှင်ကျက်၊ သူငယ်ချင်းတွေနှင့် ရပ်ကွက်အားကစားကွင်းမှာ ဘောလုံးကန်လျှင်ကန် တကယ့်ကို စိတ်





လွတ်လပ်တဲ့ကလေးပါပဲ။

"ကိုကို"

"ဘာလဲ"

"ညနေ သားတို့နဲ့ ဘောလုံးလိုက်ကန်ပါလား"

"ငါ မအားဘူး"

"စိတ်ပြေလက်ပျောက်ပေါ့ဗျ။ ကိုကို့ကိုမြင်ရတာ မသက်သာဘူး။ ဒီလိုပဲ နေသွားတော့မှာလား"

"ငါက ဒီလိုမနေလို့ ကင်းမြီးကောက် ထောင်နေရမှာလား"

ဘုကောလိုက်ပေမယ့် ညီညီက စိတ်မဆိုးသည့်အပြင် ရယ်နေတာပါလေ။ ပြောလည်းပြောချင်စရာပဲကိုး။ နဂိုက တက်ကြွလန်းဆန်းနေခဲ့ပါသည့် လင်းသူရအောင် ကို ဟိုစစ်စဝ် ဒီစပ်စဝ် ပါတတ်သူမို့ 'ပါလေရာငါးပိချက်' တဲ့။ လူကြီးပွဲလည်း အမြဲပါတတ်သည့် 'လက်ဖက်ပွဲ' ဟုပင် နာမည်ပြောင်ပေးထားတာပါ။

အခုတော့ဖြင့် အမြဲတစေ မှုန်ကုပ်ကုပ်ဖြင့် စိတ်တိုလွယ်ပြီး ဖျော်ကန်ကန်ဖြစ်နေတော့တာလေ။ အလုပ်ထဲမှာလည်း သူက အငယ်ဆုံး ဖြစ်နေတာမို့ အစ်ကိုတွေ အစ်မတွေရဲ့အချစ်ကိုခံရပြီး အလေးထား ခံရသူပါ။ မန်နေဂျာတွေ၊ ဥက္ကဋ္ဌတွေကအစ 'သူရရေ' ဆိုပြီး ကြောခဏ ခေါ်ခိုင်းတတ်သည့် လူငယ်လေးတစ်ယောက်ပါပဲ။



www.burmeseclassic.com

"သူရလား။ သက်ဝေလား"

"ကိုကိုက ခြံထဲမှာပါ မမ"

တစ်ဖက်ခြံဝရန်တာမှ အသံပြုလိုက်သည့် မမကြောင့် စီတောက်ပင်ကြီးကွယ်နေရာမှ အနည်းငယ်ရွေ့ရပ်လိုက်မိပါ၏။ မမက ကျောင်းဝတ်စုံအပြည့်ဖြင့် သူ့ကို လှမ်းကြည့်နေပါသည်။ ဘာလဲ။ ကျောင်းပိတ်ထားတာတောင် ဒီဆရာမက ကျောင်းသွားရတာပဲလား။

"မမ ဘာလဲ၊ ကျောင်းပိတ်ထားတယ် မဟုတ်လား"

"ကျောင်းအုပ်ကြီးက အစည်းအဝေးခေါ်ထားလို့ဟဲ့။ ဝို ဆိုင်ကယ် ဝပ်ရှော့ပို့ထားရလို့ လိုက်ပို့ပေးစမ်းပါ"

"အာ . . . ကယ်ရီနဲ့သွားပါလားဗျာ။ ဒီမှာ သန့်ရှင်းရေးလုပ်နေတာ မပြီးသေးဘူး"

"အချိန်မရလို့ အကူအညီတောင်းတာပါ သူရရယ်။ စိတ်က ပုပ်ပြန်ပြီ။ ဒီလိုကြေးလား။ ရတယ်လေ။ လာမယ့်နွေမှာ စိမ့်တို့ကို ငါ မဖိတ်ဘဲ နေလိုက်ရမလား"

"ပြီးရော . . . ပြီးရော၊ လိုက်ပို့ပေးမယ်။ ကျွန်တော် မနက်စာ မစားရသေးဘူး"

"စားပါ၊ ဟိုကို (၉) နာရီမထိုးခင် ရောက်ရင်မီတယ်"

အညာကို ကိုင်ခံရပြန်လေပြီ။ လူတစ်ဖက်သားရဲ့ အားနည်း





ချက်ကိုလည်း ဒီမမက သိနေတာကိုး။ ဆိုင်ကယ်သန့်ရှင်းရေးပြီးပြီမို့ အိမ်ထဲဝင်ကာ ခြေလက်ဆေးလိုက်ရပါ၏။ သူ့အလုပ်ကိုပါ တစ်ခါတည်း သွားရတော့မှာပါပဲ။

"သားငယ်ရေ . . . သက်ဝေ၊ မနက်စာစားကြစို့"

"လာပြီ မေမေရေ"

လှေကားမှ တဒုန်းဒုန်းဆင်းလာသံကြောင့် မေမေ ပွစိ ပွစိ ဆူသံကို ကြားရပြန်ပါ၏။ လက်ကို ခြောက်အောင်သုတ်ရင်း စိတ်ထဲမှ ကြိတ်ပြုံးလိုက်မိပါသည်။ သူမလည်း ထိုသို့ ခြေသံပြင်းပြင်း နင်းလျှောက်တတ်လို့ အစ်မဖြစ်သူဆူတာကို ကြုံခဲ့ရတာကိုး။ သူတို့က ညီအစ်ကိုနှစ်ယောက်ဖြစ်ပြီး ဝမ်းကွဲအစ်မတစ်ယောက်ရှိသလို သူမက တစ်ဦးတည်းသောသမီးဖြစ်ကာ ဝမ်းကွဲအစ်မကလည်း သူတို့မမလို အထက်တန်းပြဆရာမပါလေ။

"အဲဒီမှာ ကျောက်ရုပ်ကြီးလို ရပ်မနေနဲ့လေ။ ပြီးရင် အလုပ်ကို အလောတကြီးသွားပြီး အိမ်မှာ ဟိုဟာကျန် ဒီဟာကျန်ဖြစ်ဦးမယ်။ စိတ်နဲ့လူနဲ့ ကပ်အောင် သတိထားဦး လင်းသူရအောင်"

ဆူတာက သူ့ဘက်ကိုပါ လှည့်လာပြီမို့ ထမင်းစားခုံမှာ နေရာယူလိုက်ရပါ၏။ ပဲပြုတ်နှင့်ရောကြော်ထားပါသည့် ထမင်းကြော်က ဆီအနည်းငယ်သာပါသလို မွှေးကြိုင်နေတာပါ။ မေမေက

www.burmeseclassic.com



ပန်းကန်အသေးလေးထဲ ကြက်သွန်နီနှင့် ငရုပ်သီးစိမ်းအကွင်းလေးတွေ လှီးထားတာကို ရှာလကာရည်ဆမ်းကာ ချပေးလေ၏။ ပြီးနောက် ကော်ဖီတစ်ခွက်စီ ဖျော်ပေးပြန်လေသည်။

"ထမင်းကြော်နဲ့ ကော်ဖီ ဘယ်လိုမှ Match မဖြစ်တာကြီး။ လင်းတို့ မန္တလေးသားတွေက အဆန်းပါပဲ"

အချိုမကြိုက်သည့် ကောင်မလေး၏ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ချက်ပါပဲ။ တဘောင်ရှိသည်က "ရန်ကုန်က အစား၊ မန္တလေးက အကြွား" ဟု ဆိုပေမယ့် ရန်ကုန်သူကသာ လေကြီးမိုးကြီးပြောတတ်တာပါလေ။ အဝတ်အစား ဝတ်လျှင်လည်း မျက်စိရှေ့မြင်တာကိုသာ ကောက်ဝတ်တတ်တာမို့ ဘယ်အရောင်က ဘာနှင့် လိုက်ဖက်သည်ကို သူ မကြည့်တတ်ပါ။ မနက်တိုင်းရောက်သွားစဉ် သူ့ကို ခေါင်းစွန်ခြေဖျားကြည့်ကာ နှာခေါင်းရှုံ့ပြတတ်သည့် ကောင်မလေးပါပဲ။

"ဟဲ့! ... မအေပြောတာကြားရဲ့လား"

"ဗျာ! ... ဘာလဲမေမေ"

"ကြည့် ... သားကြီးနဲ့တော့လေ ခက်တော့တာပဲ၊ ညနေပြန်လာရင် မနက် သစ်သီးဆွမ်းကပ်ဖို့ ဝယ်လာခဲ့ပေးဖို့ပြောနေတာ မမေ့နဲ့ဦး"

"[illegible]တော်သိပါတယ် မေမေရဲ့။ မနက်ဖြန် လပြည့်နေ့



ဆိုတာကို"

"လပြည့်နေ့လည်း ရှင်တို့ရုံးက ပိတ်တာမှ မဟုတ်တာ"

"သူရေ ... ပြီးပြီလား"

"လာပြီ မမရေ ... ခဏလေး"

မမအသံကြောင့် ထမင်းစားတာကို အမြန်လုပ်လိုက်ရပြီး အပေါ်ထပ်သို့ပြေးတက်ကာ အဝတ်အစား မြန်မြန်လဲလိုက်ရပါ၏။ ခဏအကြာမှာ ညီညီက နောက်မှရောက်လာကာ သူ့အခန်းဝမှာရပ်၍ လှမ်းပြောနေလေသည်။

"Hand Phone, Camera, ဆိုင်ကယ်သော့၊ ပိုက်ဆံအိတ်၊ မှန်နီးသော့၊ ပြီးတော့"

"သိတယ် ... သိတယ် လျှာမရှည်နဲ့"

"ဝန်ထမ်းကတ်လေ"

"ကျွစ်!"

တကယ်ပါ။ ညီညီပြောမှပင် အံဆွဲထဲမှ ဝန်ထမ်းကတ်ကို သူ့လိုက်မိလေ၏။ အခန်းထဲမှ အမြန်ထွက်ကာ ဆင်းလာစဉ် မမက ဆိုင်ကယ်အနီးမှာ ရပ်စောင့်နေလေပြီ။ ဆိုင်ကယ်ဦးထုပ်နှစ်ခုကို ဗီရိုပေါ်တင်ထားရာမှ ယူလိုက်ပါ၏။ ညီညီက အပေါ်ထပ်မှ ပြေးဆင်းလာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . . . မျက်မှန်ကျန်သေးတယ်"

"တဲ . . . တွေ့လား၊ ဒီလောက်ပြောနေတာတောင်မှ မေ့ကျန်ဖြစ်အောင် ကျန်ခဲ့ရတယ်လို့ သားကြီးရယ်၊ တကယ်ပါပဲ"

"ပေးပေး"

ညီညီကမ်းပေးလိုက်ပါသည့် နေကာမျက်မှန်ကို လှမ်းယူကာ အိမ်ရှေ့သို့ ထွက်လိုက်ရပါ၏။ မမက ဆိုင်ကယ်စီးဦးထုပ်ကို ဆံထုံးမပျက်အောင် သတိထားလျက် ဆောင်းလိုက်လေသည်။ သူ ဆိုင်ကယ်ပေါ်တက်ကာ သော့ဖွင့် စက်နှိုးစဉ် မေမေက မှာဖြစ်အောင် ထပ်မှာပြန်လေ၏။

"ဖြည်းဖြည်းမောင်းနော်၊ လမ်းလုမမောင်းနဲ့၊ ကားကြီးတွေကို မမြင်ရဘဲ ကျော်မတက်မိစေနဲ့ ကြားရဲ့လား"

"ဟုတ်"

မမက နောက်မှာထိုင်ပြီး သူ့ပခုံးကို အသာကိုင်လိုက်စဉ် ဆိုင်ကယ်ကို မောင်းထွက်ခဲ့တော့၏။ နေ့စဉ် မှာနေတာတောင်မှ သူ့ဦးနှောက်က မေ့တတ်နေရတာ ဘာကြောင့်ပါလဲ။

❋ ❋ ❋



## အခန်း (၂)

ကျောင်းရှေ့မှ ဆိုင်ကယ်ရပ်ပြီး မမကိုပို့ခဲ့ပါ၏။ အစည်းအဝေးမို့ တစ်နာရီကျော်ကျော်ပဲ ကြာမှာပါ။ သူ ဆိုင်ကယ်ကို ဆက်မောင်းကာ ကုမ္ပဏီရှိရာဆီ ဦးတည်မောင်းခဲ့ပါ၏။ လက်ဖက်ရည်ဆိုင်ထိုင်ချင်သေးပေမယ့် မေမေ ကြော်ကြွားလိုက်ပါသည့် ထမင်းကြော်ကြောင့် ဗိုက်ကမဆာတော့ပါချေ။

"သူရရေ . . . လာလေ"

"မထိုင်တော့ဘူး၊ တက်နှင့်တော့မယ်"

"မင်းကလည်း အစောကြီးရှိသေးတာကို၊ ဘာလဲ April



www.burmeseclassic.com

www.burmeseclassic.com



Bonus မရမှာစိုးလို့လား"

"မဟုတ်ရပါဘူးဗျာ"

"လာပါကွ ... (၁၀) မိနစ်လောက်ပဲကို"

သူ ဆိုင်ကယ်ကို Platform ဘေးမှာရပ်ကာ ဆင်းလိုက်ရပါ၏။ ကုမ္ပဏီအနီးရှိ လက်ဖက်ရည်ဆိုင်မို့ သိပ်အချိန်မကုန်ပါလေ။ လုပ်ဖော်ကိုင်ဖက် senior တွေခေါ်နေတာမို့ ငြင်းမကောင်းလို့ပါ။ အားနာတတ်သည့်အကျင့်က တစ်ခါတစ်ခါ လူကို ဒုက္ခဖြစ်စေတတ်တော့ ခက်သားလား။

"ဦးထုပ်နှစ်လုံးနဲ့ဆိုတော့ ဘယ်ကောင်မလေးကို လမ်းကြိုကယ်ရီလုပ်ပေးခဲ့တာလဲ"

"အာ ... မဟုတ်ပါဘူး။ ကျွန်တော့်အစ်မပါဗျ"

"ဘာလဲ ... ဟို မယ်ဗမာမလား"

"ဟိုကကြားရင် အခေါ်ခံရဦးမယ်။ ကြည့်နောက်ပါ ကိုဇော်ရ"

"ဘာဖြစ်လဲကွာ။ မင်းကမှ ယောက်ဖဝမ်းကွဲပဲတော်ရမှာ ငါက ညီမအရင်းခေါက်ခေါက်ပေးမယ့်ဟာ။ ငါကတောင် ရှုံးသေးတယ်"

"ဟာဗျာ ... ကိုဇော့်ညီမက အခုမှ (၇) တန်းရှိသေးတာ





ပိစိလေးကို"

"ဟာ! ... ပိစိလေးကတည်းက စရန်သပ်ထားမှ စိတ်ချရတာကွ"

"ကျစ်! ... ဘယ်လိုအစ်ကိုမှန်းကို မသိဘူး။ ညီမကို တွန့်တိုရကောင်းမသိ။ တော်ပြီဗျာ"

ကိုဇော် စနေမှန်း သိသိကြီးဖြစ်ပါလျက် သူမျက်နှာရဲနေတော့တာပါလေ။ ရုံးမှာ အငယ်ဆုံးဖြစ်ရတာ မလွယ်ပါလား။ အားလုံးက အငယ်ဆိုပြီး ပိုင်းစတာကို ခံနေရတာပါလေ။ လက်ဖက်ရည်မှာပေးမယ့် သူ ခေါင်းခါပြပြီး ရေနွေးကြမ်းပူပူကိုသာ မှုတ်သောက်လိုက်ပါ၏။

"ခုထိ အနာမကျက်သေးဘူးလား"

"လုပ်ပြန်ပြီ"

"ပြောသားပဲ ... ရန်ကုန်သူတွေက လည်ပါတယ်ဆို။ အခုတော့ ခံရပြီ မဟုတ်လား"

သူမျက်နှာ ခပ်မှဲ့မှဲ့ဖြစ်သွားရပါ၏။ ဒီလိုမျိုးပဲ သူမလည်း ပြောခဲ့တာပါလေ။ "လင်းတို့မန်းသားတွေက သိပ်လည်တယ်" တဲ့။ ကျွပ်တာမျိုးမဟုတ်ပေမယ့် ဤသို့ပြောတတ်လေ့ရှိတာမို့ ချေပစရာ မပြောခဲ့မိတာ အမှန်ပါ။ လည်ပါတယ်ဆိုတဲ့ မန်းသားလေးကို ခုလို အလွမ်းတောထဲ နစ်ကျွန်စေခဲ့တာက ဘယ်သူပါလဲ ပိုးရေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအံ့ကလည်းဗျာ အနာကို သွားဆွပြန်ပြီ၊ ရင်မှာပဲ့အောင် ရှည်ပြီးစကားပြောလေနေတာကို"

"အမှန်ကို ပြောတာပဲလေဗျာ။ မန္တလေးသားကို အသည်းခွဲ တာလေတော့ ရာဇဝင်ရိုင်းတာပေါ့"

"တုတ်ပါ . . . မေ့လိုက်စမ်းပါ သူရေ။ ကိုယ့်ကို မုန်းသွားတဲ့ မိန်းကလေးကို လွမ်းမနေစမ်းပါနဲ့"

"ဟာဗျာ . . . ဘယ်သူက မုန်းလို့လဲ"

"မင်းရဲ့ပိုးတုံးလုံးဆိုလား။ ဘာဆိုလားလေ"

"လွန်ပိုမြှုပါဗျာ . . . ဘယ့်နှယ် ပိုးတုံးလုံးရမှာလဲ၊ ကိုအံ့ကြီး ကတော့ လုပ်ပြီ"

တစ်အုပ်စုလုံး ဝိုင်းရယ်ကြလေပြီ။ တမင် နာမည်ဖျက်ပြော မုန်း သိပါလျက် မခံနိုင်အောင် ဖြေရှင်းမိပြန်ပြီကော။ ကိုယ်တော့ ရှုံးတော့မှာပဲ ပိုးရယ်။ အစ်ကိုတွေကြားမှာ နေရခက်အောင် အပြောခံ နေရတာ ဘယ်တော့မှ ရပ်မလဲမသိတော့ပါလေ။ ဘယ်သူမဆို ကိုယ် မွေးတဲ့ မွေးရပ်မြေ မြို့ကိုပဲ နှစ်သက်ကြပြီး ဂုဏ်ယူတတ်ကြတာ အမှန်ပါ။

ရွှေနန်းတော်စိုက်တဲ့ မန္တလေးမှာ မွေးခဲ့သည့် ရွှေမန်းသား ဆိုပြီး ဂုဏ်ယူဝံ့ကြွားပြီး ပြောမိတိုင်း နိုင်ငံတကာလေဆိပ်ရှိသည့်





မြို့၊ နိုင်ငံခြားသားတွေလာတိုင်း အရင်ဆုံး စတည်းချတတ်သည့် သူမတို့မြို့ကို 'မဟာရန်ကုန်' ဆိုပြီး ယှဉ်ပြောကြွင်းခုန်ခဲ့သည့် ပိုးကို သတိရနေမိတာလေ။ အခုတော့ ကိုယ်နဲ့စကားပြိုင်မပြောတော့ဘူး လား ပိုးရယ်။

"ဟုတ်လား . . . မင်းကောင်မလေးက မုန်းတယ်ပြောလို့ လား"

"မပြောပါဘူးဗျာ၊ အနေဝေးပြီး အဆက်ပြတ်သလို ဖြစ်နေ တာပါ"

"အေးလေ . . . အဲဒီလိုနဲ့ပဲ အနေဝေးပြီး သွေးအေးသွားကြ တာပါ သူရေ။ အေးစက်စက် ရင်ခုန်ခြင်းတွေနဲ့ ပိုးလိုးပက်လက်ဖြစ်ပြီး အသည်းကွဲဇာတ်လမ်းက သိမ်းကြတာပဲပေါ့ကွာ"

"ကိုအံ့"

"ကဲ ကဲ . . . စ,တာ နောက်တာတော်ပြီ။ သွားကြစို့၊ ရှင်း မယ်ဟေ့"

ကိုဇော် တားလိုက်မှပဲ စကားဝိုင်းက ပြီးတော့၏။ ခုံတွေပေါ် မှထကာ ဆိုင်ကယ်ကိုယ်စီနှင့် ကုမ္ပဏီဆီ မောင်းထွက်လိုက်ပါသည်။ ကိုအံ့မောင်က သူ့ဆိုင်ကယ်နောက်ခုံမှ ခွစီးပြီးလိုက်တာမို့ ဘာမှ မပြောတော့ပါချေ။ အားလုံးက အင်ဂျင်နီယာတွေ၊ မန်နေဂျာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



CEO ရာထူးကြီးတွေ မဟုတ်ပါလား။ သူတစ်ယောက်ကပဲ GTC အငယ်တန်း အင်ဂျင်နီယာပေါက်စလေး ဖြစ်နေတာပါလေ။

အိမ်မှပါလာသည့် ပစ္စည်းတွေကို သူစားပွဲပေါ် တင်သင့်တာ တင်၊ အံဆွဲထဲထည့်သိမ်းသင့်တာ သိမ်းကာ အလုပ်ထဲ စိတ်နှစ်လိုက်ရပါ၏။ Construction လုပ်ငန်းမို့ မြေကွက်ဝယ်တိုင်း မြေတိုင်းရတာ ခြီကို ခာတ်ပုံရိုက်တာအစ တောကမ်တိုမယ်ရအလုပ်တွေကိုပါ သူပဲ လုပ်ရတာပါ။ အလုပ်ကြိုးစားတဲ့လူငယ်မို့ လူတိုင်းချစ်ကြတာ အမှန်ပါလေ။

(၁၀) နာရီကျော်ကျော်မှာ သူတို့ကုမ္ပဏီ၏ MD ရောက်လာတာမို့ မတ်တတ်ထရပ်ကာ ကြိုရလေ၏။ ခဏအကြာမှာ Meeting စတော့မှာမို့ လုပ်လက်စအလုပ်တွေကို ပြီးအောင် အမြန်လုပ်ရပါ၏။ အစည်းအဝေးပြီးတာနှင့် အပြင်ထွက်ရပြီး မြေကွက်တိုင်းဖို့ ဓာတ်ပုံရိုက်ဖို့အတွက် သူသွားရမှာပါလေ။

"Boss ဒီနေ့ဝတ်လာတဲ့ style မိုက်တယ်ကွာ"

MD က လူငယ်ပဲမို့ ပေါ့ပေါ့ပါးပါးပဲ ဝတ်တတ်တာပါ။ အဝတ်အစားဝတ်တိုင်း မလိုက်ဖက်တဲ့သူ့ကို မျက်မှောင်ကြုတ်ကာ နှာခေါင်းရှုံ့ပြီး ဝေဖန်တတ်သည့်သူမကို သတိရသည့်စိတ်က ပိုမြင်နေလေပြီ။ မနက်စောစောကပဲ မမ သတိပေးခဲ့တာ မဟုတ်ပါလား။





'စိမ့်တို့ကို မခေါ်ဘဲ နေလိုက်မယ်' တဲ့လေ။

ငယ်စဉ်က ကျောင်းအတူတက်ခဲ့ရပြီးနောက်မှ ရန်ကုန်ပြောင်းသွားသည့် မမသူငယ်ချင်း၏ နာမည်က စိမ့်ဒါလီပါ။ သူတို့အမျိုးက နာမည်မှာ 'အောင်' နှင့်အပြီးသပ်တာမို့ မမနာမည်က 'ရွှေရတီအောင်' ပါ။ ငယ်စဉ်က "ဒါလီ၊ ရတီ" ဆိုပြီး အမွှာညီအစ်မတွေနှယ် ချစ်ခဲ့ကြသည့်မမတို့နှစ်ယောက်က ယခုတိုင် ရင်းနှီးခင်မင်နေကြတုန်းပါလေ။ သူမှာသာ။

"သူရ မေးနေတယ်လေ"

"ဗျာ!"

"ဟာ . . . ဒီကောင်တော့ Boss ပြောနေတာကို မကြားပါလား။ ပြဿနာပဲ"

Asia Group ကုမ္ပဏီ၏ MD ဖြစ်သည့် ကိုဘုန်းမြတ်နိုင်က သူ့ကိုကြည့်ကာ ပြုံးလိုက်လေ၏။ အသက်သိပ်မကြီးသည့် လူငယ် Boss မို့ နားလည်ပေးတာကို သူသိပါသည်။ သို့သော် တာဝန်ချိန်မှာ စိတ်လွင့်နေတာက သူ့အပြစ်ပါပဲ။ MD ကိုမော့ကြည့်ကာ သူ့မျက်နှာရဲသွားရပါ၏။

"MD ကျွန်တော် တောင်းပန်ပါတယ်"

"စိတ်တွေက ရန်ကုန်ပြေးနေလို့လား . . . လင်းသူရ"



www.burmeseclassic.com

"တာချာ . . . မဟုတ်ပါဘူး"

"ကျွန်တော့်အဒေါ်နဲ့ညီမ လာလည်ရင်ရော လိုက်ပို့နိုင်ပါ့မလား"

"ဗျာ!"

အားလုံးမျက်နှာထက်မှာ အပြုံးက မဖုံးနိုင် မဖိနိုင်ပါပဲ သူ့အဖြစ်က လူရယ်စရာကိစ္စလို ဖြစ်နေချေပြီ။ ကိုယ်တော့ လူ့ အလယ်မှာ လှောင်စရာဖြစ်နေပြီ ပိုးရယ်။ ချစ်ခြင်းက ရယ်စရာများ လား။ မဟုတ်ပါဘူးနော်။ ရင်ခုန်ခြင်းတွေအပြည့်နဲ့ မက်ခဲ့တဲ့ အိပ်မက် ကဖြင့် ကိုယ့်အတွက် အခုတော့ မှုန်ဝါးဝါးမြူလို ပျက်ပြယ်နေခဲ့ပါပြီ လေ။

"ဒီကောင့်ကို စိတ်မချရဘူး Boss ရေ"

Boss က နားလည်စွာ ပြုံးလေ၏။ ဒီအရွယ်မှာ ဒီလို ရင်ခုန်ခြင်းတွေနဲ့ ဒီလိုအကြည့်ချင်းဆုံပြီး ဒီပုံပြင်တွေဖြစ်တတ်တာ မဆန်းပါလေ။ သူများတွေအတွက်ကဖြင့် လူကြားကောင်းတဲ့ ဇာတ်လမ်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် တစ်သက်တာအတွက် ရည်ရွယ်ခဲ့သည့် သူ့အတွက်ကဖြင့် ရင်တွင်းမှာ တနင့်တပိုးကြီး ခံစားနေရ တာပါ။

ကဗျာဆရာတွေ၊ တေးရေးဆရာတွေသာဆို သူ့ခံစားချက်





နားလည်ခံစားပြီး ရင်ကိုထိနိုင်မယ့် စကားလုံးမျိုးတွေ သံစဉ်တွေသား တွေ ဖန်တီးပေးနိုင်မှာပါလေ။ အခုတော့ ကိုယ့်လို အညတရ လူသား လေးကဖြင့် ကဗျာမသီ စာမစီတတ်ဘဲ အလွမ်းတွေကို ထုပ်ပိုးသိမ်း ဆည်းထားရတာကို ပိုးတစ်ယောက် သိနိုင်ပါရဲ့လား။

"လင်းသူရက ဓာတ်ပုံလည်း ကောင်းကောင်း၊ ကျွမ်းကျွမ်း ကျင်ကျင် ရိုက်တတ်သလို Guide လုပ်တာလည်း Expert မို့ ဒီတာဝန်မျိုး ပေးချင်လို့ပါ။ လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့"

"အာမခံချက်က မရဲတရဲပါလား"

တီးတိုးရယ်မောကြလေ၏။ အစည်းအဝေးပြီးပြီမို့ ပေါ့ပေါ့ ပါးပါး စနောက်နေပုံပါပဲ။ နဂိုကလည်း ကုမ္ပဏီမှာ အငယ်ဆုံးဖြစ်သည့် သူက Senior အစ်ကိုတွေရဲ့ ကျီစယ်ခြင်းကို အမြဲခံနေရတာ မဟုတ် လား။ Guide လုပ်ပေးဦးတဲ့ ပိုးရယ်။ ကိုယ်တော့ ခေါင်းခဲရဦးတော့ မှာ အသေအချာပါလေ။

"ဖြစ်ရဲ့လား"

"ဟုတ်ကဲ့ . . . ဖြစ်ပါတယ်၊ MD"

"အိုကေ . . . ဒီနေ့တော့ shopping mall ဆောက်ရမယ့် နေရာတွေကိုပဲ သွားကြည့်ပြီး လုပ်စရာရှိတာလုပ်လာပါ။ ဒါဆိုရင် . . .



www.burmeseclassic.com

www.burmeseclassic.com



Meeting တို့ ဒီမှာပဲ ရပ်ကြစို့။ အားလုံးပဲ ကြိုးစားပေးကြပါ"

အစည်းအဝေး သက်ပြင်းချနိုင်တော့၏။ MD အခန်းထွက်သွားတာ တို့ စောင့်ပြီးမှ သူ ခုံမှထရပ်လိုက်ပါ၏။ ကိုအုံ့က သူနားသို့ကပ်ကာ ခပ်အုပ်အုပ်လေသံဖြင့် ပြောလိုက်လေသည်။ စနောက်တာဖြစ်ပေမယ့် ရင်ဘတ်ထဲမှာ အောင့်သွားရသည့် စကားလုံးတွေပါပဲလား။

"မဆိုးဘူး သူရရေ . . . အခြေအနေကောင်းရင် Boss နဲ့ မင်း အမျိုးတော်သွားနိုင်တယ်"

"ကျွန်တော့်ကိုများ ဘူးထင်နေလား"

"ဟာကွာ . . . မင်းကလည်း"

"ခင်တယ်ဆိုရင်တောင် အဲဒီလိုတော့ မနောက်ပါနဲ့များ တောင်းပန်ပါတယ်"

"Sorry ပါကွာ၊ ကိုဇော်လည်း ဒီလိုနောက်နေကျမို့ပါကွ"

"ရပါတယ်"

အကဲပိုတာတော့ မဟုတ်ရပါ။ လောကမှာ ပြောသင့်တဲ့ စကား ရှိသလို မပြောသင့်သည့်စကားမျိုးလည်း ရှိတာမဟုတ်ပါလား။ အထူးသဖြင့် အလွှာချင်းမတူသည့် Boss လိုလူရဲ့နားထဲ ဒီစကားမျိုး မရောက်သင့်တာ အမှန်ပါ။ ဘဝကို ရိုးစင်းစွာလျှောက်လှမ်းပြီး ရိုးသားစွာ ကြိုးစားရုန်းကန်နေသည့်သူ့ကို အမြူစင်ဆုံးသောအကြည့်မျိုးနဲ့သာ





ကြည့်စေချင်တာလေ။

ပိုး . . . ကိုယ် သိပ်လွမ်းနေပါတယ်။ ဒီမြေမှာ လာမနေဖူးတဲ့ မိန်းကလေးမို့ ဒီနေကို ပိုပူတယ်၊ ဒီလေကို မနွေးဘူးဆိုပြီး အပြစ်မြင် တတ်တဲ့ ပိုးကို စိတ်ပြေအောင် နှစ်သိမ့်ပေးခဲ့တာတွေကို မှတ်မိနိုင်ပါ့ လား။ တိုက်တွေသာ ပြည့်နှက်နေပြီး သစ်ရိပ် ဝါးရိပ် မရှိလို့ လေ အေးနိုင်တော့တာပါ ပိုးရယ်။ မန်းမြေက လူငယ်လေးရဲ့ အလွမ်း မပြေ သတိရခြင်းတွေကိုဖြင့် ရန်ကုန်သူလေးက မေ့နေပြီလားလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

လမ်းမကြီးဘေးမှ လမ်းသွယ်ထောင့်မှာ ဆိုင်ကယ်ကိုရပ် လိုက်ပါ၏။ ထောင့်မြေခြံမို့ Boss က Shopping Mall ဆောက် စိတ်ကူးရတာပါလေ။ ပြီးရင်တော့ ဆိုင်ခန်းတွေကို ငှားမှာလား၊ ဒါမှ မဟုတ် အဆောက်အဦးတစ်ခုလုံးကိုပဲ လေလံပစ်ပြီးရောင်းမှာပဲလာ မသိသေးပါ။ ငွေရှိသည့်လူမို့ ဘာလုပ်လုပ် အားလုံးအိုကေနေတာ လေ။

သူတို့လို လခစားဝန်ထမ်းတွေကဖြင့် လစဉ် ငွေရှာရသည့် ဝင်ငွေနဲ့ထွက်ငွေကို မျှတအောင် သုံးနေရတာပါလေ။ ဖေဖေ





နယ်ကို ကုန်ပို့ရသည့် ကားဒရိုင်ဘာမို့ အိမ်မှာ အမြဲတစေ မရှိပါလေ။ ငွေရှာသည့် မိသားစုဝင်က ဖေဖေနှင့်သူမို့ အသက်ရှူချောင်နေရတာပါ။ မေမေကိုယ်တိုင်ကလည်း မြို့ခြံချွေတာတတ်တဲ့ အိမ်ရှင်မမို့ တော်သေး တာပါလေ။

ကျောင်းသားဖြစ်တဲ့ညီညီက တစ်ယောက်တည်းပဲရှိတော့တာ မို့ အဆင်ကပြေနေတာပါ။ သူ GTC တက်တုန်းက ငွေအတော်ကြီး ကုန်ခဲ့တာကို သူအသိဆုံးပါ။ ဖေဖေတို့အကြွေးပါတင်ခဲ့တာလေ။ အခု သူ အလုပ်ဝင်တော့မှပဲ အကြွေးတွေ အကြေဆပ်နိုင်ပြီး အသက် ရှူချောင်ရတာအမှန်ပါ။ ဘဝသမားရဲ့အမောတွေကဖြင့် ပြောလို့မကုန် နိုင်ပါလေ။

"ကိုသူရ"

"ဦးစိုးမြင့်တို့ ခြံရှင်းတာ ပြီးတော့မှာလား"

"မနက်ဖြန်လောက်မှ ပြီးမယ် ငါ့တူရဲ့။ မြေက အတော် ကြမ်းတယ်။ ပုလင်းကွဲတွေ အများကြီးထွက်လာလို့ ကလေးတွေကို ခေါ်ပေးနေရတယ်"

"ဟုတ်လား . . . ရာဘာလက်အိတ်သုံးကြလေ။ ခြေဗလာနဲ့ လုပ်မလုပ်နိုင်းနဲ့ဦး"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြမ်းသမားတွေ လုပ်နေတာကို သူ လိုက်ကြည့်ရပါ ထောင်အောင်မြို့ လမ်းချဲ့ရတာရှိမှာပါ။ အဆောက်အဦကို နောက် ဆုတ်ပြီးဆောက်ရမှာပါပဲ။ Foundation ချရန်အတွက် နေရာကိုတွက် ပြီး ပေကြိုးဖြင့် တိုင်းရမှာပါ။ လောလောဆယ် ခြံရှင်းနေတုန်းမို့ လုပ်လို့မရသေးပါ။ ခြံရှေ့ပိုင်းနေရာမှာ အုတ်တွေ၊ သဲတွေ၊ ကျောက် စရစ်ခဲတွေပုံဖို့အတွက် နေရာအရင်ရှင်းနိုင်းရလေ၏။ သံချောင်းတွေပါ ပုံရမှာမို့ မပျောက်ရအောင် ညစောင့်အလုပ်သမားနှစ်ဦးကိုပါ တာဝ ပေးရလေသည်။

"ဦးလေး"

"ဟေ"

"ခြံရှင်းတာပြီးတာနဲ့ ကျွန်တော့်ဆီ ဖုန်းဆက်ပါနော်။ ပစ္စည်း တွေ လာပို့ရမှာမို့ပါ"

"အေး . . . သိပါတယ် ကိုသူရရဲ့"

"Foundation ချတာရော ခြံစည်းရိုးကာတာပါ တစ်ပြိုင် တည်း လုပ်ရမှာမို့ အဖွဲ့နှစ်ဖွဲ့ ခေါ်ရမှာ မမေ့နဲ့နော်"

"အေးပါ . . . ဦးလေး မှာထားပါတယ်ကွယ်"

"ဒါဖြင့် ကျွန်တော်ပြန်တော့မယ်။ ဪ . . . မေ့တော့ မလို့။ ဒီအလုပ်သမားတွေကို မနက်ဖြန် လုပ်ခရှင်းပေးရမှာနော်





ကုမ္ပဏီမှာ ဦးလေးလာထုတ်မှာလား။ ဒါမှမဟုတ် ကျွန်တော်ပဲ လက် မှတ်ထိုးပြီး ထုတ်ခဲ့ရမလား"

"ငါတို့ ထုတ်လာပေးတော့ ပိုအဆင်ပြေတာပေါ့"

"ဒါဆိုလည်း ပြီးရောလေ။ သတိထားပြီး လုပ်နိုင်းဦးနော်၊ ကျွန်တော်ပြန်ပြီ"

မှာစရာရှိတာ မှာခဲ့ပြီး လက်မှနာရီကို တစ်ချက်ကြည့်ကာ ဆိုင်ကယ်ရှိရာဆီ လျှောက်ခဲ့ပါ၏။ ညနေ (၅) နာရီခွဲနေပြီမို့ ကုမ္ပဏီ ပြန်ဖို့မလိုတော့ပါ။ အိမ်တန်းပြန်ရတော့မှာပါပဲ။ ဆိုင်ကယ်ကို လမ်းမ ပေါ်တက်ကာမောင်းခဲ့ပါ၏။ မီးပွိုင့်မှာစောင့်ရင်း ဆိုင်ကယ်ကို ရပ် ထိုက်ရပါသည်။ သူ့ရှေ့မှာရပ်ထားသည့် ကားအလတ်က ဘုရားဖူး ဆာဥ်ဖြစ်နေလေ၏။ လူကြီးတွေရော၊ လူငယ်တွေပါ ပါနေတာမို့ သူမနှင့်အတူ ကားဖြင့် ကျောက်ဆည်မြို့ဘုရားဖူးထွက်ခဲ့တာကို သတိ ရမိပြန်ပါသည်။

ကိုအောင်ကျော်မြင့်နှင့်မမိမ့်ဖါလီက ကားပေါ်မှာ စကားများ အပြိုင်ပြောခဲ့တာတွေကို နားထဲမှာ အခုချိန်ထိ ကြားနေရတုန်းပါပဲ။ ယ်ခံလူပျိုကြီးက အစအနောက်သန်သလို အပျိုကြီးဖြစ်သည့် မမိမ့် လည်း မဟုတ်မခံ ဇတ်ဇတ်ကျဲမို့ မန္တလေးသားနှင့် ရန်ကုန်သူတို့ စကားပြိုင်ခဲ့တာပါလေ။ ကိုအောင်ကျော်မြင့်ကလည်း ဖွဲ့ကကြီးကြီး။



www.burmeseclassic.com

www.burmeseclassic.com



မမစိန့်ကလည်း နည်းနည်းမှ အထိမခံ၊ အတင်မခံမို့ သူတို့တွေ တအုန်းအုန်းရယ်ခဲ့ရတာ အမှန်ပါ။

ဪ . . . ပိုးရယ် မျက်စိရှေ့မြင်လေရာမှန်သမျှ ပိုးကို သတိရပြီး အမှတ်တရ သတိတရနဲ့ အမြဲတမ်း လွမ်းဆွတ်နေရတာ ပါလေ။ အခုဆို ပိုးတစ်ယောက် ဘာများလုပ်နေမှာပါလဲ။ ကျောင်း ပြီးအောင် ဆက်တက်ချင်သေးတာ။ နိုင်ငံခြားမှာ ဆက်ပြီး ကျောင်း တက်ချင်တာကို သိနေပေမယ့် ဒီမြေမှာ ကျန်ရစ်ခဲ့ရတဲ့ အလွမ်း သမားလေး လင်းသူရအောင်ကိုဖြင့် မေ့ထားပြီလားကွယ်။

"တီ! တီ!"

နောက်တက်မှ ကားဟွန်းသံပေးနေပြီမို့ သတိရပြီး လမ်းဘေး မှကပ်ကာ ဆိုင်ကယ်ကို ဆက်မောင်းခဲ့ရပါ၏။ မေမေသာမြင်ပါက ရင်ဘတ်ဖိပြီး ဘုရားတမိတော့မှာလေ။ ဒီလောက် သတိပေးနေတာ တောင်မှပဲ သူက စိတ်နဲ့ကိုယ် မကပ်ရတယ်လို့ လင်းသူရအောင်ရယ်။

ဆိုင်ကယ်ကို လမ်းကြားထဲကွေ့စဉ် သူ့စိတ်ထဲမှာ သတိရကာ ပြန်ကွေ့လိုက်ရပြန်ပါ၏။ မေမေမှာလိုက်တာကိုတောင်မှ မေ့ရတယ်လို့။ ဈေးချိုဘက်သို့ ပြန်မောင်းခဲ့စဉ် ထိုးမုန့်ဆိုင်၊ လက်ဖက်ဆိုင်တွေမှာ လူတွေ ကျိတ်ကျိတ်တိုးစည်ကားနေတာကို တွေ့ရလေသည်။ ထိုးမုန့် ကြိုက်သည့် ကောင်မလေးကို သတိရမိပြန်ပါရောလား။





အချိုမကြိုက်ပေမယ့် မန္တလေးထိုးမုန့်နှင့် လက်ဖက်ကိုဖြင့် နှစ်ခြိုက်စွာ စားတတ်သည့် ရန်ကုန်သူလေးပါပဲ။ စမြင်ကာစက ခေတ်မီသည့် ခေတ်ဆန်သည့် ရန်ကုန်သူ။ Sport shirt နှင့် Quater pants ကို မချွတ်တမ်းဝတ်သလို မျက်နှာမှာ Colour စုံနှင့် မိန်း ကလေး၏အလှက ပူလောင်ခဲ့တာ အမှန်ပါ။

သို့သော် မမစိန့်ဝယ်လာသည့် သနပ်ခါးမွှေးမွှေးကို ပါးကွက် ကြားလေးလူးလျက် blouse အင်္ကျီနှင့် ချိတ်လုံချည်လေးဝတ်စဉ်မှာ ဖြင့် ရင်တစ်ခုလုံး အေးသွားစေတာလေ။ မြန်မာမိန်းကလေး၏ မူရင်း တန်ဖိုးက တစ်ကိုယ်လုံးပေါ်လွှင်စေခဲ့တာ မဟုတ်ပါလား။ စတွေ့တွေ့ ချင်း နောင်ကိုနိုင်ချဲ့ပြီး စကားများခဲ့ရသည့် သူနှင့်သူမက အဲဒီအချိန်မှာပဲ မှတိုးရှုန်းတန့်နှင့် ရင်ခုန်သံတွေဖြစ်တည်ခဲ့ရတာပါလေ။

"ဆွမ်းတော်ကပ်ဖို့လား မောင်လေး"

"ဪ . . . ဟုတ်ပါတယ် အစ်မ"

"ဒါဖြင့် ပုံးထဲကအသီးတွေပဲ ရွေးယူလိုက်လေ၊ ကောင်မ လေး မပါလာဘူးလား"

သူ ပြုံးရုံသာ ပြုံးလိုက်မိပါ၏။ ဒီဆိုင်မှာပဲ အသီးရွေးရင်း သူမနှင့် ကတောက်ကဆဖြစ်ခဲ့တာမို့ အမှတ်ရနေပုံပါပဲ၊ စက္ကူပုံးတွေထဲ မှ ဖော့စွပ်လေးတွေနှင့် သစ်သီးတွေကို သူရွေးယူလိုက်ပါ၏။ ငှက်ပျောသီး



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်သီး၊ စပျစ်သီး၊ မာလကာသီးနှင့် ဩဇာသီး ငါးမျိုးစုံပြီမို့ အတော်ပါပဲ။ သူမ နှစ်သက်သည့် သစ်သီးတွေပဲ ရွေးမိပြန်ချေပြီ။

သခွားမှည့်သီး၊ လိုင်ချီးသီး၊ ဥသျှစ်သီး၊ ထောပတ်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ သစ်ကြားသီး၊ နဂါးမောက်သီး၊ ဖရဲသီး၊ သဘော်သီးတို့ကို လုံးဝမကြိုက်ပါဘဲ ငှက်ပျောသီး၊ သစ်တော်သီး၊ စတော်ဘယ်ရီသီးနှင့် နာနတ်သီးတို့ကိုသာ ရွေးချယ်ကြိုက်နှစ်သက်သည့် ထူးထူးဆန်းဆန်း မိန်းကလေးပါ။ ထိုအကြိုက်တွေကို သူကိုယ်တိုင်သိခဲ့ပေမယ့် သူမ၏ အတွင်းစိတ်ကိုဖြင့် ဘာကြောင့် မသိခဲ့ရပါသလဲ။

"ရပြီ မောင်လေး ... ကျေးဇူးပဲ နောက်လည်း လာဝယ်ဦးနော်"

"ဟုတ်ကဲ့"

ကျသင့်ငွေကို ရှင်းကာ ဆိုင်ကယ်ပေါ်တက်ပြီး ထွက်ခဲ့ပါ၏။ မိုးရာသီမှာ မိုးရွာပေမယ့် မိုးစက်တွေကိုကြည့်ပြီး မင်းကိုလွမ်းနေတုန်းပါ။ ဆောင်းရာသီမှာ နှင်းကျတိုင်းလည်း အလွမ်းတွေက မပြေနိုင်ပါလေ။ နွေရာသီမှာ လေပူတွေ တိုက်တိုင်းလည်း ရင်ဘတ်ထဲက အလွမ်းရင့်ရင့်က တနင့်တပိုးနဲ့ ရှိနေဆဲပါ ပိုးရယ်။

"ကိုကို ... ဟာ မမြင်ဘူးလားဗျ"





ခပ်သဲ့သဲ့အော်ခေါ်သံကြောင့် စက်ရှိန်ကိုလျှော့ကာ နောက်သို့ လှည့်ကြည့်လိုက်မိပါ၏။ ရွေးတွေရွှဲနစ်နေပါသည့်ညီညီက သားရေဘောလုံးကိုပိုက်လျက် သူ့ထံ အပြေးရောက်လာလေသည်။ အားကစားလုပ်တဲ့ ဘောပွဲတောင်ပြီးပြီကော။ သူကဖြင့် အလုပ်ကပြန်တာတောင် ခုချိန်အထိ အိမ်မရောက်သေးပါလေ။

"လိုက်မလို့လား"

"အင်းပေါ့"

"ရွေးတွေနဲ့ကွာ"

"ဘာဖြစ်လဲဗျ ... ကိုယ့်ညီလေးကိုတောင်မှပဲ"

"ဘောလုံးကန်တာလည်း ကြည့်ကန်ဦး။ ဟိုတစ်ခါလို့ ခြေနောင့်အသားကျေနေဦးမယ်"

"တစ်ခါလေးဖြစ်တာပါဗျာ ... စိုးရိမ်ရန်ကော။ ဒါနဲ့ မမဆီကို ရန်ကုန်က ဖုန်းလာတယ်ဆိုလားပဲ"

"ဘာ"

"ရန်ကုန်ကပဲ ကြားတာနော်။ ဘယ်သူဆိုတာတော့ မသိဘူး"

ညီညီက သူ့ဆိုင်ကယ်ကို တက်ထိုင်လိုက်ပါ၏။ ရင်မောရပါလားနော်။ ဘာမှ မသေချာဘဲ ဒီသတင်းမျိုး ပြောရတာလို့။



www.burmeseclassic.com

www.burmeseclassic.com



ထက်တယ်ဆို ပိုးသာ ဆက်သွယ်ချင်ပါလျှင် သူ့ဖုန်းနံပါတ်ရော gmail account ကိုပါ ပေးထားတာပါလေ။ Facebook online ပေါ်မှာပဲ တွေ့မလား။ ဒါမှမဟုတ် ရိုးရိုး message ပို့ပြီး ပြောချင်လား အကုန်ဖြစ်နိုင်တာပါ။

ဒီလောက် ခေတ်မီတိုးတက်နေပါသည့် ခေတ်မှာမှ သူ့ချစ်သူလေးက စာမမြင် အသံမကြားနဲ့ သူ့ကို ဥပေက္ခာပြုထားရက်တာ ဘာကြောင့်ပါလဲ။ ရန်ကုန်သူ ရန်ကုန်သားတွေ လည်မှန်းပါးမှန်း သိခဲ့ပါလျက် ဒီရင်ဘတ်ထဲက အကောင်လက်သီးဆုပ်အရွယ်လေးက အဘယ့်ကြောင့် ခုန်ပေါက်ပျော်မြူးခဲ့ရတာပါလိမ့်။ သူကြုံမိသည့် ချစ်ခြင်းက ရင်မောခြင်းနှင့်သာ ဆက်နွယ်နေတာပါလေ။

"ဟော . . . သားတို့ ပြန်လာကြပြီ"

မေမေက သူ့လက်ထဲမှ သစ်သီးထုပ်တွေကိုယူလျက် ကြို လေ၏။ ဟိုဘက်ခြံမှ အိမ်ကို လှမ်းမျှော်ကြည့်မိပေမယ့် မမကို အရိပ် သော်မျှ မမြင်ရပါလေ။ ညီညီက ရေချိုးရန် အော်ဟစ်ဝင်ပြေးပြီး ချွေးတိတ်မှ ချိုးဖို့ မေမေ့သတိပေးသံက နောက်မှ ထွက်လာလေ သည်။

"ဘာလဲ . . . ရတို့ကို ရှာတာလား"

"မဟုတ်ပါဘူး"





"ဒီနှစ်တော့ စိမ့်တစ်ယောက်တည်းပဲ လာဖြစ်မယ် ထင် တယ်တဲ့။ ဟိုကလေးမက စင်္ကာပူမှာ ကျောင်းသွားတက်နေတယ် ပြောတာပဲ"

လူက အားမရှိတော့သည့်နှယ် စိတ်ဓာတ်ကျမိတော့လေ၏။ ရက်စက်ပ့ါ ကံကြမ္မာရယ်။ စာသင်နေလို့ မအားတောင်မှ တစ်လ တစ်ခါလေးပဲဖြစ်ဖြစ် (၁၀) မိနစ်လောက်လေး သတိတရ ဖုန်းခေါ် တော့ ဘာဖြစ်မှာမို့လို့လဲ။

အစစ ပြီးပြည့်စုံသည့် မိသားစုက ပေါက်ဖွားလာတာမို့ သာမန်အညတရဝန်ထမ်းလေးဖြစ်သည့်သူ့ကို ချစ်တမ်းကစားခဲ့ပါ သလား။ နှလုံးသားဆိုတာ အပိုမရှိတဲ့ ပစ္စည်းတစ်ခုဖြစ်ပါလျက် ဝေမျှ အသုံးပြုနိုင်သည့် လူတွေကို သူ အံ့ဩခဲ့တာအမှန်ပါ။

သို့သော် . . . သူ့ချစ်သူလေးကိုဖြင့် အသည်းကစားတတ် သည့် စုန်းမလေးလို မဖြစ်စေချင်တာအမှန်ပါလေ။ ပွေတယ်၊ ရှုပ်တယ်၊ ကျော်နာများတယ်ဆိုတာမျိုးက ယောကျာ်းလေးတွေပဲ ဖြစ်သင့်တာပါ။ မိန်းကလေးတွေက မဖြစ်သင့်ပါဘူး။ နာမည်ပျက်တာက ဘဝပျက်တာ ထက် ပိုပြီး အရေးကြီးတာမဟုတ်ပါလား။

ပိုးရယ် . . . ရေမြေခြားဝေးကွာနေချိန်မှာ ကိုယ်ဆိုတဲ့ ချစ်သူရအောင်ကို တစ်ချို့ကွယ် တစ်မယ်မေ့သလို မေ့လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာတွေ ဖြုန်းလိုက်တော့များလား။ နယ်မြေသစ်မှာ အချစ်သစ်နဲ့ လက်တွဲပျော်နေလို့ပဲ ကိုယ့်လို မန်းသားလေးကို သတိမရချင်တော့တာများလားတွေ့ယ်။ မန်းမြေမှနှစ်နှစ်တာချစ်သူရဲ့ ပျော်လင့်ချက်ကို ရေရှိန်မျောချပြီကော လွှမ်းဆိုမြဲရယ်။

❋ ❋ ❋



## အခန်း (၄)

ညီညီ့အော်သံကြောင့် မေမေ ခရီးကပြန်လာပြီမှန်း သိလိုက်[illegible] ဝိတ်ရက်မို့ ဖိမ်နှင့်နှပ်နေမိရာမှ ဆူဆူညံညံအသံကြောင့် လန့်နိုး[illegible]ပြီ။ မိသားစုစုံလျှင်ဖြင့် လပြည့်နေ့ ညနေခင်း ဘုရားသွားရန်[illegible]ငံ့တော့မှာလေ။ မေမေက အလိုက်တသိဖြင့် သူ့ကို လာမနိုးပါချေ။

"ဒေါက်! ဒေါက်!"

"ကိုကို"

တွေ့လား။ အဲဒီအငယ်ကောင်ကဖြင့် အစ်ကိုဖြစ်သူ နားရှင်[illegible]ရတာကို နားမလည်ပါလားနော်။ နောက်နေ့ကစပြီး ကျောင်းပြန်

www.burmeseclassic.com



တက်မှပဲ နားအေးရတော့မှာပါလေ။ တံခါးကို ဂျက်ထိုးပြီး မအိပ်တာမို့ တံခါးအသာတွန်းဖွင့်ကာ ဝင်လာပြီးမှန်း သိလိုက်ပါ၏။ ကလေးစိတ်သာ ရှိသေးတာမို့ ကလေးဆန်သည့်ဟန်တွေက ညီညီ့ထံမှာ ရှိနေသေးတာပါလေ။

"ကိုကို ... မထသေးဘူးလား။ ဖေဖေ ပြန်ရောက်နေပြီ"

"အင်း"

"လက်ဆောင်တွေ အများကြီးပါလာတယ် ကိုကိုရ ... ထတော့လေ"

သူ ဖက်အိပ်နေသည့် ဖက်လုံးကို အတင်းဆွဲယူနေတာမို့ မလွှတ်ဘဲ အတင်းပိုက်ထားလိုက်မိပါ၏။ ညီညီ ကျိတ်ရယ်လေပြီ။ ဒီချာတိတ်ကဖြင့် အစ်ကိုဖြစ်သူကို တစ်နေ့တစ်နေ့ စနောက်ရမှ စိတ်ကြည်လင်တဲ့သူလေ။ လက်ဖြင့်ပိုက်ထားရာမှ ခြေထောက်နှင့်ပါ ခွထားလိုက်ပါ၏။ ကဲ ... ဘယ်လိုလုပ်လို့ရမလဲ သက်ဝေအောင်။

"ဟာ ... မမိုးကိုလည်း ဒီလိုပဲ အတင်းဖက်ထားမှာလား"

"ဟော့ကောင်"

သူ ငေါက်ခနဲ ထထိုင်လိုက်မိတာမို့ ညီညီက တဟားဟားအော်ရယ်လေတော့၏။ လွှတ်ခနဲပြောတာလေးကိုတောင် သူ မခံနိုင်တာလေ။ အကဲပိုသည်ဟုဆိုဆို၊ ပိုးဆိုတာ သူ့ရဲ့မူပိုင် တစ်ဦးတည်း





သော ချစ်သူဖြစ်ခဲ့ရတာ မဟုတ်လား။ ညီညီ့ကိုယ်ပေါ်မှာဖြင့် တစ်ခါမှ မမြင်ဖူးသည့် sport shirt အနီလေးနှင့်ပါလေ။ အနီရောင်နှစ်သက်သည့် ကောင်မလေးကို သတိရအောင် လာဆွပြန်ပါရောလား။

"မိုက်လား"

"အေး ... မိုက်တယ်၊ မိုက်တယ်။ နောက်လည်းမြင်ရမှာကို လာကြွားနေသေး။ ဘယ်လိုကောင်မှန်းကို မသိဘူး"

"ကိုကို့အတွက် camera အသစ်လည်း ဖေဖေ ဝယ်လာတာဗျ။ ဝမ်းသာအောင်လည်း သတင်းပို့ရသေးတယ်၊ ကျေးဇူးမတင်ဘူး"

"ငါ့ off ရက် ရှားရှားပါးပါးလေးရတာလေ ညီညီရာ။ MD ရဲ့အမျိုးတွေ ရောက်လာရင်လည်း လိုက်ပို့ရတာနဲ့ နားရက်ရမှာ မဟုတ်ဘူး"

"ဘာလဲ ... ကိုကို့ကို Guide လုပ်ခိုင်းပြန်ပြီလား"

သူ ခေါင်းသာညိတ်ပြလိုက်ပါ၏။ အလုပ်ကိစ္စကို နားမလည်အမယ့် ညေ့်သည်တွေလိုက်ပို့ပေးရသည့်ကိစ္စကိုတော့ နားလည်တာပေါ့။ သူ ဆံပင်တွေ ထိုးဖွလိုက်စဉ် ညီညီ့မျက်နှာက ပြုံးစိစိဖြစ်နေသေး၏။ ဘာလဲ ဒီကောင် ဘာများတွေးနေပြန်ပါလိမ့်။

"ကိုကို"

"ဘာလဲ"

"စာမျက်နှာအသစ် ဖွင့်ချင်နေတာတောင် မဟုတ်လောက် ပါဘူးနော်"

"ဘာကွ"

"ပြောလို့မရဘူးလေ။ ဟိုကမေ့ထားတာနဲ့ အစားထိုးပြီး ရင်ခုန်ချင်ရင် ဘယ့်နှယ်လုပ်မလဲ။ အစစ်တော့ရမှာမဟုတ်ဘူးနော်"

"ညီညီ"

"Sorry ပါကိုကိုရာ။ ကိုကို့ကိုမြင်နေရတာ ရေခွေးရော ထားတဲ့ ကန့်စွန်းရွက်လိုဖြစ်နေလို့ ပျော်အောင်စတာပါ။ စိတ်မဆိုးပါ နဲ့"

"နဂိုကမှ senior တွေ ဝိုင်းပြောနေရတဲ့ကြားထဲ မင်းကပါ တစ်မျောင့်"

"ဒါဖြင့် ကောင်မလေး ပါလာဦးမယ်ပေါ့လေ"

"လာပြန်ပြီ"

"အိုး ... Photographer လင်းသူရရဲ့ အသစ် အသ သောအိပ်မက်တွေ မက်ခွင့်ရဦးမှာပါလား"

"ဒီကောင်တော့"

"ဟဲ့ ... ဟိုကလေးတွေ၊ နို့ရင်လည်း ဆင်းလာတော့လေ





ဘယ်လိုဖြစ်ပြီး မကြီးမငယ်နဲ့ ဆော့နေကြသလဲ"

မေမေ့အော်သံကြောင့် ညီညီက သူ့ကို လျှာထုတ်ပြကာ အခန်းထဲမှ ထွက်သွားလေတော့၏။ ကိုယ့်အဖြစ်က ဒီလိုပဲ လှောင်စရာ ဖြစ်နေတာပါ ပိုးရယ်။ အကြည့်ချင်းဆုံပြီး ရင်ခုန်ခွင့်ရခဲ့တဲ့ နေ့ရက်တွေ က ခုထိ မဟောင်းနွမ်းသေးဘဲ လတ်ဆတ်နေဆဲဆိုတာကို မင်း သိနိုင်ပါရဲ့လား။

ပျင်းနေလို့မဖြစ်တော့တာမို့ ခုတင်ထက်မှဆင်းကာ ရေချိုးရန် ပြင်ဆင်ရလေတော့၏။ အိမ်မှာ လူလေးယောက်သာရှိပေမယ့် ဖေဖေ က အိမ်ဆောက်စဉ်ကတည်းက အပေါ်ထပ်မှာ ရေချိုးခန်းနှင့် Toi-let တွဲလုပ်ပေးထားတာမို့ အဆင်ပြေကာ အောက်ထပ်မှာလည်း ရှိသည်။ ရေချိုးအဝတ်အစားလဲကာ ဆင်းလာတော့ ထမင်းစားခန်း မှာ စကားသံတွေကြားနေရလေ၏။ ဖေဖေဝယ်လာသည့်ပစ္စည်းတွေ က ဧည့်ခန်းမှာ တစ်ပြုံကြီးပါလေ။

"လာ ... သားကြီး ဒီနေ့ off လား"

"ဟုတ်ပါတယ် ဖေဖေ"

"အတော်ပဲ ... လပြည့်နေ့မို့ ညနေဘက် ဘုရားသွား ကြရအောင် အစ်ကို"

"အေးလေ ... သွားတာပေါ့။ သားကြီးအားရင် ပြီးတာပဲ"

www.burmeseclassic.com



"ဖေဖေ ... ကင်မရာဝယ်လာတယ်ဆို"

"အေး ... စျေးလည်း တော်တာနဲ့ ဝယ်လာပေးတာ။ မြဝတီဘက်ရောက်တာတောင် ဖေဖေ့သားအတွက် ဘာမှမပါလို့ ဘယ်ဖြစ်ပါ့မလဲ"

"အဲဒါ နောက်မှကြည့် ... အခု မနက်စာစားပါ"

မေမေ သတိပေးပြီမို့ ခုံမှာ ဝင်ထိုင်လိုက်ရပါ၏။ ဒီမနက်ကတော့ ထမင်းပူပူနှင့်ပဲပြုတ်ကို ဆီနှင့်ဆားဖြင့် ရောနယ်ထားသည့် မနက်စာပါပဲ။ ဖေဖေ ခရီးကပြန်လာတိုင်း ပိုက်ဆံပါလာတာမို့ မေမေတော့ ပျော်နေမည်သာ။ အိမ်မှာလည်း အသားဟင်း၊ ဆက်တော့မှာ အမှန်ပါပဲ။ စားလောက်ရုံသာ ချက်လေ့ရှိပြီး အပိုမသုံးတတ်သည့် မေမေက ချွေတာတတ်သလို ဟင်းချက်တော်သည့် အိမ်ရှင်မ တစ်ဦးပါ။

မိန်းမသဘာဝ နှုတ်မှ ပွစိပွစိပြောတတ်သည့် မေမေ့ကိုသည်းခံတတ်သည့် ဖေဖေက လူအေးပါ။ စကားကိုလည်း များများမပြောတတ်ဘဲ လိုရင်းသာ ခပ်တိုတိုပြောလေ့ရှိသလို တကယ်တမ်းအိမ်ကိုဦးစီးနေသည့် power ကိုဖြင့် ဖေဖေက မေမေ့လက်ထဲ လွှဲထားတာပင်။ အိမ်ကို ဖိတ်စာတွေလာတိုင်း ဦးလင်းအောင်ဟု မသုံးကြဘဲ ဒေါ်သီတာမိသားစုဟုသာ ခေါင်းစဉ်တပ်လေ့ရှိကြတာပါလေ။





"သားအလုပ်ရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့"

"အစ်ကိုသားက အလုပ်မှာ အသက်အငယ်ဆုံး၊ ရာထူးလည်း ငယ်တာမို့ လူရင်းဖြစ်ပြီး တာဝန်ယူရတာ သိပ်ကြီးတယ်"

"ဟုတ်လား သား ... အတော်ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး ဖေဖေရယ်"

"ဖေဖေ့သားက လူထက် စိတ်ကပိုပင်ပန်းနေတာ"

"ညီညီ"

အမေတူသားအငယ်က သွက်ပြီး အဖေတူသားအကြီးက လူအေးပါလေ။ ထို့ကြောင့်ပင် အိမ်မှာ ဖေဖေ့သား မေမေ့သားဆိုပြီး ခွဲခြားသုံးစွဲ ပြောဆိုလေ့ရှိပါသည်။

ညီညီ့ကို လှမ်းဟန့်လိုက်ပေမယ့် လူကြီးဖြစ်သည့်ဖေဖေက ပြုံးပေမယ့် သူ့ကို ဘာမှ မမေးပါချေ။

"ညနေ ဖေဖေ့ကားနဲ့သွားမှာလား"

"ဒါပေါ့"

"ဟေး! ... မြို့တစ်ပတ် လိမ့်ရချည်သေး"

"ဩော် ... မသွားဖူးတာကျနေတာပဲ"

"မိသားစုစုံညီ ဘယ်နှစ်ခါသွားရလို့လဲ မေမေရ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ"

"အပြန်မှာ အကင်ဆိုင် ဝင်စားမယ်နော်"

မေမေ့မျက်စောင်းက ရောက်လာလေ၏။ အပြင်လည်တာနဲ့ အပြင်စာ ဝယ်စားတိုင်း ငွေကုန်တာမျိုးကို မေမေ နှမြောတတ်တာပါ လေ။ သူက ဖေဖေနှင့်တူတာမို့ အတော် လက်ဖွာသည့်လူပါ။ ဒါကြောင့်လည်း လခကို မေမေ့ထံအကုန်အပ်ကာ တစ်ရက်သုံးစရိတ် ကိုသာ ပြန်တောင်းသုံးဖြစ်ပါ၏။ အလုပ်နှင့်ပတ်သက်သည့်ကိစ္စတွေ သုံးလျှင်ဖြင့် သူ့လက်ထဲမှာ လုပ်ငန်းငွေက အဆင်သင့်ရှိတတ်တာ လေ။

"ဖေဖေ ... တစ်ရေးလောက်အိပ်ဦးမယ်"

"ကြားလား သားငယ်၊ မဆူစေနဲ့ဦး။ ညီအစ်ကိုလေး နှ ယောက်ရှိပါတယ် အစ်ကိုဖြစ်သူကိုပဲ လိုက်စနေတယ်"

"ကိုကို့အသည်းက ဒဏ်ရာကို သက်သာစေချင်လို့ စော နဲ့ပါ မေမေရာ"

"ဟော့ကောင်! ... လာပြန်ပြီ"

"ကျောင်းအတူတက်ခဲ့တဲ့ ဟိုကလေးမကရော"

"ငြိမ်းဆုသာကိုပြောတာလား ဖေဖေ"

"အေး"





"ငြိမ်းက Asia World မှာ ဝင်လုပ်နေတာလေ ... ဘယ်တွေ့ပါတော့မလဲ"

"အဲဒီကလေးမလေးလည်း မဆိုးဘူး။ အနေအေးပြီး ထက် သား"

ညီညီမျက်နှာက ပြုံးဖြီးဖြီးဖြစ်သွားလေ၏။ သူငယ်ချင်းတွေ အိမ်ရောက်လာကြတာဖြစ်ပေမယ့် အုပ်စုထဲထဲမှာ မိန်းကလေးနှစ် ယောက်သာပါပြီး ခက်ခက် (ရင်ခက်ပန်း) က ယောကျ်ားဆန်ကာ ငြိမ်းက မိန်းမဆန်ပြီး ချစ်စဖွယ်ဖြစ်တာမို့ ထင်သာမြင်သာ ဖြစ်ခဲ့တာပါ။ သူငယ်ချင်းတွေ အကုန်တွဲပြီးစခဲ့သည့်အတွက် ငြိမ်းရောသူပါ ဘာမှ ပြန်မချေပဖြစ်ဘဲ ပြုံးရုံသာပြုံးခဲ့ကြတာပါလေ။

သူငယ်ချင်းတော့ သူငယ်ချင်းပေါ့နော်။ ရင်ထဲမှာ လှုပ်ခတ်ခဲ့ တာကိုတော့ ဝန်ခံချင်ပါရဲ့။ သို့သော် ဣန္ဒြေကြီးပါသည့် ငြိမ်းကိုဖြင့် သညာသာသညာဆိုပြီး မပြောဖြစ်ခဲ့ပါ။ Canteen ထိုင်တိုင်း နံဆွဲပေး တာ။ လက်ဖက်ရည်၊ မုန့် အအေးမှာပေးတာ။ ငြိမ်းသုံးနေကျ အသေး ဘီးရှည်း ဥပမာ–ချူခေါ်းလို့ Tissue လို စိစိလေးတွေကို အသုံးလို ရင်း ဝယ်ပေးတတ်တာတို့က သူနှင့်ငြိမ်းကြားက အမှတ်တရလေးတွေ ဖြစ်ခဲ့လေသည်။

"ဖေဖေကလည်း အနာကို ဆွနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . သတိရသွားလို့လား"

"ကိုကို သတိရနေတာက တစ်ယောက်ဗျ"

"ညီညီ"

"ကိုယ့်ကိုမေ့ထားတဲ့သူကို သတိရနေတာ ထားပါတော့ လွမ်းနေရင်တော့ မောရုံပဲရှိပေမပေါ့ သားကြီးရယ်"

"မဟုတ်ပါဘူး ဖေဖေရယ်"

ငြိမ်းဆန်သံက အားပျော့လှပါ၏။ ရင်မောရသည့်ဝေဒနာကို အဘယ်သို့သော သမားတော်က ကုသပေးနိုင်မှာတဲ့လဲ။ ဖေဖေ အနား ယူနေပြီမို့ ဆူရူညံညံ နေတတ်သည့်ညီညီက သူ့ငယ်ချင်းတွေရှိရာသို့ လစ်သွားလေပြီ။ သူက သူ့အတွက်ပါလာသည့် ပစ္စည်းထုပ်ကိုယူကာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ပါ၏။

ညနေခင်းနေအေးအေးမှာ ကားဖြင့် "မဟာလောကမာရဇိန် စေတီ" သို့ ထွက်လာကာ စိတ်အေးလက်အေး ဘုရားဖူးကြပါ၏ နှစ်ပေါင်း (၁၂၁) နှစ်ကျော် ကြာနေပြီဖြစ်သည့် ခရေပင်ကြီး၏အရိပ် အောက်မှာ သူ ခပ်ကြာကြာ ထိုင်နေမိလေသည်။ "ကုသိုလ်တော် မြတ်စွာဘုရား" မှာ ဆုတောင်းပြည့်မို့ အတော်ကြာအောင် ဆုအရှည် ကြီး တောင်းဖြစ်ခဲ့လေ၏။

ဘုရားအတူဖူးရင်း ဆုတွေ အတူတောင်းဖြစ်ခဲ့ပါလျက် ရ





တဲ့ ကုသိုလ်ကံတူနိုင်ပါရဲ့လား။ အလှူငွေထည့်သည့်ပုံးတိုင်း တိုက်ဆိုင် ကာ တူခဲ့တာမို့ အကြည့်ချင်းဆုံ အပြုံးချင်းဖလှယ်ခဲ့ကြသည့် ချစ်သူနှစ်ဦးအတွက် နီးစပ်ခွင့်ကို သနားသဖြင့် ပေးလှည့်ပါလား။ ဘုရားရိပ် တရားရိပ်ရဲ့ အာဝါသအောက်မှ ခဏတာမျှ အေးချမ်းနိုင် ပေမယ့် ရင်ထဲမှမီးကဖြင့် မငြိမ်းနိုင်သေးပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆိုင်ကယ်ကို ကုမ္ပဏီဝင်းထဲမှာရပ်ကာ သော့ဖြုတ်လိုက်ပြီး ဆိုင်ကယ်ဦးထုပ်ကိုပါ ချွတ်ကာ လက်ကိုင်မှာ ချိတ်ထားခဲ့ပါ[illegible] ကုမ္ပဏီထဲဝင်ကာ လှေကားမှ တက်ခဲ့ပါသည်။ ဒီနေ့မှ သူက se-nior တွေထက် နောက်ကျနေပါရောလား။ ရုံးခန်းထဲသို့ ဝင်လိုက်[illegible] ကိုအံ့က သူ့ကို MD ရုံးခန်းဆီသို့ မေးငေါ့ပြလိုက်လေ၏။

"ရောက်နေပြီလား"

"အေး"

လက်ထဲပါလာသည့် သူ့ပစ္စည်းတွေကို စားပွဲထက်မှာ[illegible]





တင်လိုက်ကာ MD ရုံးခန်းဘက် ဆက်လျှောက်ခဲ့ရပါသည်။ ရုံးချိန် မကျော်သေးတာမို့ ဆူစရာအကြောင်းတော့ မရှိသေးပါလေ။ ရုံးခန်း တံခါးကို နှစ်ချက်ခေါက်ပြီး ဖွင့်ဝင်တော့ MD က ဖုန်းပြောနေ ရင်း သူ့ကို လက်ယပ်ခေါ်ကာ ကားသော့လှမ်းပေးလိုက်ပါ၏။

ဘာမှန်းမသိပါဘဲ သော့တွဲကို သူယူလိုက်ရပါသည်။ ဘာလဲ driver လည်း မဟုတ်ပါဘဲ ဘယ့်နှယ် သူ့ကို ကားသော့အပ်နေတာပါ လိမ့်။ ဒီ Boss တော့ ပြဿနာပါလေ။ သူ မတ်တတ်သာရပ်ပြီး စောင့်နေမိလေ၏။

"အိမ်မှာ သွားဝင်ကြိုပြီး မြို့ပေါ်က ဘုရားတွေပဲ လိုက်ပို့ ပေးလိုက်ပါ။ ခေတ်ပုံလည်း ရိုက်ပေးဦးနော်၊ မမေ့နဲ့"

"ဗျာ!"

"ကျစ် . . . အန်တီလေးတို့သားအမိ ရောက်ပြီလေ။ ကြိုပြော ထားတာပဲကို မေ့နေပြီလား"

"အဲ"

"သွားတော့ . . . ဪ ကားကို Aircon လွှတ်ဦးနော်"

"ဟုတ်ကဲ့ပါ MD"

ဟိုက် ညည်းသည်က ရောက်တောင်နေပြီတဲ့လေ။ မြန်လိုက် တာနော်။ အလုပ်တွေပစ်ပြီး Guide လုပ်ရဦးမှာပါလား။ စားပွဲထက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖျှည်းတွေကို အံခွဲထဲသိမ်းကာ ကင်မရာကိုသာ သူယူလိုက်ရပါ၏။ သူနောက်မှ MD ပါ လိုက်လာလေသည်။

"Boss ပါ လိုက်မှာလား"

"မလိုက်ဘူး ... အားမှမအားတာကို။ ပေးဖို့မေ့တော့မလို့ ရော့ ... ပိုပိုလိုလို ယူသွား။ သော်သော်က မုန့်အရမ်းစားတယ်။ မတည့်စာတွေ၊ ဗိုက်ပူစာတွေ ဝယ်မကျွေးမိစေနဲ့"

"ကလေးမလေးလား"

"အေး"

MD လှမ်းပေးသည့် ငွေတစ်ထပ်ကို သူခေါက်ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်ရပါ၏။ နှစ်သိန်းလား သုံးသိန်းလားပင် မမှတ်မိပါ။ သူ့အိတ်ထဲမှာ ငွေက ငါးထောင်သာ ရှိတာပါလေ။ ကားဆီဖြည့်ရမှာလည်း လိုမှာမို့ များများပေးလိုက်ပုံပါပဲ။ အခုပဲ ရောက်ရသည့် ကုမ္ပဏီလှေကားထစ်တွေမှ သူ ပြေးဆင်းခဲ့ရတော့၏။

မနေ့ကပဲ ဘုရားရောက်ခဲ့တာ ဒီနေ့ ထပ်သွားရဦးမတဲ့။ မုန့်အရမ်းစားတဲ့ကလေးတဲ့။ သူကောင်မလေးကဖြင့် ဟိုဟာမစား ဒီဟာမကြိုက်နဲ့ အလွန်ဇီဇာကြောင်သည့် မိန်းကလေးပါ။ အင်း ... ပေါ့လေ ကလေးအရွယ်နဲ့ အရွယ်ရောက်တဲ့ အသက် (၂၀) ကျော် မိန်းကလေးက ဘယ်တူပါ့မလဲ။





ကားပါကင်မှာရပ်ထားသည့် Sorento ကားနီညိုရောင်တံခါးကို ဖွင့်စဉ် ဘုရားစာရေရွတ်လိုက်ရပါ၏။ သိန်း (၅၅၀) ကျော်တန်ကားကိုမှ သူ့လက်ထဲထည့်ပေးရတယ်လို့။ ယုံကြည်လို့အပ်တာက ပြဿနာမရှိ။ သူ တာဝန်ယူမောင်းစဉ်အတွင်း ကားရောလူပါ အန္တရာယ်မဖြစ်ဖို့သာ အရေးကြီးတာပါလေ။ မြို့တွင်းရှိ ဘုရားတွေပဲမို့ နေ့လယ်တစ်ပိုင်းပဲကြာမှာ မဟုတ်လား။

ကားကို ဝင်းထဲမှ အသာခပ်ဖြည်းဖြည်းမောင်းထွက်ခဲ့ပါ၏။

Boss နေတာက ကွန်ဒိုမို့ တိုက်ခန်းကို လှေကားမှတက်ရဦးမှာပါလေ။ တီးစွမရှိပါ။ သူ့ဌေးတွေသာနေနိုင်သည့် ကွန်ဒိုကြီးမို့ lift က အဆင်သင့်ရှိတာ မဟုတ်လား။ Platform ဘေးမှာကားရပ်ထားခဲ့ပြီး ကွန်ဒိုအောက်ထပ်မှ (၅) လွှာသို့ lift ဖြင့် တက်ခဲ့ရပါ၏။

Corrider မှာ ဆက်လျှောက်ခဲ့ရင်း နာရီကိုကြည့်တော့ မနက် (၉) နာရီထိုးနေလေပြီ။ နေပူတော့မှာပဲ။ ဒီလိုသာ ကြိုသိရင် မနက် (၇) နာရီလောက် စောစောလာခေါ်ပါတယ်။ ကလေးမလေးတော့ ပူလွန်းလို့ ဂျီကျောင် ကျတော့မယ်ထင်ပါရဲ့။ တိုက်ခန်းလူခေါ် Bell ကို နှိပ်လိုက်ပါ၏။ တံခါးက အနည်းငယ်ဟသွားပြီး အပြစ်ကင်းစင်လွန်းပါသည့် မျက်လုံးလေးနှစ်လုံးက ပေကလပ် ပေကလပ်ဖြင့် သူ့ကို အကဲခတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"MD လွှတ်လိုက်တာပါ ခင်ဗျာ"

"မာမီရေ . . . ဒရိုင်ဘာရောက်ပြီ"

သေစမ်း . . . သူ့ကို ဒရိုင်ဘာထင်ပြီး အတွင်းကို လှည့်အော် လိုက်ပါသည့် ကလေးမလေးက ပိစိလေးမှ မဟုတ်တာဘဲ။ သူစိတ် ထင် ညီညီအရွယ်ဟု ထင်ထားသော်ငြား ယခုမြင်နေရသည်က (၁၇) (၁၈) အရွယ် ဖြစ်နေတာပါလော။ MD ပြောတော့ ကလေးဆိုပြီ အခုတော့ မျက်လုံးပြူးရပါရောလား လင်းသူရအောင်။

ဒရိုင်ဘာတဲ့။ မှန်တာပါပဲ။ အခုလာတာလည်း ဒရိုင်ဘာလု ပြီး Passenger ကို နေရာစုံလိုက်ပို့ရမှာကိုး။ ကောင်မလေး တံခါးပြန်ပိတ်ကာ ပျောက်သွားလေ၏။ လူကြီးတွေမှာထားတာ သူ့စိမ်းကို အရမ်းဝင်ခွင့်မပေးရဲပုံပါလော။ ခဏအကြာ တံခါးက ပြန်ပွ သွားသလို မျက်မှန်တပ်ထားပါသည့် အန်တီတစ်ယောက် ဖြစ်နေလေ သည်။

"ဟဲ့!. . . ဒရိုင်ဘာကလည်း ငယ်ငယ်လေးပါလား။ ဝင်ခဲ့ သားရဲ့"

"ဟုတ်ကဲ့ခင်ဗျ"

"မိသော် . . . မြန်မြန်လုပ်၊ နေပူတော့မယ်၊ ခဏ





ထိုင်စောင့်ဦးနော်"

"ဟုတ်ကဲ့"

ဧည့်ခန်းဆက်တီမှာ ခဏဝင်ထိုင်လိုက်ရပါ၏။ အိပ်ခန်းထဲ ဝင်သွားသည့် ကလေးမက တော်တော်နှင့် မပေါ်လာပါချေ။ စောင့်ရ မှာပေါ့လေ။ ပိုးနဲ့ စတွေ့စဉ်ကလည်း ဟိုတယ်မှာ အတော်ကြာ သွားပြီးစောင့်ခဲ့ရတာမဟုတ်ပါလား။ အဲဒီတုန်းကတော့ စိတ်တွေ အရမ်းလှုပ်ရှားနေပြီး ရင်တွေ တဒိုင်းဒိုင်း အခုန်မြန်ခဲ့တဲ့ ကာလပါ လေ။

"ဟဲ့! . . . ဩော် . . . ပူပါတယ်ဆိုမှ ဘယ့်နှယ် အနီရောင် ကြီး ဝတ်ရတာလဲ။ သွားပြန်လဲ မိသော်၊ အပူပြန်နိုင်တဲ့ အဖြူတို့၊ အဝါတို့၊ အပြာရောင်နုနုလေးတွေ ရွေးဝတ်စမ်း"

"မာမီကလည်းလေ . . . သော်က အနီပဲကြိုက်တာကို"

"ပြောရင် နားထောင်စမ်း မိသော်၊ ငါ သိပ်မပြောချင်ဘူး နော်။ လဲဆို အခုလဲ၊ မလဲရင် ငါနဲ့မလိုက်နဲ့၊ ဒါပဲ!"

ကောင်မလေးမျက်နှာက ရှုပ်သွားလေ၏။ ပိုးနှင့်ဆုံစဉ်က လည်း မမစိမ့်နှင့် ဒီလိုပဲ စကားများခဲ့တာမို့ သတိရပြီး သူပြုံးမိစဉ် ကောင်မလေး၏မျက်စောင်းက သူ့ထံရောက်လာလေသည်။ ရော် . . . တွေ့တာပဲ။ ကိုယ့်ဘာသာပြုံးမိတာတောင်မှ ခွင့်တောင်းရမလို



www.burmeseclassic.com

www.burmeseclassic.com



ပါဝဲလားနော်။

ခဏအကြာမှာ Blouse အဖြူပွပွနှင့် style pants အဖြူ ဝတ်ကာ ထွက်လာပြန်လေ၏။ ပြီးနောက် အထဲပြန်ဝင်ကာ ဦးထုပ် ဆောင်းလျက် ပြန်ထွက်လာပြန်လေသည်။ အမေကို အရွဲ့တိုက်ပြီး ဖုန်ပေမယ့်အရောင် တမင်ဝတ်ပြမှန်း သူ့အလိုလို သိနေပါ၏။ ကားဖြင့် သွားရမှာမို့ သိပ်တော့ ညစ်ပေမည်မထင်ပါချေ။

"ပြီးပြီလား"

"ဟုတ်"

"နောက်မှ ဘာကျန်ခဲ့လို့ ညာကျန်ခဲ့လို့ ဆိုပြီး ပြဿနာမရှာ နဲ့ဦးနော်"

"အဲ! ... ဟုတ်သားပဲ၊ ဖုန်းကျန်ခဲ့တော့မလို့"

"တွေ့လား ... အဲဒီကလေးတစ်ယောက်ဟာလေ ပြောကို မပြောချင်ဘူး"

သူ မပြုံးဘဲ မနေနိုင်ပါလေ။ နောက်ကနေ သတိပေးပြီး လိုက်ပြောတဲ့ညီညီ့ကိုပါ အမှတ်ရမိတာကိုး။ သူလည်း ထိုသို့ပင် စိတ်လောကြီးပြီး အမြဲ မေ့တတ်လာတာ မဟုတ်လား။ မမေ့နိုင်တာ ဆို၍ တစ်ဦးတည်းသော ပိုးသာရှိခဲ့တာပါလေ။ ကောင်မလေးက ပြုံးပြုံးပြပြဖြင့် ထွက်လာလေ၏။





စလွယ်သိုင်းထားသည့် သားရေအနက်ရောင်အိတ်လေးနှင့် အတော့်ကို ငယ်နုနေပါသည့် ပုံစံလေးပါလေ။

"နာမည် ဘယ်လိုခေါ်လဲ"

"ဗျာ! ... ကျွန်တော်လား"

"အင်းပေါ့"

"လင်းသူရအောင်ပါ"

"ဟွန်း ... နာမည်ကလည်း တင်စီးလိုက်တာနော်"

"ဟဲ့! ... ကိုယ့်ထက်အကြီးကို မရိုမသေနဲ့"

"ဒရိုင်ဘာက ဒရိုင်ဘာပဲပေါ့ မာမီရဲ့။ ငါ့ကို မမလေးလို့ ခေါ်ရမယ် သိလား"

"ဩော် ... ဒီလောက်ပြောနေတဲ့ကြားက မိသော်ကတော့ လေ"

ကဲ ... ညီညီသာမြင်လျှင်ဖြင့် သူ့ကို Drama series အသစ်ရိုက်နေပြီဟု ပြောမှာအသေအချာပါလေ။ မာနကြီးပြီး အဆင့် အတန်း ခွဲချင်ဟန်ဖြင့် လေကြီးမိုးကြီးပြောနေသည့် မိန်းကလေးက စိတ်ရှ အမြင်ကတ်စရာမဖြစ်ပါဘဲ ခပ်ဆိုးဆိုး ညီမလေးနှယ် အပြစ်ကင်း နေတော့ ခက်သားလား။

"သားကို, ဘုန်းမြတ် ဘာပြောလိုက်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ မြို့ပေါ်ကဘုရားတွေနဲ့နန်းတော်ကို လိုက်ပို့ပေးဖို့ မှာလိုက်ပါတယ်"

"အဲဒီကိုကြီးကတော့ ကောင်းကိုမကောင်းဘူး။ သူ့ဆီ တစ်ခါတလေလေး လာလည်တာကို ဖြစ်ကတတ်ဆန်းပဲ"

"သူမှ မအားတာကို သမီးရယ်။ မဟုတ်တာ ဂျီမတိုက်နဲ့စမ်း"

"ကားကို ဖြည်းဖြည်းမောင်းနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ကားပေါ်တက်စဉ် ဆရာလုပ်လိုက်ဖိသည့် ကောင်မလေး ပါပဲ။ ကိုအံ့တို့သာမြင်လျှင် နှာခေါင်းရှုံ့ကြမလား မသိပါ။ လူကို အဆင်အတန်းခွဲကာ ခပ်နှိမ်နှိမ်ပြောဆိုနေတာကို MD သိလျှင် ဘာများပြောမည်နည်း။ သူတို့ Boss က ဝန်ထမ်းတွေနှင့် တရင်းတနှီးရှိကာ ပြောဆိုဆက်ဆံတတ်ပြီး သဘောကောင်းလွန်းသည့် သူဌေးတစ်ဦးပါလေ။

"ဘယ်ကိုအရင်သွားမှာလဲ"

"မဟာလောကမာရဇိန်စေတီပါ အန်ကယ်။ ပြီးရင် . . . ရွှေဘုံဘုရား သွားမယ်။ အဲဒီဘုရားဖူးပြီးမှ မန္တလေးတောင် တက်ကြမယ်လေ။

ပြီးရင် . . . ရွှေကျောင်းနဲ့ နန်းတော်ထဲဝင်ပြီးမှ ပြန်ပို့ပေးမှာပါ"

"အေးလေ . . . သားကနယ်ခံဆိုတော့ စီစဉ်ပြီးပို့ပေးပေါ့။ အဆင်ပြေပါတယ်"

"ထမင်းက ဘယ်အချိန်စားရမှာလဲ"

"မမလေး ဆာတဲ့အချိန်ပြောပါ။ ကောင်းတဲ့ဆိုင်မှာ ရပ်ပေးမယ်"

"ဒီမှာ ဈေးသိပ်ကြီးတယ်ဆို"

ဟော! တူပြန်ပါပြီ။ သူမနှုတ်စတွေ့စဉ်ကလည်း ဒီလိုပဲ မေးခဲ့တာပါ။ ဘာလို့များ ရန်ကုန်သူတွေက စိတ်ခတ်တူကြတာပါလိမ့်။ Boss မှာထားသည့်အတိုင်း ကားထဲမှာ Aircon ဖွင့်ပေးစဉ် ကောင်မလေး၏မျက်နှာထက် အပြုံးက လှစ်ခနဲ ပေါ်လာတော့၏။

"ကိုကြီးက သော့ကို မုန့်ဖိုးလည်းမထားခဲ့ပေးဘူး"

"မမလေးစားချင်တာ ရှိရင်ပြောပါ ကျွန်တော့်ကို MD အသုံးစရိတ် လုံလုံလောက်လောက် ပေးလိုက်ပါတယ်"

"ကြည့်စမ်း . . . ကိုကြီးက သူ့စိမ်းကို ယုံကြည်လွန်းလိုက်တာ"

"သော်တာ"







www.burmeseclassic.com

www.burmeseclassic.com



အန်တီက သတိပေးသည့်နှယ် ဝင်ဟန့်လိုက်လေ၏။ ယုံသတဲ့လား။ ဒီလောက် သိန်း (၅၀၀) ကျော်တန်တဲ့ကားကိုတောင် လက်ထဲထည့်ပေးလိုက်တာ ဒီငွေ နှစ်သိန်း သုံးသိန်းလောက်က ဘာများ ပြောစရာရှိပါ့မလဲလေ။

❋ ❋ ❋



## အခန်း (၆)

ကားကို ဘုရားမုခ်ဝရှေ့ ကားပါကင်နေရာမှာ ရပ်လိုက်ပါ၏။ Dashboard ပေါ်တင်ထားသည့် ကင်မရာနှင့် ပိုက်ဆံအိတ်ကို ယူကာ တားဝံခါးဖွင့်ပေးလိုက်ပြီး သော့ပိတ်ခဲ့ပါ၏။ ဘုရားဖူးရောသီမဟုတ်တာ နှို့ ညေ့သည်အတော်ရှင်းနေလေသည်။

"ပန်းလှူမယ်ဆို့ဝယ်လိုက်ပါ အန်တီ။ ကျွန်တော် ရှင်းပေးမယ်"

"မဟုတ်တာ သားရယ် ... အန်တီ့တာသာ အန်တီ ရှင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"Boss မှာလိုက်လို့ပါ အန်တီ။ အလှူငွေ ထည့်ချင်ရင်သာ အန်တို့ငွေကိုသုံးပါခင်ဗျာ"

"အေး အေး . . . ပြီးရော"

"ဟယ် . . . ကြာပန်းကြီးတွေတော့ လှလိုက်တာ"

ကလေးတစ်ယောက်နှယ် စန်းသော်တာ ရေရွတ်လေ၏။ ရန်ကုန်မှာမရသည့်ပန်းမို့ ပိုးလည်း ထိုလိုပင် တအံ့တသြ ရေရွတ်ခဲ့တာပါလေ။ သားအမိနှစ်ဦးအတွက် ပန်းစည်းနှစ်စည်း ရွေးဝယ်ကာ သူ ပေးလိုက်ပါ၏။ ကောင်မလေးက လှေကားထစ်တွေပေါ် ပြေးတက် လိုက်လေသည်။

"ဖြည်းဖြည်းတက်လေ . . . ချော်လဲတော့မှာပဲ။ ဒီကလေးက တော့"

အန်တီနှင့်သူက ခြေလှမ်းမှန်မှန်ဖြင့် အနောက်မှ လိုက်လာခဲ့ ပါ၏။ စောင်းတန်းတစ်လျှောက် စိမ်းပြာရောင်ကြွေပြားများ ခင်းထား တာမို့ အတော်လေး အေးနေလေသည်။ သစ်သားတံခါးကြီးတွေ ရှိ သည့်နေရာမှာ စန်းသော်တာက ခြေလှမ်းရပ်သွားလေ၏။ မထိရ မကိုင်ရ ရေးထားပေမယ့် ကလေးနှယ် သွားကိုင်ပြန်လေသည်။ ခက် တော့တာပဲ။

"လှလိုက်တာ ဓာတ်ပုံရိုက်ပေးနော်"





"ဟယ် . . . ဘုရားဖူးပြီးမှ အေးအေးဆေးဆေးရိုက်ပါ မီးသော်ရယ်။ ကလေးလည်းမဟုတ်ဘဲ ပြောနေရတာပဲ"

"မာမီကလည်းလေ သော်လုပ်ချင်တာတွေကို အမြဲတမ်း တားနေတာပဲ။ ခရီးထွက်လာတာ ပျော်ချင်လို့ပါဆိုနေမှ"

"ပျော်ပါ . . . မပျော်နဲ့လို့ မာမီက ပြောနေလို့လား"

"ဒရိုင်ဘာ . . . ရိုက်ပေးမယ် မဟုတ်လား"

"ခေါ်ပြန်ပြီလား အဲဒီလို။ အစ်ကိုဖြင့်အစ်ကို နာမည်တပ်ပြီး ခေါ်လေ"

"အာ . . . သော့်ကိုကိုမှမဟုတ်တာ ခေါ်ချင်ပါဘူး"

လက်ထဲပါလာသည့်ပန်းတို့ကို သူမလက်ထဲ ကမ်းပေးလိုက် ၏။ ဘုရားဓာတ်ပြုရှိခိုးစဉ် နှုတ်မှ ပွစိပွစိရေရွတ်နေသေးသဖြင့် သူ ပြန်ပါသည်။ ပိုးလာတုန်းကလည်း ဘုရားရှိခိုးတာ အတော် လေး ကြာတာကို သိခဲ့ရတာပါလေ။ သူက ဘုရားရှိခိုး ဦးသုံးကြိမ် ချ ပြီးတော့ပြီး မျက်စိစုံမှိတ်လျက် ခပ်တိုတိုပြတ်ပြတ်သာ ဆုတောင်း လိုက်ပါ၏။

အချိန်မှ မရှိတာကိုး။ လေးငါးနေရာလိုက်ပို့ရမှာမို့ မြန်မြန် ရမှာလေ။ ဘုရားရှိခိုးနေသည့် သားအမိကို ဓာတ်ပုံရိုက်လိုက်ပါ သည်။ ဘေးမှရော အနောက်မှပါ ရိုက်ပေးနေစဉ် သူမက သူ့ကို

www.burmeseclassic.com



လှည့်ကြည့်လိုက်ပါ၏။

"ပန်းကပ်ပေးမှာလားဟင်"

"ရတယ်လေ . . . အန်တီပြီးမှ အတူကပ်ပေးမယ်လေ"

"အခု ရိုက်ပေးပါလား"

"ဓာတ်ပုံလား"

"အင်း"

"လာလေ"

ကောင်မလေးက ဒူးထောက်ကာ မတ်တတ်ရပ်လိုက်လေ၏။ MD ရဲ့ညီမဝမ်းကွဲမို့ ပိုးလိုပါပဲ။ ခေတ်မီတဲ့ရုန်းကန်သူတွေနဲ့ပဲ သူက တွေ့ရတယ်လို့။ ကုမ္ပဏီမှာ ကိုအံ့တို့ ကိုဇော်တို့ စပြီးနောက်ခဲ့ကြတဲ့ ကိစ္စကြောင့် Boss ကို မျက်နှာပူရတာအမှန်ပါ။ ညီမလေးအရွယ်နဲ့ သူ့ကို တွဲစရာလား။ ပိုးနဲ့ ချစ်သူဖြစ်ခွင့်ရခဲ့တာနဲ့မှ မသက်ဆိုင်တာ လေ။ ပြီးတော့ ပိုးက မမသူငယ်ချင်းရဲ့ ညီမလေးမဟုတ်လား။

"Post ဘယ်လိုပေးရမလဲ"

"ဘုရားပေါ်မှာရိုက်တာ မလိုဘူးလေ"

ကောင်မလေးက ရှုပုပ်ပုပ်မျက်နှာထားလေး ဖြစ်သွားတာကို သူ မရယ်မိအောင် ထိန်းထားရပါ၏။ လှချင်တာထက် ပဲများတာက ပိုများ သာနေသလိုပါပဲ။ အလွမ်းတွေက မပျယ်ပါပဲ ပိုပြီး လွမ်းစေ





နေသလိုပါပဲ ပိုးရယ်။ ရင်ခုန်စေတဲ့ အပြုံးချိုချိုလေးနဲ့အတူ နှလုံးသားကို ဖှာ်နှိုးရိုက်ခတ်စေတဲ့ အကြည့်နက်နက်လေးတွေရဲ့ ပုံရိပ်က အခုချိန် အထိ ရှင်သန်နေတုန်းပါပဲ။

မုန်းတယ်ဆိုတဲ့ အရိပ်အယောင်လေးကိုလည်းမပြ၊ မေ့လိုက် ပါဆိုသည့် စကားတစ်ခွန်းကိုလည်းမပြောပါဘဲ ဒီတိုင်းချည်း ပူတယ် ဆိုတဲ့မြေမှာ ချန်ရစ်ခဲ့ရတယ်လို့။ ခုတော့ နီးနီးလေးလာလို့ရတဲ့ မြေက နေ လိုက်လို့မမီနိုင်တဲ့ နယ်မြေရပ်ခြားအထိ ပြေးသွားသတဲ့လား။ ပန်းမကြိုက်တဲ့ မိန်းကလေးရဲ့ခေါင်းထက်မှာ ပန်ဆင်ပေးခဲ့တဲ့ ဒီတောက်တစ်ခက်ရဲ့ ရာဇဝင်က စာမျက်နှာထက်မှာသာ ကျန်ရစ်ခဲ့ပြီ လား။ ဩော် ပိုးရယ်။

"ဒရိုင်ဘာ"

"ဟဲ့! . . . ခေါ်ပြန်ပြီလား မိသော်"

အနားသို့ရောက်လာသည့် အန်တီကြောင့် အတွေးစပျက် လေ၏။ သက်တမ်း နှစ်ပေါင်း (၁၂၁) နှစ်ကျော်ပြီ ဖြစ်သည့် ခရေပင် ကြီး၏ အုတ်ဘောင်မှာထိုင်ကာ ခရေပင်ကြီးကို နောက်ခံထားကာ ရိုက်တာ၊ သစ်တံခါးကြီးရှေ့မှာ ကျောက်စာတိုင်များရှိသည့် အုတ်ဖြူ ဆောင်ရှေ့မှာ မီးခိုးရောင်ဖျော့ဖျော့ ကြွေပြားခင်းစကြံလမ်းပေါ်မှာ တော်တော်လေး ဓာတ်ပုံရိုက်ဖြစ်ပါ၏။ အန်တီလိုချင်သည်ဆိုရင် စေတီ



www.burmeseclassic.com

www.burmeseclassic.com



တည်ရာ ပုံစံငယ်ကိုပါ မှတ်မှတ်ရရ ဓာတ်ပုံရိုက်ပေးရပြန်လေ၏။

ပြီးတော့မှ မန္တလေးတောင်ပေါ်ရှိ "ဆုတောင်းပြည့်စေတီ တော်" ဖူးမျှော်ရန် ထွက်ခဲ့ကြပါသည်။ တောင်ပေါ်သို့ ကွေ့တက်ရ ကတည်းက စန်းသော်တာ၏ အလန့်တကြား ရေရွတ်သံက ပိုနွယ် လေ။ ဘာလို့များ အမြင့်ကြောက်တဲ့အကျင့်က လာတွေ့နေရတာပါလိ တောင်ပေါ်မှ ရှုခင်းတွေလှလှ မြင်ကွင်းတွေကို သဘောကျပြီး လက်ညှိုး ထိုးပြကာ ပျော်နေသည့်မိန်းကလေး။ 'မြွေကြီးနှစ်ကောင်ဘုရား' မှ တော်တော်ကြာအောင် ဘုရားကန်တော့ ဆုတောင်းလေ၏။

အလှူငွေထည့်ပြီးတိုင်း ဓာတ်ပုံရိုက်ရတော့မယ်ဆိုပြီး ပျော် နေပုံက တကယ့်ကလေးလေးအတိုင်းပါ။ ဟိုဘုရားမှာ လူနည်းပေ မယ့် ဒီဘုရားမှာဖြင့် လူတွေက အတော်များလေ၏။ စက်လှေကားဖြ တက်စဉ် ရန်ကုန်ရှိ Plaza တွေမှာ ဒါမျိုးအများကြီးဟုကြွားပုံက ရန်ကုန်သူပီသကြောင်း ပြနေသည့်နှယ်ပါ။

ကျွန်စစ်သားခြေရာနှင့် လှံစိုက်ရာနေရာကို ခြိဝင်းခတ်ထား တာမို့ ဒီတိုင်း အပေါ်စီးမှသာ ဓာတ်ပုံရိုက်ဖြစ်လေ၏။ လူပုံတွဲမရိုက် သလို စိတ်တိုင်းမကျတာမို့ ကောင်မလေးမျက်နှာက ခပ်မှုန်မှုန်ရယ်ပါ နန်းတော်ရောက်မှ အများကြီးရိုက်ပေးမည်ဟု နှစ်သိမ့်ကာ တောင် ပေါ်ထက်မှ ဆင်းလာခဲ့ပါသည်။





မနက်စာစားပြီးပြီမို့ နေ့လယ်စာစားရန် အသိပေးပေးမယ့် စန်းသော်တာက ထူးဆန်းစွာ မဆာဟုပြောသဖြင့် အအေးဆိုင်သာ ထိုင်ဖြစ်ခဲ့ပါသည်။ အဲဒီနောက် 'မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး' ၏ မုခ်ဝရှေ့မှာ အုတ်လှေကားမှတက်စဉ် အပေါက် ဝမှာ အနည်းငယ် ဓာတ်ပုံရိုက်ပြီး 'ရွှေကျောင်း' မှာ ရှေးဟောင်း သစ်သားကျောင်းမှ ကနုတ်လက်ရာတို့ကို သဘောကျလျက် ထိုင်တာ တစ်မျိုး မတ်တတ်ရပ်ကာတစ်မျိုးဖြင့် ဓာတ်ပုံရိုက်ပေးရပါသည်။

နန်းတော်ရှိရာ ကျုံးကိုပတ်စဉ် သကြၤန်ရိုးနှံခါ ဒီနားမှာ သကြၤန် မဏ္ဍပ်စင်ဆောက်ရတာကို ရှင်းပြရပြန်ပါ၏။ ဘာပဲမြင်မြင် အထူး အဆန်းဖြင့် နှုတ်ခမ်းလေးဟကာ လက်ညှိုးတထိုးထိုးဖြင့် မေးမြန်း တတ်သည့် သမီးဖြစ်သူကို စပ်စုလွန်း၍ အမေဖြစ်သူပင် ပြောမနိုင်ပါ လေ။ စစ်ဆေးရေးဂိတ်မှာ ဝန်ထမ်းကတ်ပြကာ ခွင့်တောင်းပြီးမှ နန်းတော်တွင်းသို့ ဝင်ရလေ၏။ အပြင်ဘက်ကျုံးဘောင်ပေါ်မှာ ထိုင် လျက် ဟက်ဟက်ပက်ပက်ရယ်သည့် ကောင်မလေး၏ဟန်ပန်က ပေါ့ပေါ့ပါးပါးပါပဲ။

အပြင်ပြန်ရောက်လျှင် အလုပ်ထားသည့် အမြောက်ကြီးရှေ့ မှာ ဓာတ်ပုံရိုက်ပေးရန် သူ့အနားကပ်ကာ တိုးတိုးပြောတာမို့ ပြုံးမိ ပြန်လေ၏။ ဒီအရွယ်မှာ လူမသိအောင် နိုးလုပ်ကျင့်ရှိကြတာသည်း



www.burmeseclassic.com

www.burmeseclassic.com



မှန်နေပြန်လေသည်။ နန်းတော်ရှေ့သစ်သားလှေကား၊ နန်းတော်တံခါး ရှေ့၊ နန်းတော်မြေကွက်လပ်၊ မင်းတုန်းမင်းပလ္လင်ရှေ့၊ နန်းမျှော်စင်ရှေ့ နန်းတွင်းကျောက်တိုင်လုံး စသဖြင့် နေရာလပ်မကျန်အောင် နောက်ခံ ပြုကာ သားအမိနှစ်ယောက်ကို ဓာတ်ပုံရိုက်ပေးရလေသည်။

နန်းတော်ထဲမှာပင် နေရာစုံအောင် လှည့်လည်ကာ လေ့လာ ဖြစ်လေ၏။ 'မြနန်းစံကျော် ရွှေနန်းတော်' နှင့် မန္တလေးကျုံးက ဒီမြို့မှာသာရှိပြီး ဘယ်မှာမှမရှိတာမို့ လေ့လာသည့် နိုင်ငံခြားသားတွေ ကအစ များပြားလှနံးတာပါလေ။ ခရီးသွားရာသီဖြစ်သည့် နွေရောက် တိုင်း အင်းဝစစ်ကိုင်းဘက်ကအစ foreigner တွေ တစ်ပြုံကြီး ရောက်လာတတ်တာပါ။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ကြီး၊ အင်းလေး၊ မုံရွာရှိ အလောင်းတော်ကဿပဘုရား စသည်တို့ပြီးလျှင် ပုဂံညောင်ဦးခရီးစဉ်တို့က နှစ်စဉ်နှစ်တိုင်း ပြည်တွင်းရော ပြည်ပခရီး သည်တို့၏ ဦးတည်လှည့်လည်လေ့လာရာ ခရီးစဉ်တို့ပင် ဖြစ်ပါ၏။

"မောလိုက်တာနော်"

"ထမင်းမှမစားတာကိုး။ ဆာလို့မောတာပေါ့"

"ပြီးရင် . . . ဘယ်ထပ်သွားကြမှာလဲဟင်"

"တော်ပြီလေ . . . နားတာပေါ့။ နောက်နေ့မှ အင်းဝဘက် သွားရင်း ရွှေကြက်ကျဘုရား ဝင်ပို့ပေးမယ်"



"အင်းဝလား။ စစ်ကိုင်းလားသား"

"သြော် . . . စစ်ကိုင်းမှာပါ အန်တီ။ အင်းဝက ဒုဌဝတီမြစ်ကို ဝတ်ပြီး မြင်းလှည်းနဲ့သွားရမှာပါ"

"ဟယ် . . . မြင်းလှည်းစီးရမှာလား"

"ဒါပေါ့ . . . မြင်းလှည်းမစီးချင်ရင် ဆိုင်ကယ်ငှားပေးမယ်"

"ဆိုင်ကယ်မစီးချင်ပါဘူး"

နှာခေါင်းရှုံ့ပြောလိုက်သည့် စန်းသော်တာကြောင့် သူ ပြုံးမိ ပြီ၏။ ထမင်းစားချိန်လွန်နေပြီမို့ တိုက်ခန်းမပြန်ခင် ဆာပြီပြောသဖြင့် စားသောက်ဆိုင်သို့ ခေါ်ခဲ့ရပါသည်။ ထမင်းပေါင်းနှင့်ခေါက်ဆွဲကြော် မှာကာ သူက ဆီချက်ခေါက်ဆွဲမှာစားဖြစ်လေ၏။

လမ်းမှာ ပေါင်မုန့်၊ ကိတ်၊ ဗီကေ အစုံမှာကာ ဝယ်ကျွေးခဲ့ သလို အအေးမျိုးစုံ ဘူးနှင့်ပုလင်းတို့က ကားပေါ်မှာရှိနေသေးတာပါ လေ။ ဒီလောက်အများကြီး စားနေသောက်နေမှတော့ ထမင်းစားဖြစ်ပါ တော့မလား။ သွားရေစာချည်း မက်မက်မောမောစားသည့် ကောင်မ လေး၏ တစ်နေ့စာမုန့်ဖိုးကဖြင့် မျက်ခုံးလှုပ်စရာပါပဲ။

"ဒရိုင်ဘာ"

"ကြည့်"

"ရပါတယ် အန်တီ . . . သူခေါ်တတ်သလိုခေါ်ပါစေဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါဘူး''

''မေစရာရှိလို့ပါ မာမိရဲ့''

''ဟယ် ... တစ်နေ့ကုန် လိုက်ပို့ပေးရ ရှင်းပြရနဲ့ မော

တာကို နည်းနည်းလေးမှ အားမနာဘူး။ ဘယ်လိုကလေးလဲ''

''ဘာမေးမလို့လဲ မေလေ''

''ဟိုလေ ... ကိုကြီးကုမ္ပဏီမှာ လုပ်တာလားလို့ပါ''

''အင်း''

''ကားပဲ မောင်းတာလား။ ခတ်ပုံလည်း ကောင်းကော

ရိုက်တတ်လို့ မေးတာပါ''

''ဘယ်လိုပြောရမလဲ၊ ကားမောင်းတာ ကျွန်တော့်အလု

မဟုတ်ဘူးခင်ဗျ။ ရုံးမှာလုပ်ရတဲ့လူပါ။ ဆိုက်ထဲမှာ ကိစ္စရှိရင်လည်

သွားရပါတယ်။ ဓာတ်ပုံရိုက်တာက အစကတည်းက ဝါသနာပါ

အဆင်ပြေပြေ ရိုက်ဖြစ်တာပါ''

''ဟယ် ... ဒါဖြင့် သားက ဒရိုင်ဘာသက်သက်ချ

မဟုတ်ဘူးပေါ့။ ဘွဲ့ရများလား'' ,

''ဟုတ်ကဲ့ ... ကျွန်တော် G.T.C Diploma ရထာ

တာပါ''

''ဟောတော်''





သားအမိနှစ်ဦးသား ပါးစပ်အဟောင်းသားဖြင့် သူ့ကို အငေး

သား ကြည့်နေကြသလို အားနာမျက်နှာပူ ရှက်အမ်းစွာဖြင့် ပန်းရောင်

သန်းသွားကြသည့် အနေအထားတို့က ပြောင်းလဲမှုကို ဖြစ်သွားစေပါ

၏။ ဒီလိုပဲဖြစ်တတ်ပါတယ်လေ။ သူ့ကိုကလည်း အစကတည်းက

မို့ရိုးကုပ်ကုပ်နဲ့ နေတတ်တာမို့ ဒရိုင်ဘာနယ် အထင်ခံရတာ ဆန်းမှ

ဆန်းကြယ်တာ မဟုတ်လား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မနက်စောစောစီးစီး ညီညီ့ရယ်သံက ခပ်ကျယ်ကျယ် ထွက်
လာလေ၏။ ရယ်ရမှာပေါ့ အစ်ကိုဖြစ်သူကို ဒရိုင်ဘာအထင်ခံရတာ
ဖေဖေက ဘာမှမပြောပေမယ့် မေမေကဖြင့် သူ့ကို သတိပေးသည့်
အကြည့်ဖြင့်သာ ကြည့်၏။ မနက်အဆာပြေစားနေတာမို့ မိသား
စုံစုံညီညီ ဖြစ်နေပါသည်။

"ဒီနေ့ ဘယ်ပို့ပေးရမှာလဲ"

"အင်းဝနဲ့စစ်ကိုင်း"

"ကိုကိုက သားသားနားနားမှ မဝတ်တာကို။ ဒရိုင်ဘာ





အထင်ခံရတာ နည်းသေးတယ်"

"ယောကျ်ားလေးပဲ ညီညီရာ။ အဆင်းလှဖို့ထက် အချင်းရှိဖို့
တသာ အဓိကပါ"

"မှန်လိုက်တာ"

"ကောင်မလေးက ချောလား"

"ချောတာထက် ကလေးဆန်ပြီး ချစ်စရာလေးပါ"

"ကြည့်လုပ် လင်းသူရအောင်ရေ . . . ဒဏ်ရာနှစ်ထပ်သာ
ဖြစ်ရင် ခွဲရစိပ်ရတွေဖြစ်ကုန်မယ်"

"အမေကလည်းဗျာ"

ဖုန်းသံမြည်လာတာမို့ ဖေဖေက မေးဆတ်ပြလေ၏။ ထမင်း
စားချိန် ဖုန်းကိုင်လျှင် အစားပျက်မှာမို့ ထမကိုင်ချင်ပေမယ့် အလုပ်
ကိစ္စက အရေးကြီးတာလေ။ စင်နှင့်အနီးဆုံးမှာရှိနေသည့် ညီညီက
ဖုန်းကို လှမ်းယူကာ ဖွင့်လိုက်လေသည်။

"ဟယ်လို"

"ဟယ်လို! . . . ကိုလေးလား"

"ဟာ! . . . ကိုလေးတဲ့ဟေ့"

သူ မျက်မှောင်ကြုတ်သွားရပါပြီ။ ကိုဇော်ညီမလေးများလား။
အတွက်သေးပါဘူး . . . အဲဒီပိစိမလေးက သူနဲ့ ဤမျှ ရင်းနှီးတာမှ



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့။ ပန်းကန်ထဲ ကျန်နေသည့် ထမင်းနှစ်လုတ်စာကို အမြန်
ယူဝါးကာ ရေမြှောချတော့ မေမေ့ဆူသံက ထွက်လာပြန်လေ
အလောတကြီး ထမင်းမျိုတာ အန္တရာယ်ရှိနိုင်တာမို့ပါလေ။

"ဟယ်လို"

"ကိုလေး ... စောစောက ဖုန်းကိုင်တာ ဘယ်သူလဲ"

"ညီညီပါ ... အခုပြောနေတာက ဘယ်သူလဲ"

"ဦးဘုန်းမြတ်နိုင်ရဲ့ညီမ စန်းသော်တာပါ ရှင်"

အံမယ်! ... လေသံက ပြောင်းပါရောလား။ သူ့ကိုမျ
ကိုလေးတဲ့လေ။ မနေ့က စပ်စုမိပြီး တိုက်ခန်းရောက်တော့မှ Bo
နှင့် စကားပြောပြီးပြီ ထင်ပါရဲ့။ လူကို ခပ်နှိမ်နှိမ်ပြောသည့် ကောင်
လေးက အခုတော့လည်း တရိုတသေ သုံးနှုန်းလို့ပါလေ။ ညီညီ
သူ့နားကပ်လာကာ ခိုးနားထောင်နေတာမို့ bluetooth နားကျပ်
ခလုတ်နှိပ်ကာ နားမှာ တပ်လိုက်မိပါ၏။

"ကိုကိုစိတ်ပုပ်"

"Boss ညီမ ဆက်တာကွ။ ခိုးနားထောင်လို့ ဖြစ်မလာ
ပြောပါ မမလေးခင်ဗျာ"

"ဟင် ... ကိုလေးကလည်း။ သော် ဒီလောက်ခေါ်နေတ
တောင် အရွဲ့တိုက်ပြတယ်ပေါ့လေ"





"မနေ့ကပဲ မမလေးလို့ခေါ်ဆို"

"ကြည့် ... ကိုကြီးကို တိုင်လိုက်သေးလား"

"မတိုင်ပါဘူး ... ဘာများ တိုင်စရာရှိလို့လဲဗျာ"

"ကိုကြီးက သော့်ကို အရမ်းဆူတယ်"

"ဟောဗျာ ... ဘယ်လိုဖြစ်ရတာလဲ"

"ကိုလေးကို ဒရိုင်ဘာလို့ခေါ်လို့တဲ့။ အဲဒီက စတာပဲ။ အခု
လုပ်နေလဲ"

"Breakfast စားနေတာ"

"ဘာစားတာလဲ"

"ထမင်းကြော်"

"Plane လား"

"No ချဉ်ပေါင်နဲ့မှစ် ရောကြော်ထားတာနဲ့ ငါးပိကြော်ရယ်
ရတာ"

"စားချင်လိုက်တာ"

"စားချင်ရင် လာစားလေ"

"တော်ပါပြီ ... ကိုကြီးက အင်းဝဘက် စောစောကူးဖို့
စာလာခဲ့တဲ့"

"အခုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... Right now!"

"လာပြီ ... လာပြီ"

အိမ်ထဲပြန်ဝင်ကာ မေမေနှင့်ဖေဖေ့ကို နှုတ်ဆက်ပြီး ဆိုင်ကယ်သော့ယူကာ ပြန်ထွက်ခဲ့ရ၏။ ဒီနေ့တော့ Boss ကိုယ်တိုင် လိုက်မှာမို့ သူ စကားပြော အတော်သက်သာရမှာပါ။ ပြီးတော့ ကာ လည်း သိပ်မောင်းရမှာမဟုတ်ပါလေ။ အင်းဝရော စစ်ကိုင်း လည်ပတ်ရသလို ဦးပိန်တံတား ညနေခင်းပါ ကြည့်ချင်မှာမို့ ဒီနေ့ မိုးချုပ်မှာ အသေအချာပါ။

ဆိုင်ကယ်ကို ကွန်ဒိုအောက်မှာရပ်ရာ တိုက်ပေါ်တက်လာ ပါ၏။ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်စဉ် မျက်လုံးဝိုင်းဝိုင်းလေး နှင့် အရင်ဆုံး ဆုံလေသည်။ ပြုံးစိစိမျက်နှာဖြင့် တံခါးဖွင့်ပေး ဝင်ခိုင်းလေ၏။ အနေအထားက ကွာခြားသွားပါလား။ မနေ့က အောက်ခြေက 'ဖက်' ဘဝနဲ့ ဒီနေ့တော့ ဖက်ပေါ်ပုံတဲ့ ကော ပေါင်းလို စေးစေးကပ်ကပ်လေးပေါ့လေ။

"ဘယ်သူလဲ"

"ကျွန်တော်ပါ MD"

"သြော် ... ခဏလေး လင်းသူရရေ"

"ဟုတ်ကဲ့"





"အလကား ရှုံးများနေတာ သိလား"

"ဘယ်သူလဲ Boss လား"

"အင်းပေါ့"

အစ်ကိုဖြစ်သူ၏အတင်းကို တီးတိုးပြောနေသည့် ကောင်မ လေးပါပဲ။ သူက ဘုရားဖူးလိုက်ပို့ရတိုင်း ရှပ်အင်္ကျီနှင့်ပုဆိုးသာ ဝတ် ဖြစ်သည့်လူပါ။ အလုပ်သွားရင်တော့ ဂျင်းဘောင်းဘီ ဒါမှမဟုတ် Quater Pants ဖြစ်ဖြစ် ဝတ်လေ့ရှိပါသည်။ စန်းသော်တာက ဒီနေ့တော့ဖြင့် ဖက်ဖူးရောင်ဆွဲသားအပျော့ One set နှင့်မို့ သူ မိလေတော့၏။ Boss ကို အတင်းတုပ်နေသည့်လူကဖြင့် အပျိုကြီး က် ဖမ်းနေတာ မဟုတ်လား။

"ဘာလဲ ... သော် လုံခြည်ဝတ်ထားလို့ ပြုံးတာလား"

"မဟုတ်ပါဘူး"

"သိပါတယ်နော် ... ဒီအပြုံးကိုမြင်ကတည်းက သိတယ်။ သူကို အပျိုကြီးဂိုက်ဖမ်းလို့ ဟားချင်တဲ့ရုပ်ကြီး"

"ဟောဗျာ"

"မှန်လို့လား"

"ဟင်း ဟင်း ... ဟုတ်တယ်"

"ဒါဆို ... မုန့်ဝယ်ကျွေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလည်းမဆိုင်ဘူး"

"ဆိုင်ဆိုင်,မဆိုင်ဆိုင် ကျွေးရမှာပဲ"

"ဘယ်လိုဖြစ်ပြီး နိုင်ရာလူ ဂိုကျနေပြန်တာလဲ"

"အဲဒီလိုပဲ ကိုဘုန်းရေ . . . မင်းညီမက ပြောမနိုင်ဘူး"

Boss ပါ သူ့ဝတ်လာသည့် ကာလာမျိုး ဝတ်၍ထွက်လ

တာမို့ စန်းသော်တာက လက်ခုပ်တီးကာ အော်ရယ်လေတော့

သူက အပေါ်မှ အဖြူဝတ်လာတာမို့သာ တော်ပါသေးသည်။ ပုဆိုး

ချည်ပုဆိုးအေးအေးကိုသာ ရွေးဝတ်ခဲ့တာပါ။ Boss ဝတ်သည

သောင်းကျော်တန်နဲ့တော့ အမျိုးအစား ကွဲပြားတာပေါ့လေ။

"Boss"

"အင်း . . . ပြော"

"ကားထားခဲ့ရင် ကောင်းမယ်ထင်တယ်။ ဒီဘက်ကမ်းမှာ

ရပ်ထားခဲ့ရင် စိတ်မချလို့"

"ရပါတယ်ကွာ . . . အပ်ထားလိုက်မှာပေါ့။ ဒီဘက်ပြ

ရောက်ရင် ဘာနဲ့သွားရမှာလဲ။ ပူတတ်ရန်ကော"

ဟုတ်သားပဲ . . . ဟိုဘက်မှာ (၇) ဆူဖူးပြီးတာနဲ့ ဒီဘက်ကမ်း

မှာ (၂) ဆူဖူးပြီး စစ်ကိုင်းကို သွားရဦးမှာပါ။ ပြီးလျှင် (၇) ဆူ ထပ

ဖူးရပြီး မင်းကွန်းခေါင်းလောင်းနှင့် ဦးပိန်တံတားကို သွားရမှာ ခရီး





ရှည်မှာကိုး။ လူကြီးကို ဆရာလုပ်သလိုဖြစ်နေပြီမို့ သူ့အသံ တိတ်

သွားရပါ၏။

"Boss . . . မနေ့က သုံးလို့ပိုတဲ့"

"ယူထားလေ . . . ဒါပါ ထပ်ယူထား။ လူကြားထဲ ပိုက်ဆံ

အိတ် ဖွင့်ရတဲ့အလုပ်မျိုး မလုပ်ချင်ဘူး။ သွားကြစို့"

ကောင်းရော။ ပိုငွေ ပြန်အပ်ခါမှ ငွေအထပ်လိုက်က သူ့လက်

ထဲသို့ ရောက်လာပြန်လေ၏။ ဒီကုမ္ပဏီက ဝန်ထမ်းအနည်းငယ်မျှဖြင့်

လုပ်ခဲ့တာမို့ ဝန်ထမ်းတွေအကြောင်းကို MD က အကုန်သိထားတာ

ပါ။ သူ့ကိုယုံလို့ အခုလိုအပ်ထားတာမှန်ပေမယ့် သူများငွေကို ယူကိုင်

ထားရတာ ခေါင်းကျိန်းရတာပါလေ။

"ဟိုလေ . . . အနိုတို့ကိုပဲ သိမ်းခိုင်းရင်"

"ဘယ်လိုဖြစ်နေတာလဲ လင်းသူရအောင်။ ကုမ္ပဏီမှာ

တောင် လုပ်ငန်းသုံးငွေ သိန်းလေးဆယ်ကိုင်ရတဲ့လူက ဒီသုံးလေးသိန်း

လောက်နဲ့ ဘာများ စိတ်မချဖြစ်နေလဲ"

"မဟုတ်ပါဘူး . . . ကျွန်တော်က"

သူ ဘာဆက်ပြောရမည်မှန်းမသိ နှုတ်ပိတ်သွားရပါ၏။

အင်းဝဘက်မှာက မြေသားလမ်းတွေမို့ ကားတွေ ဝင်လို့မရပါ။

ဆိုင်ကယ်လောက်သာ ပေးမောင်းပြီး ခပ်ဖြည်းဖြည်းသွားနိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတွေသာ စီးခွင့်ရပါ၏။ ပိုင်ရှင်တောင် မနှမြောသည့် ကား ကိစ္စအတွက် ပူပန်မိတာမို့ သူ အားနာသွားရပါသည်။

"ကိုကြီး"

"ငါ့ကို ဘာမှမေးမယ်မကြံလေနဲ့။ မရှင်းပြနိုင်ဘူး။ အာပေါက်တယ်။ မေးချင်ရင် Guide ကိုပဲမေး။ သူက နယ်ခံဇာတိမို့ သူ့လောက်ငါ ဘယ်သိမှာလဲ"

သေစမ်း။ လက်စသတ်တော့ သူ့ကို အဖော်ခေါ်လာတာ ဒါကြောင့်ကိုး။ ရှင်းပေတော့ လင်းသူရအောင်ရေ။ ဒီအလုပ်က မင်း ကျွမ်းကျင်တဲ့ ဝါသနာပါတဲ့အလုပ်မဟုတ်လား။ အခုမှ T-square မကိုင် ပေကြိုးမကိုင်ရပါဘဲ လေကုန်လူပန်းသည့်အလုပ်ကို Automatic ရာထူးနဲ့ ရပြီလေ။

"ဟီဟိ ... ကိုလေးရုပ်ကို ကြည့်ပါဦး"

"အစ်ကိုကို စပြန်ပြီလား"

"ရှုံ့တွနေတာကိုး မာမီရဲ့"

နောက်ခုံမှာထိုင်ရင်း သူ့အတင်းပြောနေသည့် ကောင်မလေးကြောင့် သက်မကို ကျိတ်ရှိုက်လိုက်ရပါ၏။ မနေ့က ဒရိုင်ဘာအဖြစ် လိုက်ပို့တာက ပြဿနာမရှိ။ ဒီနေ့မှ Boss ဘေးမှာ အဆင်သင့်ထိုင် လိုက်လာရမှပဲ စိတ်အိုက်သည့်နယ် ကျဉ်းကျပ်နေရတာပါလေ။





"အဆင်ပြေရဲ့လား လင်းသူရ"

"ဟုတ်"

"အင်းဝက ပြန်လာပြီး စစ်ကိုင်းဘက်သွားမှ မောင်းပေါ့"

"ဗျာ ... ဩော် ... ဟုတ်ကဲ့"

"အပြင်မှာတော့ ကိုယ့်ကို MD တို့ Boss တို့မခေါ်ဖို့ ပြောရတော့မှာပဲ"

"ဗျာ ... ဘာဖြစ်လို့လဲ Boss ရဲ့"

"ရင်းရင်းနှီးနှီးခေါ်စေချင်လို့ပါ လင်းသူရရဲ့။ ကိုယ့်နေရာမှာ ဝင်ပြီး ခံစားကြည့်ပါလား။ လူကြားထဲ အခေါ်ခံရရင် ဘယ်လောက် နေရခက်လဲ"

"အဲ"

သူ ဘာဆက်ပြောရမယ်မှန်းမသိတော့ပါချေ။ လူချမ်းသာတွေရဲ့ စိတ်က တစ်မျိုးပါပဲလား။ ဦးဘုန်းမြတ်နိုင်ဆိုတာ အသက် (၃၀) တောင် မပြည့်သေးတဲ့ လူငယ်ပဲမို့ တရင်းတနှီး ခေါ်ဖို့ကလည်း အတော့်ကိုခက်တဲ့အရွယ်ပါ။ ထားပါတော့လေ ခေါ်ဆိုလည်း ခေါ်ပေါ့။ ဘာများခက်လို့ပါလဲ။

"ဒီမှာပဲ ကားအပ်ကြတာပေါ့"

MD ကိုယ်တိုင် ဦးဆောင်လျက် ဆင်းပြီမို့ သူပါ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက်ပါ၏။ ဆိုင်တန်းများရှိရာနေရာမှာ သစ်ပင်တွေအုပ်နေတာ အရိပ်ရနေလေသည်။ သူက taxi တွေရပ်ထားရာဆီမှာ စုံစမ်း ကားအပ်ဖို့အတွက် မေးမြန်းပြီး အဆင်ပြေသွားပါ၏။ ကိုယ်ပိုင်ကားဖြင့် လာသူတွေလည်း ရှိတာမို့ တော်ပါသေးရဲ့။ အများဆုံးလာသည့် ခရီးသည်တွေကဖြင့် နိုင်ငံခြားသား ဧည့်သည်တွေ ဖြစ်လေသည်။

❋ ❋ ❋



## အခန်း (၈)

လှေဆိပ်သို့ ကုန်းဆင်းအတိုင်း ဆက်လျှောက်ခဲ့စဉ် အနိတ်ာ တူဖြစ်သူလက်ကို တွဲလိုက်လေ၏။ ပြဿနာပဲ ဒါဖြင့် ဒီချာတိတ်မ ကို သူကတွဲရတော့မှာပေါ့။ ဘာမှမဖြစ်ပေမယ့် Boss ကို ရှိန်နေပါ ယ်ဆိုမှပဲ။ ခက်ပါရဲ့နော်။

"ဓာတ်ပုံရိုက်ပေးလေ၊ မြန်မြန် အရမ်းလှတာပဲ"

"ချော်ကျမယ်လေ"

"လှလို့ပါ"

"ကဲ ကဲ . . . အဲဒီမှာရပ်လိုက်၊ ရိုက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ဘာမြစ်လဲဟင်။ ရေက ကြည်စိမ်းနေတာပဲ

"ဒုဌဝတီလို့ခေါ်တယ်"

"အားပါး ... ကဗျာဆန်လိုက်တာနော်။ ဦးထုပ်ဆော ထားလို့ ဖြစ်ပါ့မလား"

"ဖြစ်တယ် ... Ok ready"

ကုန်းမြေနီနီလေးမှာရပ်ပြီး post ပေးနေသည့် ကောင် လေးကို သူ ဓာတ်ပုံရိုက်ပေးလိုက်ပါ၏။ စက်လှေပေါ်တက်တော့လည်း ရေတွေကို သဘောကျကာ ငုံ့ကြည့်နေတာမို့ အန္တရာယ်ဖြစ်မှာစိုး သူမလက်မောင်းကို သူ ကိုင်ထားရလေသည်။

"စောစောလာတာ မှန်သွားတယ်။ နို့မို့ ... နေတအား မှာ"

"ကိုကြီး ... ခဏခဏ လာဖူးလား"

"ဘယ်ရောက်မှာလဲ သော်တာရယ်၊ အလုပ်ရှုပ်နေတာ

"ဒါဖြင့် ... ကိုလေးကျ ဘာလို့ အကုန်သိနေရတာလဲ"

"ပြောပြီးပြီလေ ... သူက နယ်ခံပါလို့။ Business ရောက်လာတဲ့ Guest တိုင်းကို သူပဲတာဝန်ယူပြီး ပို့ပေးလို့ ကျွမ်း ပြီ"

"ဟုတ်လား"



"ငြိမ်ငြိမ်နေလေ ... လှေပေါ်က ကျမယ်။ ရေကူးတတ်ရဲ့လား။ မြစ်က အရမ်းနက်တာနော်"

"ကူးတတ်ဘူး"

"ဒါဖြင့် သတိထား"

"အံမယ် ... စိုးရိမ်ပြန်ပြီပေါ့လေ ... ဟီဟိ"

"ဟိုကောင်မလေး ... လူကြီးကို ပြောင်တောင်တောင် နောက်တောက်တောက်နဲ့ ပြောပြန်ပြီ ဘုရားဖူးထွက်လာတာနော်"

ကောင်မလေး ဖက်ပုသွားလေ၏။ ကမ်းပေါ်တက်ကာ မြင်း လှည်းငှားစဉ် လူများနေတာမို့ နှစ်စီးငှားရန် စကားပြောရပြန်လေ၏။ လမ်းကြမ်းတာမို့ လူများလျှင် မြင်းရော လှည်းပါ နာတာမို့ စဉ်းစား ဆုံးဖြတ်ရပြန်ပါသည်။ Boss နှင့်အတူ အန်တီကလိုက်စီးပြီး သူ့ကို သာလိကာလို လေများစပ်စုသည့် ချာတိတ်မနှင့် တစ်စီးအတူစီးနိုင်း ပြန်လေ၏။ ခက်ပါရဲ့နော်။

"ကိုလေး"

"အင်း"

"အသည်းကွဲဖူးလား"

"ဒီအရွယ် အမြီးမပေါက်တဲ့မျောက် ရှိနိုင်ပါ့မလား။ မေး ကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အားပါး ပေါက်ကွဲပြီးထွက်လာပုံထောက်ရင် အနာကို ထိ
သွားတယ် ထင်ပါရဲ့"

"လူကြီးတွေနဲ့ အတူမစီးတာနဲ့ စမလာနဲ့။ သိချင်တာတွေ
မပြောပြဘဲ နေလိုက်မယ်"

"ဟင်းဟင်း . . . မရှင်းပြရင် တိုင်လိုက်မှာပေါ့။ ကြည့်ရတာ
အချစ်ဦးထင်တာပဲ"

"စနီးသော်တာ"

"ရှင်"

"Please!"

ချာတိတ်မက ပေါ့ပေါ့ပါးပါး အော်ရယ်လိုက်လေ၏။ ဖုန်
တထောင်းထောင်းဖြင့် သွားနေရသည့် လမ်းမှာ ပျော်လွန်းနေပြီး
လက်ညှိုးတညွှန်ညွှန်ဖြင့် တောက်လျှောက်ကို မေးတော့တာပါလေး
စိတ်လွတ်လပ်တဲ့အရွယ်လေးပေကိုး။ ချစ်ခြင်းနှင့် နဖူးတွေ့ ဒူးတွေ့
ရင်ဆိုင်ခဲ့ရသည့် သူနှင့် ကံကြမ္မာမှ မတူတာလေ။

"မဟာမြတ်မုနိဘုရား" အရင်ဖူးခဲ့ရတာမို့ အုတ်ပြဲဖြင့် တည်
ထားပါသည့် "ဇာကရာကျောင်း" ကိုရောက်လေ၏။ ဘုရားတက်ဖူး
ကာ စောင်းတန်းပတ်လှည့်လည်ပြီး ဓာတ်ပုံအမှတ်တရ ရိုက်ပေးရလေ
သည်။ "လောကသရုပ္ပဘုရား"ရောက်စဉ် ဘုရားဖူးပြီးနောက် သူဘာသ





ထော်ကြောင့် ပြုပြင်နေသည့် ပုထိုးတော်ကြီးအတွက် ကုသိုလ်ပြု
လှူငွေ ထည့်ကြပါသည်။ ထို့နောက် "ရတနာဆီမီးဘုရားစု"ဆီ
ဆက်ထွက်ခဲ့ကြပါ၏။

"နန်းမြင့်မျှော်စင်" ဘက်ရောက်စဉ် "ဘုတ်တလုတ်ရောက်နေ
သယ်" အနီးမှာ ဓာတ်ပုံရိုက်ပေးရပြန်လေသည်။ ရှေးယခင် မြန်မာ
သည်တို့အမှိုပြုကာ တည်ဆောက်ထားသည့် သစ်တပ်မှ ရှေး
ဟောင်းလက်ရာတို့ကိုပါ လေ့လာခွင့်ရလေသည်။ မျှော်စင်မှာ အို
ဟောင်းလွန်းနေပြီး အပြိုအပျက် အက်ရာတို့ ဖြစ်နေပြီမို့ အန္တရာယ်ရှိ
စိုးပြီး အနီးသို့မသွားရန် မှာရပြန်၏။

"နန်းမတော်မယ်နု"၏ ကျောင်းဖြစ်သည့် "မဟာအောင်မြေ
ဘုံကျောင်းတော်ကြီး" ကို နောက်ဆုံးလေ့လာပြီးမှ အင်းဝဘုရားဖူး
ခရီးစဉ် ပြီးဆုံးလေ၏။ အမှန်က နောက်ထပ် အထင်ကရ နေရာ
တွေရှိနေသေးပေမယ့် သိပ်ခေါင်လွန်းတာမို့ ဆက်မသွားဖြစ်ပါ။ အပြန်
ကိုင်းဝင်စရာရှိတာမို့ နေ့တစ်ပိုင်းဖြင့်ပင် တစ်ဖက်ကမ်းသို့ ပြန်ကူးခဲ့
ကြပါ၏။

"ဆာတယ် . . . ဆာတယ်"

"တစ်လမ်းလုံးတော့ ပျော်နေပြီး အခုမှဆာဖို့သတိရနေ"

"ဘယ်ဆိုင် အဆင်ပြေမလဲ လင်းသူရ"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာဆိုင်တွေပဲအစ်ကို၊ စားလို့ဖြစ်မှာပါ"

လူသိပ်မရှုပ်သည့် ထမင်းဆိုင်မှာ ဝင်စားဖြစ်လေ၏။ အဒေ ဘူးနှင့် ရေသန့်ဘူးတွေ အရင်မှာထားစဉ် ရိုက်လာသည့်ဓာတ်ပုံတွေ ပြန်စစ်ကြည့်နေမိလေသည်။ အလင်းသိပ်ရူးသည့်ပုံ၊ သိပ်မှောင်လွ သည့်ပုံတို့ကို ရွေးကာ ဖျက်လိုက်ပါ၏။ နောက်ထပ်ရိုက်စရာတွေ မှာလေ။

"ဘာလို့ဖျက်တာလဲ"

"မလှလို့ပေါ့"

"သော့ပုံတွေ ပါကုန်ပြီ"

"မည်းမည်းသည်းသည်း ကပ္ပလီမရုပ်ကြီးနဲ့ရော ဖြစ်လာ

"ကိုလေးနော်"

"စေတနာနဲ့ပြောနေတာ နားမလည်ဘူး"

"ရော့ . . . အသည်းစား"

"ဟာ! . . . ကျွန်တော် ကလီစာတွေ မကြိုက်ဘူး"

"အန်တီလေးကလည်း သူ့အကြောင်း သိရဲ့သားနဲ့"

"ကိုလေးမစားရင် သော်စားမယ် မာမီ"

အန်တီက စေတနာဖြင့် ထည့်ပေးပေမယ့် သူ အထ တကြား ငြင်းဆန်မိတာမို့ အားနာသွားရပါသည်။ ကိုဘုန်းမြတ်နိုင်





သူ့အနီးသို့ အသီးအရွက်ကြော်ပန်းကန်ကို ရွှေ့ပေးလေ၏။ သူက သားငါးထက် ဟင်းသီးဟင်းရွက်ကို ပိုနှစ်သက်သူ ဖြစ်ပါသည်။

"ဘုရားဖူးဖို့ ကျန်သေးလားဟင်"

"ကျန်တာပေါ့၊ (၇) ဆူ . . . အင်း (၉) ဆူကျန်သေးတယ်။ ပိန်တဲ့တားက နောက်ဆုံးပဲ။ ပြန်ရင် မှောင်ပြီ"

"ဟင် . . . အဲဒီလောက်ဝေးလား"

"ဝေးတာပေါ့"

"လေများမနေနဲ့ . . . မြန်မြန်စား"

နေပူရှိန် များလာပြီဖြစ်၍ ကားထဲမှာ Aircon ခပ်နည်းနည်း ဖွင့်ထားရပါ၏။ ဘုရားဆင်းဖူးလိုက် ကားပေါ်ပြန်တက်လိုက်သဖြင့် အပူအအေး ရုတ်တရက်ပြောင်းပါက အပူရှပ်တတ်တာမို့ပါ။ အမော ပြေ ဗိုက်လည်းဝပြီမို့ မြို့ပေါ်က "ရွှေကြက်ကျဘုရား" နှင့် "ရွှေကြက် ယက်ဘုရား" တို့ကို အရင်ဆုံး ဝင်ဖူးဖြစ်လေ၏။

ပြီးနောက် စစ်ကိုင်းသို့ရောက်ကာ "ကောင်းမှုတော်ဘုရား" ဖူးဖြစ်ပါသည်။ ရင်ပြင်ခံပေါ်မှာ ဈေးသည်တွေစုံတာမို့ အန်တီက နှုပ်ခါးရွေးချင်သည်ဆို၍ ဝိုင်းရွေးပေးရပြန်လေ၏။ မဝယ်တတ်လျှင် နှုပ်ခါးစစ်စစ်မရတတ်သောကြောင့်ပါလေ။ အဲဒီနောက် "ဆင်များ ဘုရား" နှင့် "ဥမင်သုံးဆယ်ဘုရား" တို့ဖူးဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော် မုခ်ဝတွေမှာ ခြင်္သေ့ရုပ်တုထားတတ်ပေမယ့် "ဆွမ်းဦးပုညရှင်ဘုရား" မှာ ယုန်ရုပ်တုရှိတာ။ "ရွှေကြက်ယက် ရွှေကြက်ကျ" ဘုရားတို့မှာ ကြက်ရုပ်တုတို့ရှိတာမို့ စန်းသော်တ[illegible] အံ့သြနေတော့တာပါလေ။ အဲဒီနောက် ကြီးငါးကြီးရှိရာဘက်သို့ ကာ[illegible] ကို ဦးတည်မောင်းလိုက်ရလေ၏။

ကြီး (၅) ကြီးဆိုသည်မှာ -

(၁) ခေါင်းလောင်းကြီး

(၂) ပုထိုးတော်ကြီး

(၃) ခြင်္သေ့ကြီး

(၄) ရေကန်ကြီး

(၅) ဆရာတော်ဘုရားကြီးတို့ပင် ဖြစ်ပါသည်။

ပုထိုးတော်ကြီးနှင့်အတူ မြစ်ကို မျက်နှာမူထားပါသည့် ခြင်္သေ့ ကြီး နှစ်ကောင်ရုပ်တုတို့မှာ ရာသီဥတုဒဏ်ကြောင့် အပြည့်မရှိတော့[illegible] အောက်ပိုင်းတို့သာ ကျန်ရစ်ခဲ့လေ၏။ မင်းကွန်းခေါင်းလောင်းကြီး[illegible] မှာ ရပ်ကာ အမှတ်တရ ဓာတ်ပုံရိုက်ပေးရပါသည်။

ထို့နောက် မုန်တိုင်းဒဏ်ကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်[illegible] တို့ကို ပြသထားပါသည့် "မြသိန်းတန်စေတီ" ကို ဝင်ဖူးဖြစ်၏။ ကား[illegible] ကွေ့ပတ်မောင်းခဲ့စဉ် ညနေ (၅) နာရီဝန်းကျင်ခန့် ရှိနေပြီ[illegible]





[illegible]လှမ်းစေတီ" ဝင်းတံခါးက ပိတ်ထားပြီးဖြစ်သဖြင့် ဦးပိန်တံတားဆီသို့ သာ ဦးတည်ခဲ့ရတော့သည်။

"လူတွေစည်လိုက်တာ"

"တံတားက လှပမယ်နော်"

"မကြောက်ပါဘူး"

ကားပေါ်မှဆင်းသည်နှင့် ဦးပိန်တံတားပေါ်တက်ချင်နေသည့် စန်းသော်တာကို သတိပေးရပြန်ပါ၏။ ဤချာတိတ်မက အန္တရာယ်ကို ကြိုမတွေးထားဘဲ ဖွတ်တရွှတ် လုပ်ကျင့်ရှိမှန်း သိသာနေတာပါ။ ညနေ အတော်စောင်းနေပြီမို့ တံတားပေါ်မှာ လူအတော်များနေလေ သည်။ ကျိုးနေသည့်နေရာ ဖျက်သည့်သစ်သားချောင်းတို့ကို ပြင်ဆင် ၍ အသစ်လဲတန်လဲထားတာကို မြင်ရလေ၏။

"လူတွေများလိုက်တာ"

"ခဏအမောပြေရုံပဲနေလေ။ ဓာတ်ပုံလည်း နည်းနည်းပဲ ရိုက်ပေါ့။ ပြန်ရင်မှောင်တော့မှာ"

ကောင်မလေးက မကျေမနပ် နှုတ်ခမ်းစူလေ၏။ ဘယ်တတ် နိုင်ပါ့မလဲ။ အချိန်က အကုန်မြန်ပေတာကိုး။ ဒီလိုအချိန်တွေ ကုန်မြန် လွန်းပေမယ့် သူချစ်သူလေးကဖြင့် သူ့ကို အဆက်အသွယ်မလုပ်တော့ တာလေ။ တစ်နှစ်တစ်ကြိမ် ပွင့်ပေမယ့် သကြန်ရိုးခိုခါမှာ အစဉ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန်မှန်ပွင့်သည့်ပန်းက ငုဝါပါ။ ပိတောက်မဟုတ်ပါလေ။ ပိတောက်ဆိုတာ သင်္ကြန်မိုးလေး တစ်ဖြိုက် နှစ်ဖြိုက်ရွာပေးမှသာ ပွင့်တတ်တာလေ။ ဒါကြောင့်မို့လည်း ကဗျာဆရာတွေက ပိတောက်ဆို သစ္စာမရှိသူဟု တင်စားတတ်ကြတာ မဟုတ်လား။ တကယ်တမ်း သစ္စာရှိစွာ ပွင့်လေ့ရှိသည့် ငုကိုဖြင့် လူတွေက သတိမထားမိကြတာလေ။

လွမ်းတယ်ပိုးရယ်။ သင်္ကြန်ချိန်ခါလာစဉ်က ဒီတံတားပေါ် ရောက်ခဲ့တာ မဟုတ်လား။ အင်းထဲမှာ လှေလှည်းစီးရင်း ရေပက် ကစားခဲ့ကြတာ မှတ်မှတ်ရရပါလေ။ တစ်ဝက်တစ်ပြက်သာ လျှောက်ခဲ့သည့် တံတားကို ရွာထဲရောက်တဲ့ထိ အဆုံးလျှောက်ချင်သည့် မိန်းကလေး။ ရေအေးအေးလေး လောင်းစဉ်က နှုတ်ခမ်းများက ပြုံးနေပြီး ချစ်စဖွယ် မျက်စောင်းလေးထိုးလိုက်တဲ့မြင်ကွင်းကို အခုအချိန်အထိ အမှတ်ရနေတုန်းပါပဲ။

တွေ့ချင်တယ်ပိုးရယ်။ ဒီရင်မှာ အလွမ်းတွေ ပင်လယ်... နေသလို အဝေးတစ်နေရာစီ ကွဲကွာနေရတာက သမုဒ္ဒရာကြီးခြားထား... သလိုပါပဲ။ အနီးဆုံးမှာပဲ ရှိချင်တာဆို။ ရည်မှန်းချက်မပြည့်သေး... အရွယ်တွေမို့ ကြိုးစားကြရင်း ခဏတာပဲ ဝေးရမှာပါတဲ့။ ဘဝ... အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းဖို့အတွက် ပြင်ဆင်ချိန် လုံလောက်ပါမလား...





ငယ်သူ့ရဲ့အတွေး။ ငယ်သူ့ရဲ့နှလုံးသားနဲ့ အချစ်ဟူသည့်အရာ ...ကို ဆုပ်ကိုင်မိစဉ်ခဏ ပျော်ရွှင်ခြင်းတွေသာ ပြည့်နှက်နေခဲ့တာ အမှန် ... ပြောကြတာဖြင့် တစ်ရွာသားကို ရည်းစားထားရင် ပဝါပါးနဲ့ ...ရည်သုတ်ရတတ်တယ်ဆို။ အခုတော့ဖြင့် "တစ်ရွာသား တစ်အား ...ယ်" ဆိုတဲ့စကားပုံအတိုင်း ဖြစ်လာခဲ့ရတာပါလေ။

"ချစ်တယ်" ဆိုတာ လူတိုင်းအတွက် လွယ်ကူတဲ့ကိစ္စရပ် ...ကောင်းဖြစ်နိုင်သော်ငြား စစ်မှန်တဲ့ လေးနက်တဲ့ အတိမ်အနက် ...တော့ ကွာခြားကောင်း ကွာခြားနိုင်မှာပါ။ သူများတွေလို ခုမြင်ခု ...က်၊ ခုတွေ့ ခုချစ်၊ ခုမုန်းခုမေ့၊ ခုနာကြည်း ခုကျောခိုင်း၊ ခုလမ်းခွဲ ... ဥပေက္ခာပြုတတ်တာမျိုး ပေါ့ပျက်ပျက်စိတ် မဟုတ်ရပါဘူး။

တစ်သက်တာထာဝရအတွက်ပါ လွှန်းပိုးဖြူ။ နောက်ဆုံး ...က်သက်အထိ လက်တွဲသွားဖို့ ရာသက်ပန်ရည်စူးပြီး ကမ်းပေးထား ...ဲ့ ကိုယ့်လက်ကို တစ်ချက်လောက် ငဲ့ကြည့်ပြီး လှမ်းကိုင်ပေးလှည့်ပါ ...။ ဪ ပိုးရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အလယ်

www.burmeseclassic.com

www.burmeseclassic.com

## "နွေဦးကဗျာ"

ပိတောက်တွေ ပွင့်ပြန်ပြီလေ။
ဒီလိုနွေရာသီမှာ
မင်းကိုစတွေ့စဉ်က
အနမ်းတစ်ချက်
ပန်းတစ်ခက်နဲ့
ဒီရင်ဘတ်ထဲမှာ
ရင်ခုန်သံ စည်းချက်တွေက
တဒိတ်ဒိတ်အခုန်မြန်ပြီး
အခုထိ နွေးနေတုန်းပါပဲ။
အိပ်မက်တွေမက်တိုင်းလည်း
တိမ်တိုက်တွေစီးရင်း
လေယူရာယိမ်းလိုက်
နှလုံးသားကိုပိုက်လို့
မင်းကို တွေးမွေ့ထားစဉ်က
"အချစ်" ဆိုတဲ့
ချစ်တေးသံစဉ်ကြောမှာ
စီးမျောကခုန်ခဲ့တာ ကြာခဲ့ပေါ့။
ခုတော့
ကိုယ်တို့ ခထာတာဝေးနေကြတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မန္တလာမင်း အဝေးပြေးကားပေါ်မှ ဆင်းလိုက်ပါ၏။ ရန်ကုန်
ကကတည်းက ဒီလာဖို့အတွက် ဟိုတယ်မှာ နှစ်ပတ်ကြိုပြီး Book-
ing ယူထားပြီးပြီမို့ Taxi ငှားပြီး အေးအေးဆေးဆေး သွားရုံပါ။
ညကားစီးလာတာမို့ ဒီကို မနက်အစောကြီးရောက်လာရလေသည်။
ကတော့ တစ်လမ်းလုံး ကားပေါ်မှာအိပ်ပျော်ခဲ့တာမို့ အိပ်ရေးဝနေပုံ
သူမကဖြင့် ကားပေါ် မအိပ်တတ်တာမို့ အိပ်တစ်ဝက် နိုးတစ်ဝက်
ဖြင့် ပါလာခဲ့တာမို့ အိပ်ရေးမဝဘဲ ခေါင်းထဲ ငြီးစီစီဖြစ်နေလေ၏။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဟိုရောက်ရင် ဘယ်မှမသွားသေးဘူး မဟုတ်လား"

"အေးလေ ... နားရမှာပေါ့"

"ပိုးတော့ ထိုးအိပ်ချင်နေပြီ"

ကား Tool Box ကြီးထဲမှ ပစ္စည်းတွေထုတ်နေတာ စောင့်နေရပါ၏။ မန္တလေးမှာ နှစ်ပတ်ခန့်နေဖြစ်မှာမို့ အဝတ်အစား များများသယ်ခဲ့ရလေသည်။ မမက ကျောင်းဆရာမဖြစ်ပြီး နွေရာ ပိတ်ရက်ရှည် ရခဲ့တာမို့ စိတ်အပန်းဖြေရန် ရက်ရှည်ခရီး ထွက်ဖြစ်ခဲ့တာ ပါ။

"မမ"

"ဘာလဲဟယ် ... ဂျီကျနေတာပဲ"

"မရသေးဘူးလား"

"အိတ်တွေက ဆင်တူတွေဖြစ်နေလို့ မနည်းရှာနေရတာဟ"

"မမက သေချာမှ မမှတ်ထားတာကိုး။ ပိုးအိတ်မှာ သော့ သေးသေးလေးခတ်ထားတယ်။ Key chain က Arsenal တံဆိပ် လေ။ ဟိုမှာ ဟိုမှာ ... အဲဒါ ပိုးအိတ်ပဲ"

အိပ်မှုန်စုံမွှားနှင့် ကိုယ့်အိတ်ကို ထင်းခနဲမြင်သွားရတာ မမက မျက်စောင်းခဲလေ၏။ အစီစဉ်တကျ ထည့်လာပါသည်ဆိုသည်





မမကမှ ကြာနေတာပါလေ။ အိတ်ကိုဆွဲ၍ လူရှင်းသည့်ဘက် ရွှေ့ရပ် လိုက်ရပါသည်။ အတော်လေးကြာမှ မမက အိတ်ဆွဲလျက် ထွက်လာ လေ၏။ သူမက ပေါ့ပေါ့ပါးပါး ဝတ်စုံတွေ၊ ဘောင်းဘီတွေသာ သယ်ခဲ့တာမို့ အိတ်က ချောင်သလောက်ရှိပေမယ့် မမက လုံချည်တွေ နှင့် blouse တွေ သေချာထည့်ခဲ့သဖြင့် အိတ်အပြည့်ပါပဲ။

Taxi တွေရှိရာဘက် လှည့်ခဲ့စဉ် လာကြိုကြသည့် ဒရိုင်ဘာ တွေနှင့် တိုးတာကြောင့် အဆင်ပြေသွားရပါ၏။ အိတ်တွေကူသယ်ပေး ပေမယ့် ပစ္စည်းတွေပျောက်မှာစိုးပြီး သူမအိတ်ကို ပေးမသယ်ဖြစ်ပါချေ။ ကားပေါ်မှာ တစ်လမ်းလုံး မှိုလှဲလာတာမို့ ဆံပင်တွေပုံပျက်ပြီး ခေါင်း လျှော်ချင်တာပါလေ။

"Royal City Hotel နော်"

"ဟုတ်ကဲ့"

မြို့ထဲမှာပဲမို့ ခဏလေးနှင့် ရောက်လာပါ၏။ ဟိုတယ်ရှေ့ထိ ပစ္စည်းတွေချပေးစဉ် ဟိုတယ်ဝန်ထမ်းတွေက အိတ်တွေကို လာသယ် ပေးလေသည်။ Reception မှ မန်နေဂျာ မယုလှလှလေးက အပြုံးနှင့် ကြိုဆိုနှုတ်ဆက်လေသည်။

"မင်္ဂလာပါရှင်"

"ဟိုလေ ... အစ်မတို့ ရန်ကုန်ကလာတာပါ။ Twin



www.burmeseclassic.com

www.burmeseclassic.com



Room ကြိုမှာထားတာလေ"

"ဪ . . . ဟုတ်ကဲ့အစ်မ။ နာမည်လေး ပြောပြပါရှင်"

"စိမ့်ဒါလီပါ"

"တွေ့ပါပြီ . . . (၅၀၂) ကိုပို့ပေးလိုက်ပါ မောင်လေး"

"အခန်းခက တစ်ခါတည်း ရှင်းလို့ဖြစ်လား"

"ဖြစ်ပါတယ် အစ်မ . . . ခဏလေးနော်"

Calculator ဖြင့် တွက်ချက်ကာ Voucher ပါ တစ်ခါတည်း ဖြတ်ပေးလေ၏။ Lift ဖြင့် ငါးလွှာသို့တက်ခဲ့ပြီး Corridor မှတစ်ဆင့် ဒုတိယအခန်းသို့ ရောက်ခဲ့ပါသည်။ ဝန်ထမ်းမလေးက အခန်းထဲမှာ အိတ်တွေထားပေးခဲ့ပြီး aircon ကိုပါ ဖွင့်ပေးလိုက်လေ၏။ ရေခဲ သေတ္တာ တီဗီတို့ဖြင့် အစုံရှိနေပါသည့် ဟိုတယ်ခန်းက အတော်အသင့် ကျယ်ဝန်းလေ၏။

ဝင်ဝင်ချင်း တံခါးဘေးတစ်ဖက်မှာ Bathroom ရှိနေပါ၏။ ညာဘက်ခြမ်းမှာ flat TV တင်ထားပါသည့် ဗီရိုကြီးရှိပြီး အောက် ဆုံးထပ်မှာ ရေခဲသေတ္တာ အသေးလေးထည့်ထားပါသည်။ အဲဒီဘေး မှာ မှန်တင်ခုံရှည်ရှိပြီးနောက် အင်္ကျီထည့်ရန် နံရံကပ်ဗီရိုတို့က ထောင့် ဘက်မှာရှိနေလေ၏။ အခန်းဝနှင့် တည့်တည့်မှာ ပြတင်းပေါက်ရှိပြီး အပေါ်မှာ aircon တပ်ထားပါသည်။



အခန်းထောင့်ဘက်မှာ စားပွဲနှင့်ကုလားထိုင်နှစ်လုံး ရှိလေ၏။ ပြတင်းပေါက်ဘေးဘက်မှာက စားပွဲခုံမြင့်နှင့် အုတ်တိုင်ရှိကာ ပစ္စည်း တင်ရန် ခုံတန်းရှည်တစ်ခု ရှိနေပါသည်။ အဲဒီဘေးမှာမှ ခုတင်နှစ်လုံး ကို အံဆွဲပါစားပွဲတစ်လုံးဖြင့် ခြားထားလေ၏။ ထောင့်ဆုံးရှိ ခုတင် အောက်ခြေနှင့် ဗီရိုကြားမှာလည်း ပစ္စည်းတင်ရန် ခုံရှည်တစ်လုံးရှိနေ ပါသည်။

စားပွဲနှင့် ထောင့်ခုတင်ကြားမှာ ပြတင်းပေါက်ရှိတာမို့ ထို ခုတင်ကို သူမသုံးရန် ရွေးလိုက်ပါ၏။ အခန်းအလယ်မှာ နံရံမြှုပ် မီးထိုင်းနှစ်ခုရှိကာ အလင်းရလေသည်။ ခုတင်ခေါင်းရင်းဘက်တွေမှာ အိပ်မီးလုံးလေးတွေ တပ်ထားပုံက ကြည့်၍ အလွန်လှပါ၏။ မမက ဆိုဆောင်အိတ်ကိုဖွင့်ကာ ပစ္စည်းတွေထုတ်နေပြီဖြစ်ပေမယ့် သူမက တော့ ပင်ပန်းနေပြီမို့ အိပ်ရာထက် ပစ်လှဲချလိုက်မိတော့သည်။

မနက်စောစောပိုင်းမို့ သိပ်မပူသေးပေမယ့် Aircon မှ အေးခတ်အနေတော် ရနေတာမို့ အိပ်ပျော်အောင် အိပ်နိုင်မှာပါ ပဲ။ အိပ်ရာနိုးမှပဲ ရေချိုးရန်ဆုံးဖြတ်ကာ မျက်ခွံတို့ တဖြည်းဖြည်း လေးလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ တစ်ကြိမ်တစ်ခါ မျက်ကြာကြာ မိဘနှင့်မခွဲဖူးတာမို့ မေမေ စိတ်မချပြောခဲ့သဖြင့် မေမေနှင့် စကားများခဲ့ရတာမို့ စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမဖြစ်သည့် အစ်မဝမ်းကွဲနှင့်အတူ သွားတာတော်...
စိတ်မချရတယ်လို့ ဒီအရွယ်ထိတိုင် သူမကို ကလေးလိုမြင်ပြီး ချုပ်ချ...
လွန်းတာကို မကြိုက်လှပါ။ အထူးသဖြင့် ဒီမှာ ရေကစားဖြစ်မှာ...
အန္တရာယ်ဖြစ်မှာစိုးပြီး တဖွဖွမှာလိုက်တာ နားပူမဆုံးတော့ပါလေ...
လောလောဆယ်တော့ ပိုးရဲ့လွတ်လပ်တဲ့ ခရီးစဉ်လေးကို ပျော်ရွ...
ကြီး ဖြတ်သန်းပါရစေနော်။

ဘယ်နှစ်နာရီမျှကြာအောင် အိပ်ပျော်သွားသည်မသိ...
နားထဲမှာကြားနေရပါသည့် မမ၏ တီးတိုးဖုန်းပြောနေသံကြောင့် ...
စက်ပျော်နေရာမှ နိုးထလာရပါ၏။ ထောင့်ခုံမှာ ထိုင်ပြီးပြောနေတ...
ဖြစ်ပေမယ့် အသံလုံသည့်အခန်းမို့ မမအသံကို ကြားရခြင်းပါပဲ။

''စိတ်မဆိုးပါနဲ့ဟာယ် ... ငါ တစ်ယောက်တည်းဆို နှင့်အိ...
လိုက်အိပ်တာ အကြောင်းလား။ ဒီလူနဲ့ ဒီလူ အားနာစရာမှ မရှိတာ...

''အေး ... ညီမလေးပါလာလို့ပါ။ သူ့ဒွေးသမီးကို ခေါ်လာ...
လို့ဟဲ့။ လေးလေးက သူ့သမီးကို ဖူးဖူးမှုတ် အလိုလိုက်ထားတ...
လေ။ ကလေး အနေအစားဆင်းရဲမှာစိုးလို့ဆိုပြီး ဟိုတယ်တည်းခိုခ...
အစ ထုတ်ပေးလိုက်တာ ရတီရဲ့ ... အေး''

အဲဒါတွေ မကြိုက်တာပေါ့။ လူကို မျက်စိဒေါက်ထောက်...
ကြည့်နေပြီး တစ်ခုခုဖြစ်မှာကို စိုးရိမ်ကြတာလောက် သူမ မကြိုက်တာ...





...ရှိတော့ပါ။ တစ်ဦးတည်းသောသမီးမို့ ဂရုစိုက်ကြတာကို လက်ခံ
...သည်။ သို့သော် အရွယ်ရောက်နေပြီဖြစ်သည့်သမီးကို တက္ကသိုလ်
...ကျောင်းသူဟု မမြင်နိုင်ဘဲ မူကြိုကျောင်းသူဟု မြင်တတ်တာ မိဘ
...တိုင်းရဲ့ သဘာဝပေပဲလား။ သူမ မသိတော့ပါချေ။

''ဒီနေ့တော့ ဘယ်မှမသွားဘဲ နားမလို့။ ထမင်းလား ...
...ဘယ်စားဖြစ်ဦးမလဲ။ ပိုးအိပ်နေတုန်းမို့ နို့မှပဲ သွားစားဖြစ်မှာ။ ညနေစာ
...အားလေ ... အဆင်ပြေရင် လိုက်စားမှာပေါ့။ လာကြိုရင် ပိုအဆင်ပြေ
...တာပေါ့ဟဲ့။ ငါ ဒီကို ပြန်မရောက်တာ ဘယ်နှနှစ်ကြာနေပြီလဲ။
...ရင်နဲ့မတူတော့တာ။ လမ်းတွေ မမှတ်မိတော့ဘူး အဟုတ်ပဲ''

မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်ပါ၏။ နေ့လယ် (၁) နာရီ
...နေပြီမို့ ဝမ်းဗိုက်ထဲမှ ဟာတာတာဖြစ်နေသည့် အချက်ပေးသံက
...ည်လာလေသည်။ ပိုးက ဗိုက်အဆာမခံနိုင်သလို ဗိုက်အောင့်ကျင့်
...တာမို့ အဆာပြေအောင် အမြဲတစေ မုန့်တို့ သစ်သီးတို့က တစ္စတ်
...တ် စားကျင့်ရှိတာလေ။

''မမ''

''ဟဲ့ ... ပလုတ်တုတ်။ လန့်လိုက်တာ။ နိုးရင်လည်း
...တော့လေ။ ရေအရင်သောက်ပြီးမှ ရေချိုး''

''ဗိုက်ဆာတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးပြီးသွားစားမယ်လေ"

မမက ရေချိုးပြီးကာစ သနပ်ခါးပင် ခြေဆုံးခေါင်းဆုံး လိ ထားနှင့်ပြီးလေပြီ။ ဆံပင်ရှည်ကိုပါ သပ်သပ်ရပ်ရပ် ကျစ်ဆံမြီးကျ ထားလေ၏။ သူမမှာဖြင့် ရှုပ်ပွနေသည့် ဆံပင်ခွေတို့ကို ရှင်းလင်းရ မှာပါ။ နေပူထဲပြန်ထွက်ရဦးမှာမို့ ခေါင်းလျှော်လို့ မဖြစ်သေးပါဘေ ညမှပဲ လျှော်ဖြစ်မည်ထင်ပါရဲ့။

ရေချိုးခန်းထဲမှာက နှစ်ပေမီးချောင်းက လင်းလင်းထင်းထင် ဖြစ်နေတာမို့ စိတ်မလုံသဖြင့် မီးပိတ်ကာ ရေချိုးရလေ၏။ သူ သုံးနေကျ shower gell, shampoo, tooth-peast, tooth brush, towel တို့ကို မေမေထည့်ပေးလိုက်တာမို့ မမက bath- room ထဲမှာ သေချာစီထားပေးလေ၏။ သောက်နေကျဆေးတွေကို ဖမေမေ မမေ့ မလျော့ ထည့်ပေးလိုက်ပုံပါပဲ။

"အား"

"ဟဲ့! … ဘယ်လိုဖြစ်ရတာလဲ"

"လုံချည်ယူဖို့ မေ့သွားလို့"

"ဖြစ်ရမယ် … ဘာရောင်လဲ"

"ခပ်ပါးပါးလေးလေး၊ အနက်ပေါ်မှာ spot လုံးအစိမ်းတွေ ကျဲထားတာ"





"တံခါးဟလေ"

"မကြည့်နဲ့နော်"

"ခြော် … ငါ့ကိုများ ဘာမှတ်နေလဲ … ရော့"

တံခါးအသာဟကာ မမပေးလိုက်သည့် လုံချည်ကို ယူလိုက် ပါ၏။ ဘုရားဖူးလျှင် လုံချည်ဝတ်ရန် မေမေ အတန့်တန့်မှာလိုက်တာမို့ အိတ်ထဲမှာ လေးငါးစုံခန့် ပါလာပါသည်။ ထသွားထလာ ဝတ်ရန် ပေါ့ပေါ့ပါးပါး ဘောင်းဘီနှင့် blouse တွေပါ အများဆုံးထည့်ခဲ့တာပါ။ အထည်များတာက ပြဿနာမရှိ ဝတ်ပြီးသားတွေ အိတ်ထဲပြန်ထည့် သယ်ရမှာကိုတော့ သူမ မနှစ်သက်ပါလေ။

"မမ"

"ဘာလဲ"

"အဝတ်တွေ ဘယ်လိုလျှော်မှာလဲ"

"ဟိုတယ်မှာ ဒိုဘီအပ်လို့ရပါတယ်ဟယ်။ ငါမေးထားပြီးပါ ပြီ။ ပူမနေနဲ့။ လျှော်မယ့်ဟာတွေသာ သေချာစုထား"

"ဆရာမ ပီသပါ့"

"အောင်မာ"

မျက်နှာမှာ ဘာမှမလူးဖြစ်တဲ့ အင်္ကျီနှင့် ဘောင်းဘီသာ ဝတ်ဖြစ်ပါ၏။ မမက နေပူမည် သတိပေးကာ အပေါ်မှ လက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



အပါးလေးဝတ်ခိုင်းကာ ဦးထုပ်ဆောင်းစေလေသည်။ ရန်ကုန်မှာက ကိုယ်ပိုင်ကား (ဒါမှမဟုတ်) Taxi ဖြင့် သွားနေကျမို့ ဒီလိုမဝတ်ဖြစ်ပါ။ အခုမှပဲ မမနဲ့လိုက်လာခဲ့တာမို့ အထူးအဆန်း လုပ်ရတော့တာပါလေ။

Lift ဖြင့် အောက်ထပ်သို့ဆင်းကာ Reception မှာ အခန်းသော့အပ်ခဲ့ရပါ၏။ ထမင်းဆိုင်ကောင်းကောင်းရှိရာကို မေးခဲ့တာမို့ ဆိုင်ကယ်ငှားမစီးဘဲ လမ်းလျှောက်ရန် စီစဉ်လိုက်ပါသည်။ မှန်တံခါးကို တွန်းဖွင့်လိုက်စဉ် နေမင်း၏အပူရှိန်က မျက်နှာကို ပြေးဟပ်လေ၏။ လေထဲမှာ သဲတွေပါလာသည့်နှယ် စပ်ဖျဉ်းဖျဉ်း ခံစားချက်က ချက်ချင်းဖြစ်ပေါ်လာသည်။

"ပူလိုက်တာနော် အရမ်းပဲ"

"အဲဒါကြောင့် ဒီလိုဝတ်ဖို့ မမပြောရတာပေါ့"

"ရန်ကုန်နေက ဒီလောက်မပူသလိုပဲ"

"ရန်ကုန်မှာက သစ်ပင်တွေများတာကိုး။ လေအေးအေးတိုက်တာပေါ့"

သူမ ခေါင်းညိတ်ပြလိုက်ပါ၏။ ရန်ကုန်မှာမွေးလာသည့် လွန်းပိုးဖြူက ရန်ကုန်မြို့ကိုသာ နှစ်ခြိုက်တာ ဆန်းမှမဆန်းတာလေ။

❋ ❋ ❋



## အခန်း (၁၀)

ခုတင်ထက်မှီထိုင်ကာ ဖုန်းဖြင့် game ဆော့နေစဉ် စားပွဲထက်ရှိ ဟိုတယ်ဖုန်းမှ အသံမြည်လာပါ၏။ မမ ရေချိုးနေတာမို့ အားသဖြင့် သူမက ဖုန်းကို လှမ်းကိုင်လိုက်ရလေသည်။ ဘာကိစ္စများရှိလို့ပါလိမ့်။

"ဟယ်လို . . . ၅၀၂ ကပါ"

"ဆရာမစိုးမိုးဒါလီပါလားရှင်။ Guest Room မှာ ဧည့်သည်ရောက်နေလို့ လှမ်းအကြောင်းကြားရတာပါ"

"ဪ . . ဟုတ်ကဲ့ပါ။ ပို့ပြောလိုက်ပါ့မယ် ကျေးဇူးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းအဖြူလေးကို ပြန်ချလိုက်ပြီး ရေချိုးခန်းတံခါးကို သွာ ခေါက်လိုက်ရပါ၏။ မမက ရေချိုးလျှင် စိမ်ပြီးချိုးတတ်တာမို့ ကြာ ရှိလေသည်။ ရေပန်းဖွင့်ထားတာမို့ တံခါးခေါက်သံကို မကြားသဖြ လက်သီးဖြင့် သုံးလေးချက်ထုလိုက်ရပါ၏။ ဒီအပျိုကြီးကတော့ ရေ ရင် ဘာတွေစိတ်ကူးယဉ်နေသည်မသိပါလေ။

"ဒုန်း! ဒုန်း! ဒုန်း!"

"ပိုးလား . . . ဘာလဲ"

"ညွှန့်သည်ရောက်နေပြီတဲ့"

"ဘာပြောလိုက်တယ်"

"အောက်မှာ ညွှန့်သည်ရောက်နေပြီတဲ့။ ဖုန်းလှမ်းခေါ်တယ် မြန်မြန်လုပ်လေ"

"အေး အေး"

ကိုယ့်ကိုယ်ကိုယ် သေသပ်စေရန် မှန်ထဲ တစ်ချက်ကြ လိုက်မိပါ၏။ ဆံပင်ကို သေချာပြန်စည်းရန် ဖြည်ချလိုက်ပါသည် ပြီးမှ ဘီးဖြင့်ဖြီးကာ မြင့်မြင့်လေး စည်းလိုက်ပါ၏။ ဝတ်ထားသ sport shirt မိုးပြာရောင်နှင့် Jeams pants အပြာနုက mat ဖြစ်ပြီးသားမို့ လဲဖို့မလိုတော့ပါလေ။ Slimbag ခပ်သေးသေး အ လေးထဲမှာ ပိုက်ဆံအိတ်နှင့် မှတ်စုစာအုပ်လေးကို ထည့်လိုက်ပါ





န်းကိုတော့ game ဆော့လက်စမို့ မထည့်ဖြစ်သေးပါချေ။

"Ready ဖဲလား"

"အင်း"

"မျက်နှာမှာ ဘာမှမလူးဘူးလား"

"မလိမ်းချင်ပါဘူး . . . ပူကပူနဲ့"

"နေပူတာနဲ့ မျက်နှာမှာ ဝက်ခြံတွေ မဲ့ခြောက်တွေ ထွက်လာ တော့ ဘယ်လိုလုပ်မလဲ"

"မထွက်ပါဘူး မမရာ။ ပိုးမျက်နှာက အလှကုန်တွေ သုံးလေ့ တာမျိုးမှ မဟုတ်တာကို။ ဘာမှမဖြစ်ဘူး ပူမနေနဲ့"

"အေးပါ . . . ငယ်သေးလို့ ဂရုစိုက်ရမှန်း နားမလည်ဘူး။ ါတို့ အသက်လောက်ရောက်မှ သိလိမ့်မယ်"

မမက ပွစိပွစိ ရေရွတ်ကာ ရန်ကုန်မှဝယ်လာသည့် ရွှေပြည် ။ နှံ့သာဖြူဘူးကို ဖွင့်ကာ ရေဖြင့် ဖျော်လူးနေလေ၏။ သူမက ည့်သို့ ဘူးသနပ်ခါးကို make-up တွေပါတာမို့ သိပ်မကြိုက်လှပါ။ ျာက်ပျဉ်ဖြင့် သွေးလူးရပါသည့် သနပ်ခါးအတုံးကိုသာ နှစ်ခြိုက်ပါ ၊ သကြန်လည်လျှင်တော့ အလှပြင်ဖြစ်ရန် ပစ္စည်းတွေ ယူလာလေ ည်။ ခပ်ကဲကဲ ရန်ကုန်သူမျိုး မဟုတ်ပေမယ့် ခေတ်နဲ့အညီတော့ န်းပိုးဖြူ ပြင်ဆင်တတ် ဝတ်စားတတ်နေတတ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားကြစို့"

မမက ပြင်ပြီးပြီမို့ သူမကို လှမ်းပြောလိုက်လေ၏။ Phon screen off ခလုတ်ကို နှိပ်ကာ Slimbag အိတ်ထဲထည့်လျှ လွယ်လိုက်ပါသည်။ မသွားခင် Toilet တက်တတ်ကျင့်ရှိတာ bathroom ထဲ အပြေးဝင်ရလေ၏။ မမက Aircon ခလုတ်နှင့် ခလုတ်တွေကို ပိတ်ထားနှင့်ပါသည်။

"ဦးထုပ်ယူရဦးမှာလား"

"မယူနဲ့တော့ . . . ဆိုင်ကယ်ဦးထုပ်ဆောင်းရမှာ"

"ဟင် . . . ဆိုင်ကယ်စီးရမှာ"

"အေးလေ . . . မန္တလေးရောက်မှတော့ ဆိုင်ကယ်စီးရ ပေါ့။ ဒီမှာ ကားလမ်း ဒီလောက်ကြပ်နေတာ"

"အာ . . . ပိုးမှ မစီးရဲတာကို"

"မစီးရဲလည်း စီးတတ်အောင်စီး။ လူတိုင်းကို နှင့်လို ကို ပိုင်ကားစီးနိုင်မယ် ထင်နေလား"

"Taxi ငှား မမရာ"

"ဟယ် . . . ဘုရားလိုက်ဖူးတော့ ငှားမှာပေါ့။ ကားငှား လွယ်တယ်ထင်နေလား။ ဟိုတယ်အနီးနားမှာ နှင့်ဘကြီး Taxi မရှိဘူး။ ငှားချင်ရင် ကြိုမှာထားမှရမှာ။ ဟိုနား ဒီနား ဆိုင်ကယ်ပဲ





"မမကလည်းကွာ . . . ဖေဖေနဲ့တိုင်ရမှာလား"

"တစ်ဆိတ်ရှိ အဖေ အားကိုးနေပြန်ပါပြီ။ ငါ့နောက် နှိုက်ထ,လိုက်ချင်တာ ဘယ်သူလဲ"

"မမနော်"

"ခုမှ ဂျီဂျောင် ကျမနေနဲ့ မိပိုးရေ။ မလိုက်ချင်နေခဲ့။ ညတာ အငတ်ခံနိုင်ရင်"

"လိုက်မယ် . . . လိုက်မယ်။ ဆိုင်ကယ်မကလို့ မိုးပျံရထား ရလည်း လိုက်ရမှာပဲဟာ"

ညီအစ်မနှစ်ယောက် lift ထဲမှာ စကားများရင်း level ထပ်သို့ ဆင်းခဲ့ပါ၏။ ဟိုတယ်မှာ တည်းကြတာအများစုက Foreigner တွေသာဖြစ်ပြီး ပိုးတို့အရွယ် လူငယ်တွေကို တစ်ယောက် တောင်မှ မတွေ့ရပါချေ။ ဧည့်သည်တွေထဲမှာ စုံတွဲတွေ၊ မိသားစုတွေ သာ တွေ့ရပါ၏။ မြေညီထပ်သို့ရောက်စဉ် lift ထဲမှ ထွက်လိုက်ပါ သည်။

"စိမ့်"

"ဟယ်! ရတီ . . . နင်ကတော့ အရင်အတိုင်းပဲ"

"အေး . . . နင် နည်းနည်းပြည့်လာသလိုပဲ"

"ဟုတ်တယ် . . . သူက"



www.burmeseclassic.com

www.burmeseclassic.com



"သူရလေ ... မမှတ်မိတော့ဘူးလား"

"ဟုတ်သားပဲ ... ထွားလာလိုက်တာ။ ဒါနဲ့ အငယ်လေး

ရော"

"အိမ်မှာပဲလေ"

"အတော်ပဲ ... မိတ်ဆက်ပေးမယ်။ ဒါ ... မမရဲ့ညီမဝမ်းကွဲ

လေ။ နာမည်က လွန်းပိုးဖြူတဲ့။ မှတ်ထားနော် သူရ"

"ဟုတ်ကဲ့"

မမ၏သူငယ်ချင်းက မောင်ဖြစ်သူနှင့် မိတ်ဆက်ပေးတော့ ဆက်တီခုံမှာ ထိုင်နေသည့် ကောင်လေးက မျက်တပ်ရပ်လိုက်လေ ရှယ်တူယောကျ်ားလေးမို့ သူမက တစ်ချက်ကြည့်လိုက်မိပါသည်။ အ ပိုးကို ငေးကြည့်နေသည့် မျက်ဝန်းနက်တို့က အရည်တို့ ရွှန်းလဲ့ တောက်ပနေတာပါလေ။

ဘယ်လိုလဲ ... အခုမှ စတွေ့ဖူးတဲ့လူငယ်လေးက ပိုး မမြင်ဖူးသလိုမျိုး တအံ့တသြနဲ့ ငေးကြည့်နေရတယ်လို့။ ဘာလဲ ဒီ အရွယ် ဒီပုံစံမျိုး မတွေ့ဖူးလို့လား။ မန္တလေးသူတွေလည်း ရန်ကုန် တွေလို ခေတ်မီကြတဲ့သူတွေပါလေ။ ဟိုအရင်တုန်းကလို ရွှေ ကောက်၊ ရွှေခြေချင်းနဲ့ မမတွေကဖြင့် ဒီခေတ်မှာ မရှိတော့သလော ပါပဲ။





"သူရ"

"ဗျာ! ... မမ"

"သွားကြမယ်လေ ... ဘာငေးနေတာလဲ။ ညီမလေးက မောင်လေးနဲ့အတူစီးနော်"

"ဖြည်းဖြည်းမောင်းပေးပါ သူရ။ ပိုးက ဆိုင်ကယ်တစ်ခါမှ စီးဖူးလို့ ကြောက်နေတာ"

"ဟုတ်ကဲ့"

ပြောမှသာ 'ဟုတ်ကဲ့' ဆိုပြီး တစ်ခွန်းသာပြောတတ်သည့် ငယ်လေးကြောင့် သူမ ပြုံးမိလေ၏။ ဟန်ဆောင်ထားတာများလား။ တည်းမဟုတ် နဂိုကတည်းက အနေအေးပြီး စကားနည်းတာပဲ တစ်ခုခုတော့ ဖြစ်ပေမည်။ ဟိုတယ်အပြင်သို့ ရောက်စဉ် ထားသည့် ဆိုင်ကယ်ကိုင်းမှာ ချိတ်ထားသောဦးထုပ်ကို သူ ပေး လေ၏။

"ဒါ ခေါင်းပါ"

"ပိုး မတပ်တတ်ဘူး"

တကယ်လည်း ဓမ္မးကြိုးကို မတပ်တတ်တာမို့ပါ။ သူက သွားပြီးမှ ပြုံးယောင်ယောင်ဖြစ်သွားလေသည်။ ဘာလဲ၊ လူကို င်သေးတာလား။ ရန်ကုန်မှာကိုယ်ပိုင်ကားနဲ့ taxi တ



www.burmeseclassic.com

www.burmeseclassic.com



အမြီစီးလေ့ရှိတဲ့ မိန်းကလေးကို ဒီလိုတော့ သိသိပ်လျှို့ဝှက်သည်
အပြုံးမျိုးတော့ မပြုံးသင့်ပါလေ။ သူမ၏ဦးထုပ်မေးသိုင်းကြိုးကို
လာတပ်ပေးတော့ အမြင်ကပ်စွာဖြင့် မျက်စောင်းထိုးလိုက်မိတော့သည်

"ဟောဗျာ!"

"ဘာဖြစ်တာလဲ ... သွားကြမယ်လေ"

အစ်မနှစ်ယောက်စီးသည့် ဆိုင်ကယ်က ဦးခနဲ မောင်းထွ
သွားလေပြီ။ သူနှင့် သူမသာကျန်ခဲ့တာမို့ စက်နှိုးလိုက်ပါသည့်
ဆိုင်ကယ်ပေါ် အမြန်တက်လိုက်ရပါ၏။ တစ်ခုခု လှည့်ပြောလိုက်
မယ့် ဘာမှန်းမသိစဉ် ဆိုင်ကယ်က ငြိမ့်ခနဲ မောင်းထွက်သွားတာ
သူ့ပခုံးကို အမြန်ဖမ်းဆုပ်ကိုင်ထားလိုက်ရလေသည်။ စိတ်ထဲမှလည်
မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့မိတော့တာအမှန်ပါပဲ။

ဘယ်နေရာမှန်းပင်မသိပါ။ မမတို့ကို အရိပ်သော်မျှ မမြင်
တော့ပါဘဲ ဟိုချိုး ဒီကွေ့ဖြင့် သူမောင်းလာသည့်အတိုင်း ပါလာရ
၏။ ကိုယ်နဲ့ လုံးဝမသိပါဘဲ သူ့စိမ်းယောက်ျားလေးလက်ထဲ ယုံ
ကြည်ကြည် ထည့်ပေးသည့် မမကြောင့် စိတ်ပါတိုရပါသည်။ တ
တစ်ရာ အန္တရာယ်ကြုံရပါက မည်သို့ တုံ့ပြန်ရမည်ဆိုတာကို အခြေ
လောက်တော့ လွန်းပိုးဖြူတို့ ဇာတ်မြောက်ထားပါ၏။ ရန်ကုန်သူ
လျှော့တွက်လို့တော့ မရပါလေ။





လမ်းကြားထဲကွေ့ဝင်ကာ ခြံဝင်းထဲရောက်သွားသည့်အတွက်
အထိတ်တလန့် ဖြစ်သွားမိပေမယ့် စောစောက မမစီးသွားပါသည့်
ဆိုင်ကယ်နှင့် ချိတ်ထားပါသည့် ဦးထုပ်ကိုမြင်လိုက်ရသောကြောင့်
အက်ပြင်းကိုချတ်ချလိုက်မိတော့သည်။ တိုက်ထဲမှ ဘောလုံးပိုက်ကာ
ပြေးထွက်လာသည့် ချာတိတ်လေးက သူမတို့နှစ်ဦးကို မြင်သွားစဉ်
အခုံတညြဖြင့် ပြုံးပြကြည့်လေ၏။

"ဖြုတ်ပေးပါဦး"

သူ့ကို လှမ်းပြောလိုက်တာမို့ သူက သူမ၏ဦးထုပ် မေးသိုင်း
ကြိုးကို ဖြုတ်ပေးကာ ခေါင်းမှလည်း အသာအယာချွတ်ပေးလိုက်ပါ
သည်။ အခုမှပဲ လေးပင် လှောင်အိုက်နေသည့်ဒဏ်မှ လွတ်ရတာမို့
ခေါင်းခါလိုက်မိ၏။ ချာတိတ်လေးထံမှ ခစ်ခနဲရယ်သံထွက်လာလေ
သည်။ သူနှင့်အတော်ဆင်ကာ ဝဝလုံးလုံးလေးမို့ ကလေးသာသာ
အရွယ်လေးပါလေ။

"ဘိုမရုပ်လေးလိုပဲ ... ချစ်စရာလေး"

"ဟော့ကောင်!"

"အံမယ် ... သူကပဲပြောရတယ် ရှိသေး။ မင်းကမှ ချစ်ဖို့
ကောင်းတာကွ"

"အ! ... နာတယ် မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဓါးမြှောင်းဖောင်းဖောင်းလေးကို ချစ်စနိုးဖြင့် အသာ[illegible] ဆွဲလိမ်လိုက်မိပါ၏။ ကောင်လေးက သဘောကျစွာဖြင့် တခစ်ခစ်[illegible] ရယ်လေတော့သည်။ ဒီအရွယ်မှို (၅) တန်းလား၊ (၆) တန်းလာ[illegible] အဲဒီလောက်တော့ရှိပေမည်။ ချာတိတ်လေးက ရဲရဲတင်းတင်းပင် သူမ[illegible] လက်ဝါးကို ဆုပ်ကိုင်လျက် ဆွဲခေါ်နေပြီမို့ အိမ်ထဲသို့ လိုက်ခဲ့ရလေ[illegible]

"ဟော! . . . ထင်တဲ့အတိုင်းပဲ။ အိမ်က သောကြာသား[illegible] အရင်ဆုံး ခင်တာမဟုတ်လား သမီး"

"အဟင်း . . . အငယ်လေးက သွက်တယ်နော် အန်တီ"

"ဟုတ်ပါ့ရှင်၊ အကြီးကောင်က အေးဆေးသလောက် အငယ်ကောင်က အန်တီတို့အိမ်ရဲ့ ဆည်းလည်းလေးပဲလေ။ အန်တီ[illegible] သားကြီး လင်းသူရအောင်နဲ့ သားငယ်သက်ဝေအောင်ပါကွယ်"

"ပိုးနာမည်က လွန်းပိုးဖြူပါ အန်တီ"

"သမီးက အချောလေးပဲ"

"သားပြောတယ်လေ . . . ဘိုမရုပ်လေးလိုပဲလို့"

ရင်းနှီးနွေးထွေးစွာ ကြိုဆိုလိုက်ပါသည့် မိသားစုကြောင့် ရင်ထဲ လေးနေသမျှ အတော်ပေါ့ပါးသွားရပါ၏။ အစ်မနှစ်ယောက်[illegible] စကားဝိုင်းကဖြင့် ရေဝက်မဝင်အောင် အော်ကျယ်ကျယ်နိုင်လှပေ[illegible] သည်။ အန်တီက ညစာစားရန်ပြင်တော့မှာမို့ အလိုက်တသိဖြင့်





[illegible]ိုင်းကူရန် နောက်ဖေးခန်းဘက် လိုက်ဝင်ခဲ့မိ၏။

အငယ်လေးက သွားမဆော့ဘဲ ညှိသည်ရောက်၍ ပျော်[illegible] သည်ထင့် သူမနောက်သို့ တကောက်ကောက်ဖြင့် လိုက်လေတော့ သည်။ အန်တီက ရှုပ်၍ မောင်းထုတ်သော်ငြား ခေါင်းခါပြကာ သူမ [illegible]အနီး ကပ်နေပါ၏။ အထူးသဖြင့် ခပ်မြင့်မြင့်လေးစည်းနှောင်ထားပါ သည့် သူမ၏ နှုဂိုကောက်ဆံပင်ခွေခွေလေးတွေကို အသည်းတယား [illegible]သား ဖြစ်နေပုံပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ပိန္နဲတောက်ပင်ကြီးထက်မှ ပိန္နဲတောက်ဖူးတွေကို မော့ကြည့်[illegible] မိတယ်။ သကြန်နီးနေပြီမို့ မိုးကိုမျှော်နေသည့်နှယ်ပါ။ အပင်အောက်[illegible] ခုံပုလေး တွေ ချထားပေမယ့် သူမကာ သူ တံမြက်စည်းလှည်းထား[illegible] သည့် သစ်ပင်ခြေရင်းရှိ သစ်မြစ်ပေါ်မှာပင် ထိုင်ချလိုက်လေသည်[illegible]

"ခုံမှာထိုင်လေ"

"ဟင့်အင်း ... ပူလို့ပါ"

ညနေစောင်းသွားပေမယ့် တိုက်ခတ်လိုက်ပါသည့် လေ[illegible] မအေးတဲ့ ပူနေတုန်းပါပဲ။ မမ မပြန်သေးတာမို့ ဟိုတယ်ကိုပြန်ချင်ပြီ[illegible]





ပြောရဲသေးပါ။ သူက အိမ်ထဲတစ်ခေါက် ပြန်ဝင်သွားပြီးနောက် နှုတ်ခက်ရှည်တစ်ခွက်ကိုင်လျက် ရောက်လာလေ၏။ ထမင်းစားပြီးပြီမို့ ရင်ချောင်စေရန် သံပုရာရည်ဖျော်တိုက်ချင်းပါလား။

"ကျေးဇူး"

"ကျောင်းပြီးပြီးသားလား"

"အင်း ... ဟုတ်တယ်"

"ပိုးလို့ပဲခေါ်ရင် ဖြစ်လား"

ဖျော်ရည်ကို တစ်ငုံမျှသောက်ရင်း ပြုံးလိုက်မိပါ၏။ ဒါတော့ ပြောရဲသားပါလား။ စကားသိပ်မပြောဘဲ တိတ်တိတ်နေတတ်သည့် ယောက်ျားလေးမျိုးကို ပိုး သဘောကျတာအမှန်ပါ။ "ယောက်ျားဆို တာ ဆိုခဲစေ မြဲစေ" ရှိရမှာ မဟုတ်လား။ မိန်းမလှလေးတွေမြင်ရုံနဲ့ ယောပရိုလုပ်ကာ ဗလွတ်ရွတ်တစနောက်သည့် မျက်နှာရှုံ့မျိုးကိုမြင်ရင် မြင်ပြင်းကပ်မိတာပါလေ။

"ဖြစ်တယ်"

"အလုပ်ရော"

မျက်ခုံးတစ်ချက်ပင့်သွားရပါ၏။ ကြည့်ရတာ စကားမရှိ စကားရှာကာ ပြောနေပုံပါပင်။ မေးသည့်အကြောင်းအရာတို့က သူ[illegible] ဆက်နေတာမို့ အထင်လွဲစရာမှ မရှိတာတဲ။ ခပ်မင်လိုစိတ်နဲ့ မေးတာကို



www.burmeseclassic.com

www.burmeseclassic.com



ပိုးတို့လက်သင့်ခံနိုင်တာပါလေ။ သူက ခုံမှာ ပိုးမထိုင်တာမို့ တစ်ဖက် သစ်မြစ်မှာပင် သွားထိုင်လိုက်လေ၏။

"ပိုးက ကျောင်းဆက်တက်ဦးမှာ"

"ဘယ်လို"

"ဟုတ်တယ် . . . ဖေဖေက ဒီဘွဲ့လေးလောက်နဲ့ ဘာမှလုပ်လို့မရဘူးတဲ့။ ဒါကြောင့် . . . ကျောင်းဆက်တက်ဖို့ ဆုံးဖြတ်လိုက်ရတာ"

"M.Sc လား"

"ဟုတ်ဘူး . . . စက်ဘွဲ့မှာတက်ဖို့"

"ဟင် . . . တစ်ယောက်တည်းလွှတ်ဖို့ စိတ်ချရဲ့လား"

"လောလောဆယ် မသွားသေးပါဘူး 'သူ' ရဲ့။ ဟိုမှာ ကျောင်းဆက်တက်နိုင်ဖို့ ဝင်ခွင့်ဖြေရဦးမှာ။ အဲဒီမှာ ဖေဖေ့အစ်ကို ပိုးရဲ့ဘကြီး မိသားစုရှိတယ်"

"ဪ"

စကားဝိုင်းက တိတ်သွားပါ၏။ မည်သို့ခေါ်ရမည်မှန်း မသိတာမို့ 'သူ' ဟု နာမ်စားသုံးလိုက်မိသည်။ သူက သတိထားမိပုံမရပါ။ လူကိုမကြည့်ဘဲ ခြေစုထိုင်ကာ အနည်းငယ်မျှ ရှေ့ကို လျှောထား သည့် သူမခြေထောက်ကို ငေးကြည့်နေသလို ဖြစ်နေတာမို့ နေရောက်





သွားရလေ၏။

ရန်ကုန်မှာ ကာလာရောင်စုံဆိုးတတ်ပြီး ပုံဖော်နေကျဖြစ်ပေမယ့် ရောကစားဖြစ်မှာမို့ ဒီလာစဉ် အကြည်ရောင်လေးသာ လက်သည်းနှင့် ခြေသည်းကို ဆိုးဖြစ်တာပါ။ လေတိုက်လွန်း၍ ဖုန်တွေတင်နေတာ တာ သူမ ခြေချောင်းတွေကို အရှုပ်ဆိုးစေလေမလား။ နေရခက်ပုံနော်။ သူက စိုက်ကြည့်နေတာဖြစ်ပေမယ့် အာရုံက တခြားသို့ လွင့်နေသည့်နှယ်ပါ။

ဘာတွေများတွေးနေပါသလဲ။ မျက်လွှာချထားတာမို့ ရှည်လျားသည့် မျက်တောင်စိပ်စိပ်တို့ကို အရှင်းသား မြင်နေရလေ၏။ ယောကျ်ားလေးဖြစ်ပြီး ဤမျှ မျက်တောင်ရှည်ရပါသလား။ တစ်ကြိမ်တစ်ခါမှ သူစိမ်းယောကျ်ားတစ်ယောက်ကို ဤသို့ အနီးကပ် စိုက်ကြည့်ဖူးပါ။ သူက ပထမဦးဆုံးပါပဲ။ အထူးသဖြင့် အဲဒီမျက်တောင်တွေ ဖုံးကွယ်ထားပါသည့် မျက်သားဖြူဖြူနှင့် မျက်ဆံနက်နက်တို့ကို နှစ်ခြိုက်မိသလိုပါလေ။

လက်ဝါးဖြင့် သူမျက်နှာရှေ့ လှုပ်ခါပြလိုက်လေမှ ရုတ်တရက် သူ သတိဝင်သွားပါ၏။ သူမကို ဖျတ်ခနဲကြည့်လိုက်ပါသည့် ရွှန်းလဲ့လဲ့ မျက်ဝန်းတို့ကြောင့် ရင်ထဲ လှုပ်ခနဲ အေးသွားသည့်နှယ်ပါ။ အလို့ အကြောင့်များ သူမျက်ဝန်းတစ်စုံက ပိုးကို ရင်ခုန်စိတ်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ခေတာပါလိမ့်။

"ဘာလဲဟင်"

"အသက်ရှူရဲ့လားလို့ပါ"

"ဪ"

သူက သဘောကျသွားသည့်နှယ် ပြုံးလိုက်လေ၏။ ထိုအပြုံ
က သူ့မျက်နှာကို ပိုၡ နုပျိုသွားစေသလို ကြည့်ကောင်းသွားစေသည်
နှယ်ပါ။ ကြည့်စမ်း။ ဒီကောင်လေးထံမှာ ဒီလို ဆွဲဆောင်မှုတွေ
ရှိနေတာ အံ့သြစရာပါလား။ ဒီအပြုံးလေးနဲ့ ကောင်မလေး ဘယ်
နှစ်ယောက်ရဲ့အသည်းတွေကိုများ ခွဲနိုင်ပြီလဲ လင်းသူရအောင်။

"သကြံနိမှာ ရေဆော့မှာလား။ ရေပက်ခံထွက်မှာလား"

"သူငယ်ချင်းတွေနဲ့ မဏ္ဍပ်တော့ ထိုင်ဖြစ်မယ်။ သီးသန့်ကြီး
ရေပက်ခံမထွက်ဖြစ်ပါဘူး"

"ခေါ်မှာလား"

"ဗျာ"

"ပိုးက ဒီနယ်သားမှ မဟုတ်တာ။ အထူးသဖြင့် အလှပြ
ကားတွေ လှည့်တာနဲ့ အကပြိုင်ကြတာကို ကြားဖူးလို့ လာလေ့လာ
တာလေ"

"ဟုတ်တယ် ... ပိုးလိုက်ချင်ရင် ခေါ်မှာပေါ့။ ဒါပေမဲ့"





သူက စကားမဆက်ဘဲ ရပ်ထားလေ၏။ ဘာဖြစ်လို့လဲ။
ငွေကုန်မှာကြောက်လို့လား။ မဏ္ဍပ်မှာ သွားကစားရင် member
card ဖြင့် ဝင်ရသလို ဝင်ကြေး လေးရက်စာပေးရမှန်း သိပါ၏။ ဒီ
လောက်တော့ သူမ လည်မှန်း သူ မသိပါလား။ ပြောရမှာ အားနာပုံ
ဖြစ်နေတာမို့ သူမကပင် စကားကြောင်းပေးလိုက်ရပါသည်။

"ဘာလဲ ... ဝင်ကြေးပေးရမှာမို့လို့လား။ ပိုး ပေးမှာပါ"

"မဟုတ်ပါဘူး ... ဝင်ကြေးက သုံးလေးသောင်းလေးပဲ
ဆိုး အကြောင်းမှမဟုတ်တာ"

"ဒါဖြင့် ... ဘာကိုပြောမလို့လဲ"

"ပိုးက မိန်းကလေးဖြစ်နေလို့"

"ဘာရယ် ... အဲဒီမှာ မိန်းကလေးတွေ မရှိလို့လား"

"ရှိတော့ ရှိပါတယ်။ သူတို့က ကကြ ခုန်ကြမှာဆိုတော့"

"ဒါများ ပိုးလည်း ကရဲတာပဲကို။ ရန်ကုန်သူကို လျှော့
တွက်ပါနဲ့"

သူ မျက်မှောင်ကြုတ်သွားလေ၏။ မကြိုက်ပုံပါပဲ။ လူကို
တစ်အိမ်လုံးမှ လူကြီးတွေက စိုးရိမ်တကြီးဖြင့် ဝိုင်းချုပ်ချယ်ကြတာ
နှင့်သော်ငြား သူစိမ်းတစ်ဦး၏ ဤသို့ မနှစ်သက်သလို တားဆီးချုပ်
ချယ်မှုက ရင်ထဲမှာ ပီတိဖြစ်လာသည့်နှယ်ပါ။ မကြိုက်ရင် မကြိုက်ဘူး

www.burmeseclassic.com



လို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတော့လား။

"ပိုးကလည်း"

"ဘာဖြစ်လို့လဲ"

"စိုးရိမ်လို့ပါ"

သူမ ပြုံးလိုက်တာကို သူ မြင်သွားလေ၏။ မျက်နှာထက်မှ ဖြန်းခနဲ ရဲသွားကာ အလန့်တကြား ဖြစ်သွားဟန်က အတော့်ကို ရယ်ဖွယ်ရာပါ။ သူ့ကို လှောင်သလို ဖြစ်သွားမှာစိုး၍ မနည်းကြိုး အောင့်ထားရတာကို သူမှ မသိတာလေ။

"ဟိုလေ … ပိုးက ငြိမ်သည်ဆိုတော့ တစ်ခုခုဖြစ်သွားရင် မကောင်းဘူးလေ၊ အဲဒါကြောင့်ပါ"

"ဟုတ်ပါပြီ … ပိုး သိပါတယ်။ ဒီလောက်ရှင်းပြဖို့ မလိုပါ ဘူး"

"သူငယ်ချင်းတွေက ဗရုတ်တွေမို့ ပိုးကို ဝိုင်းစကြမှာ"

"သကြီနံပဲ … စရင်စိတ်ဆိုးလို့ မရမှန်းသိပါတယ် သူရဲ့"

"ပြီးတော့ Beer တွေဘာတွေ မော့ကြမှာ"

"ပွင့်ပွင့်လင်းလင်းပြောပါလား"

"ဗျာ"

"မလိုက်နဲ့လို့လေ"





"ကျစ်! … မဟုတ်ရပါဘူး"

သူက စိတ်ရှုပ်ဟန်ဖြင့် ဆံပင်တွေကို ထိုးဖွလိုက်လေ၏။ ဆံတိုတိုညှပ်ထားပါသည့် ဆံပင်တို့က သိပ်ကြီးပုံပျက်မသွားပါလေ။ သူမက ရုပ်ရှင်မင်းသားတွေ၊ Model boy တွေ ဆံပင်ပုံစံအမျိုးမျိုး ထားတာကို နှစ်သက်တတ်ပေမယ့် သာမန်လူတွေ ဗရုတ်သုတ်ခ ဆံပင်ဆိုးကြတာ အရှည်ထားတာကိုဖြင့် မျက်မုန်းကျိုးတတ်သူပါ။

ယခု သူတို့စိတ်ထဲ နှစ်သက်မိသည့်အချက်က ဆံပင်တိုထားခြင်းနှင့် ဆေးမဆိုးထားသောကြောင့်လည်းပါလေ၏။ သို့သော် ရိုးတာလား မဝတ်တတ်တာဘဲလားမသိသည့် fashion style ကဖြင့် ခေါင်းရှုပ်ချင်စရာပါ။ အပေါ်နှင့်အောက်ကို အမြင်နဲ့ match ဖြစ်အောင် ဂျုံကောင်လေး မဝတ်ဆင်တတ်ပုံပါလေ။

"မနက်ပိုင်း နှစ်နာရီလောက်တော့ လည်ချင်တာပေါ့။ အအောင့်ပဲနေဖြစ်မှာကို။ အကြာကြီးနေမှာမှ မဟုတ်တာ။ မမလည်း ကြိုက်မှာမဟုတ်ဘူး"

"အင်းလေ … ခဏဆို ဖြစ်ပါတယ်"

"ဟိုတယ်ကိုတော့ ပြန်လိုက်ပို့ပေးနော်"

"စိတ်ချပါ … တခြားလူနဲ့လွှဲပြီး မပြန်နိုင်းပါဘူးဗျာ။ တာဝန်သိစိတ် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟော . . . ပြုံးပြန်ပြီ ဒီအပြုံးမျိုး။ ပိုးကြိုက်တဲ့ သူ့ဆံပင် သူ့အပြုံးက အိပ်မက်ထဲရောက်လာရင် ဘယ်လိုလုပ်ရပါ့မလဲ။ သူ style နဲ့ fashion ကို ဝေဖန်ချင်နေတဲ့လျှာက ယားနေတာ ဒုက္ခပါပဲ လား။ အခုမှတွေ့ရတဲ့ သူ့ကို ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီး ပြောမိရင် ပိုးက ရိုင်းပျသလိုဖြစ်တော့မှာလေ။

"ဘာပြောချင်သေးလဲ"

"ဟင် . . . ဘာကိုလဲ"

"တစ်ခုခုပြောချင်နေတယ် မဟုတ်လား"

အလိုလေး . . . ရင်ထဲထိ ထွင်းဖောက်မြင်နေသလိုပါပဲလား ပြသနာပဲ။ ပိုးကို စိုက်ကြည့်လိုက်တဲ့ မျက်ဝန်းနက်ကို ပြန်ကြည့်နေ ပေမယ့် ဖျတ်ခနဲ လွှဲလိုက်ရပါ၏။ မိန်းကလေးနဲ့ ယောက်ျားလေး အကြည့်ပြိုင်ရင် မိန်းကလေးကသာ မျက်လွှာချရမှာ သဘာဝမှန် သူ သိနေသလိုပါပဲလား။

"ဘယ်လိုသိလဲ"

"မျက်ဝန်းတွေကို"

"ဘယ်လို"

အံ့သြသွားရပါ၏။ ဒါကြောင့်လည်း စိတ်ရဲ့ပြတင်းပေါက် ဆိုတာ မျက်လုံးတွေလို့ တင်စားခဲ့ကြတာ မှန်နေတာလေ။ သူ



ပြုံးပြန်ပါ၏။ မေးနေပြီမို့ ပြောရတော့မှာပါ။ အားနာစိတ်က ရင်ထဲမှာ ဖြစ်နေပေမယ့် စေတနာဆိုတာကို သူသိပါစေလေ။

"ပြောရမလား"

"အင်းလေ . . . ပြောပါ"

"သူဝတ်တဲ့ fashion style ကို ဝေဖန်ချင်လို့ပါ။ စိတ်မဆိုး ရင်ပေါ့"

"ဘာဖြစ်လို့လဲ"

"အပေါ်ကအပြာ၊ အောက်က အစိမ်းလေ၊ ဘယ်လို match ဖြစ်ပါ့မလဲ"

"ဒါဖြင့် ဘယ်လိုဝတ်ရမှာလဲ။ ကိုယ်က အဲဒီလောက်ထိ ရှုမထားမိဘူး"

"အပြာနုဆို အောက်က နက်ပြာ။ အပေါ်က အစိမ်းနုဆို အောက်က ရွှေညိုရောင်ဝတ်မှပေါ့"

"နောက်ကော"

"နောက်ဆိုတာ နောက်မှပြောမယ်လေ"

"ပြန်ချင်ပြီလား"

"ည (၆) နာရီကျော်နေပြီ၊ ဘယ်သူက မပြန်ချင်ဘဲ ရှိပါ့ မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ထိုင်ရာမှထလိုက်လေ၏။ မမတို့ လေကြောမပြတ်တာ အတော်လေး သတိပေးရပါသည်။ အပြန်မှာ ညခင်းမီးရောင်အလှ နှင့်အတူ ရေကစားမဏ္ဍပ်တွေ ဆောက်ထားတာကို ဆိုင်ကယ်ဖြ လှည့်မောင်းကာ လိုက်ပြလေ၏။ ကျေးဇူးပါပဲ သူရယ်။

❋ ❋ ❋

BURMESE CLASSIC

## အခန်း (၁၂)

ဆိုင်ကယ်ကို ကျူးဘက်မောင်းလာလေ၏။ မမတို့ဆိုင်ကယ် တို့ မမြင်ရတော့ပါချေ။ ဘယ်လိုလဲ တစ်မြို့လုံးမှာ ကားတွေထက် ဆိုင်ကယ်တွေက ပိုများနေသလိုပါလေ။ သင်္ကြန်နီးနေပြီမို့ အလိုလို ရွှင်မြူးနေကြပြီး တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြပုံက ကိုယ့် ဆီသို့ပါ အပျော်တွေ ကူးစက်လာသည့်နှယ်ပါ။

ရေကစားမဏ္ဍပ်တွေဘက် လိုက်ပြစဉ် အကုန်မပြီးသေး သလို မီးဆိုင်းကြိုးတွေ ဆင်နေကြလေ၏။ သူက မဏ္ဍပ်တစ်ခုရှေ့ ရောက်တိုင်း ဆိုင်ကယ်ကို ဖြည်းဖြည်းမောင်းကာ ရှင်းပြပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲမှာ ဘယ်ရာထူး ဘယ်အဆင့်မှန်း မသိပေမယ့် စိတ်ရှည်စွာ ရှင်းပြတတ်တာက ကျွမ်းကျင်နေသလိုပင်။

“မောင့်ဇကရီ ဆောက်လုပ်ရေး ရေကာစားမဏ္ဍပ်၊ Domin[o] မဏ္ဍပ်၊ Tomorrow မဏ္ဍပ်၊ Land မဏ္ဍပ်၊ Las Vegas မဏ္ဍပ်၊ Ever Smile မဏ္ဍပ်၊ Smart Bar မဏ္ဍပ်၊ Sky Rider မဏ္ဍပ်၊ Swag City မဏ္ဍပ် စသည်ဖြင့် ဆိုင်းဘုတ်တွေတင်ထားတာကို တွေ့ရပါ၏။ သူမ မမြင်လိုက်သည့်မဏ္ဍပ်တွေလည်း အများကြီးရှိ[ဦး] သေးသည်။

“ဒါ ... ကိုယ်တို့ကစားမယ့် မဏ္ဍပ်လေ”

“မမတို့ကို မမြင်တော့ဘူး”

နှစ်ယောက်သား ပြိုင်တူပြောသံထွက်လာလေ၏။ သူ ညွှန်[ပြ] လိုက်သည့် Pandora မဏ္ဍပ်ထက်မှ သူငယ်ချင်းတွေက လှမ်းအော် ကာ နောက်ကြလေသည်။ သူက ဘော်ဒါတွေကို လက်ပြနှုတ်ဆက် ကာ ဆိုင်ကယ်ကို ဆက်မောင်းခဲ့၏။ ဘယ်နေရာ ဘယ်လမ်းမှန်းမသိ ပါဘဲ ဆိုင်ကယ်တွေဝင်သည့်လမ်းထဲမှာ ရပ်သွားပါသည်။

“ဘာဖြစ်လို့လဲ ... Hotel ကို ပို့ပေးလေ”

“ရော်! ... ပို့မှာပါဗျာ။ မုန့်ဝယ်ကျွေးချင်လို့ ခေါ်လာတာ ကို”



“ဘာမုန့်လဲ”

“နို့ထမင်းနဲ့ အီကြာကွေးလေ။ ကြိုက်လား။ အစ်မရေ တစ်ပွဲ ဗျို့”

“ဆရာမ မပါလာဘူးလား”

“နောက်က လိုက်လာလိမ့်မယ်”

သူက ဖုန်းဖွင့်ကာ ဆက်သွယ်လိုက်လေ၏။ လမ်းဘေး တွန်းလှည်းဆိုင်လေးရှေ့ရှိ ခုံပုလေးမှာ ထိုင်လိုက်ရပါသည်။ ကားသံ တွေ ဆိုင်ကယ်သံတွေ ဆူညံနေပါသည်။ မန္တလေးက ရန်ကုန်ထက် ပိုပြီး လူများနေသလိုပါပဲလား။ အိမ်ထဲမှာသာ အနေများခဲ့ပြီး နေ့ဘက် သာ အပြင်ထွက်တတ်သည့်သူမက ဒီလိုညခင်းဘက်က အပြင်မှာ မရှိဖူးပါလေ။

“ဟယ်လို! မလား ... ကြားပါတယ်။ ကျွန်တော်က သူ့ကို ကိုက်စားမှာစိုးလို့လားဗျ။ မုန့်ဝယ်ကျွေးချင်လို့ ဆိုင်ကိုခေါ်လာတာ။ လမ်းကြောပိတ်နေလို့ ဒီမှာ တအောင့်နားလိုက်တာ။ အင်းလေ ... ဟုတ်တယ်။ နို့ထမင်းဆိုင်မှာ လိုက်လာခဲ့လေ”

သူက ဖုန်းပြောကာ သူမကို တစ်ချက်ကြည့်လိုက်လေ၏။ ပြီးမှ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လေသည်။ ညခင်းလေးက မအေးပါဘဲ ပူနွေးနေသဖြင့် အအေးကြိုက်သည့် သူမအဖို့ စိတ်ရှုပ်

www.burmeseclassic.com



ရပါတယ်

"မမစိမ့်က သူညီမပျောက်လို့ဆိုပြီး ပွစိ ပွစိရွတ်နေပြီ"

"မမက အဲဒီလိုပဲ"

"စားလေ . . . ဟိုတယ်မှာ ညဘက်ဆာရင် ကော်ဖီဆိုင် သောက်စရာရှိမှာ။ တရေးနိုး မုန့်ထစားတတ်လား"

"ဆာရင် စားတတ်တာပေါ့"

"ဒါဖြင့် ဝယ်ပေးလိုက်မယ်လေ"

"ပိုးက အချိုမကြိုက်ဘူး"

"ထိုးမုန့်တို့၊ ဟာလဝါတို့ရော"

"အဲဒါတွေတော့ ကြိုက်တယ်။ အချိုအမြဲမစားတတ်တာကို ပြောတာ။ ကိတ်တောင်မှ သိပ်ချိုရင် မကြိုက်ဘူး"

"လက်ဖက်ရော"

"ဩော် . . . ပြောတတ်ပါပေ့။ မြန်မာပြည်မှာ လက်ဖက် မကြိုက်တာ ဘယ်သူရှိမှာလဲ။ ကလေးကအစ ကြိုက်တာကို"

သူ တီးတိုးရယ်လေ၏။ မုန့်ပွဲပြင်ပေးနေသည့် အစ်မထံမှ ပန်းကန်လုံးကို လှမ်းယူကာ သူ့မရှေ့ရှိ စားပွဲမှာတင်ပေးလေသည်။ ဘာလဲ တစ်ယောက်တည်းစားရမှာလား။ အဖော်မရှိဘဲ တစ်ယောက်တည်း စားရတာလောက် ပျင်းဖို့ကောင်းတာ မရှိတော့ပါလေ။



"နွေးတုန်း စားနှင့်လေ။ အေးသွားရင် စားလို့မကောင်းဘူး"

"သူရော"

"ကိုယ်က အမြဲစားနေရတာ ရိုးနေပြီ"

"ဒီလောက် အများကြီး ပိုးမှ မကုန်တာ"

"ဒါဖြင့်လည်း အတူတူစားပေးပါ့မယ်"

ကဲ! . . . ကောင်းရော။ ဘာရယ်မဟုတ် ပြောမိကာမှ တစ်ပန်းကန်တည်း အတူစားမတဲ့လေ။ အထာပေးမိသလို ဖြစ်နေပြီလား လွန်းပိုးဖြူ။ ကိုယ့်မြို့မှာ ကိုယ့်ဘော်ဒါတွေက ပြဿနာမရှိ၊ သူများမြို့မှာ သူစိမ်းနဲ့ ဒီလို ဒီလိုတွေ အကြောင်းဖြစ်လာမှာကမှ danger မဟုတ်လား။

"ဟော! . . . ရောက်လာပါပြီ"

"ဟုတ်ပဲ့ဟယ် . . . လမ်းတွေကြပ်လိုက်တာများ ဘယ်လမ်းက မောင်းရမယ်မှန်းကို မသိတော့ဘူး"

"ဆရာမတို့က နှစ်ပွဲလား"

"ဩော် . . . ဟုတ်တယ်အစ်မ။ နှစ်ပွဲပြင်ပေးပါနော်၊ နှင် ပြောမဆိုနဲ့"

"အ! . . . ပြောပြီးပြီလေ၊ မမကို ဒီနေရာမှာလို့"

မမသူငယ်ချင်းက မောင်ဖြစ်သူ၏လက်မောင်းကို ဖြေးခနဲ

www.burmeseclassic.com

www.burmeseclassic.com



မြည်အောင် ရိုက်လိုက်လေ၏။ လက်သွက်ချက်ကဖြင့် ဆရာမပီသတ် ပေရဲ့။ မုန့်ပွဲတွေရောက်လာပြီမို့ အစ်မနှစ်ယောက်သား စားနေစဉ် သူက သူ့မပန်းကန်ကို ဆွဲယူ၍ စားလိုက်လေ၏။ အစ်မနှစ်ယောက် မျက်လုံးပြူးလျက် သူ့ကိုကြည့်လေတော့သည်။

"ဟဲ့!"

"ဘာလဲဗျာ . . . သူတစ်ယောက်တည်း စားလို့မကုန်ဘူး ပြောလို့ ကူပြီးစားပေးတာလေ၊ ဘာဖြစ်လို့လဲ"

"သူရနော် . . . သူရ"

"နေရာတကာ ဘောင်ခတ်မထွေးမြင့်ပါနဲ့ဗျာ၊ ရိုးရိုးရှင်းရှင်း တွေးကြည့်ပါ မမရ"

"ငါမပြောလိုက်ချင်ဘူး နင်တော့နော်"

"ဟိုတယ်ကို ရှင်းတဲ့လမ်းက ပို့ပေးပါ့မယ်၊ ရောက်ရင်ပြီး ရော မဟုတ်လား"

သူ့မျက်နှာအမူအရာက မည်သို့မျှ မပြောင်းပေမယ့် အစ်မ နှစ်ယောက်၏စိတ်ကိုတော့ မိန်းမချင်းမို့ သူမ မြင်မိလေသည်။ ရန်ကုန် မှာလည်း ယောက်ျားလေးသူငယ်ချင်းတွေနှင့် ဤသို့ တစ်ပန်းကန် တည်း စားတတ်ပေမယ့် မရှုံ့တတ်၍ပဲလားမသိ၊ ဤသို့မတွေးဖြစ်ခဲ့ ဒီလို တစ်ခါမှ မရင်းနှီးသည့်လူနှင့် မစားဖူးတာကမှ အဆန်းတကြယ်





ဖြစ်နေသလိုပါလေ။

"ဘာပဲဖြစ်ဖြစ် ကြိုပြောသင့်တာပေ့ါ။ စိမ့်က သူ့ညီမကို ရတစိုက်နဲ့ ခေါ်လာရတာဟဲ့"

"မမစိမ့်ညီမ မပျောက်ပါဘူးဗျာ။ လူကို မယုံသက်ာနဲ့"

"ပိုးက ကလေးမှမဟုတ်တာကိုး"

"ကလေးမဟုတ်လို့ စိုးရိမ်တာပေ့ါ၊ ငါ တယ်လေ"

မမလက်က မြောက်တက်လာတာမို့ စိမ့်က အလိုလိုရှောင်နှင့် ပြီးသားဖြစ်သွားပါ၏။ အရိုက်ခံနေကျမဟုတ်ပါဘဲ ဒီလိုမျိုးလုပ်တာကို တော့ သူမ မနှစ်သက်ပါလေ။

လွန်ပိုးဖြူဆိုတာ အိမ်မှာ ဖူးဖူးမှုတ် အလိုလိုက်ခံထားရသည့် အွန်ဘုံစံမင်းသမီးလေး မဟုတ်ပါလား။

"အပြန် မုန့်ဆိုင်ဝင်ဦးမှာတဲ့"

"ဘယ်သူကလဲ"

"သူပေ့ါ"

"ဟဲ့ကောင်"

"ည တစ်ရေးနိုး ဆာတတ်တယ်ဆိုလို့လေ။ လူကို အပြစ်မြင် နေပါပြီ။ ဒီအပျိုကြီးကတော့"

"အံမာ . . . အပျိုကြီးဆိုပြီး ဝါးလုံးသိမ်းမရမ်းချင်ပါနဲ့၊ ငါ့ပါ



www.burmeseclassic.com

www.burmeseclassic.com



လာထိတယ်ဟဲ့ ကောင်လေးရဲ့"

"ကန်တော့ပါ မမစိမ့်ရာ။ ကျွန်တော်က မမကို ဒီလိုပဲပြော နေကျမို့ပါ"

"ဟယ် . . . အကြိုနေတောင် မရောက်သေးဘူး ရေတွေပက် နေကြပြီ"

မမက ကားတွေပေါ်မှ ရေသန့်ဘူးတွေ၊ ရေပိုက်တွေဖြင့် ရေလှမ်းပက်နေကြတာကို လှမ်းတွေ့သွားလေ၏။ ပူအိုက်သည့်ရာသီ မှာ ရေအေးအေးဖြင့် ရေကစားရမှာက ပျော်စရာကြီးပါပဲ။ မမတို့တော့ မည်သို့ထင်မြင်မည်မသိပါ။ သူမကတော့ လူငယ်ပီပီ ပျော်ရွှင်မှုအရသာ ကို တစ်ဝကြီးခံစားချင်တာပါလေ။ ဟိုနိုင်ငံမှာ ကျောင်းသွားတက်ရင် မြန်မာပြည်က ပျော်ပွဲရွှင်ပွဲတွေကို အောက်မေ့မှာ ဖြစ်တော့မှာပါပဲ လား။

"ပြီးရင် ရှင်းမယ်"

"ပြန်ကြစို့"

သူက မုန့်စားထားတာကို ငွေရှင်းပြီး ထထွက်လိုက်ပါ၏။ ဒီတစ်ခါတော့ လူစုမကွဲစေရန် ဆိုင်ကယ်ကို အမြန်မဟုတ်ဘဲ ထိန်း မောင်းခဲ့လေသည်။ ကားတွေပေါ်မှ ရေလှမ်းပက်တာကို မစိုစေရန် ရှောင်မောင်းပုံက ကျွမ်းကျင်ပါရဲ့။ ဘာလို့များ ရေလှမ်းပက်တာကို





ကြောက်တာပါလိမ့်။

"ကိုယ်က ပိုးကို အရင်ဦးဆုံး ရေလောင်းရတဲ့သူ ဖြစ်ချင် သို့"

ဟိုတယ်ရှေ့မှာ ဆိုင်ကယ်ရပ်ပေးလိုက်ပြီး ဝယ်လာသည့် မုန့်ထုပ်တွေကို ကမ်းပေးစဉ် ပြောလိုက်သည့် စကားပါလေ။ ဘာ အဓိပ္ပာယ်များပါလိမ့်။ သူမ ရုတ်တရက် ဘာပြောရမည်မှန်း မသိစဉ် မှာပင် မမရတီက ဆိုင်ကယ်ကိုယ်စီဖြင့် မောင်းထွက်သွားလေတော့ ၏။

"502 Key ပါ"

"ရေစိုလာသေးလား အစ်မ"

"အေးဟယ် . . . သင်္ကြန်မရောက်သေးဘူး အကုန်ပျော်နေ ကြပြီ"

ညဘက် ဟိုတယ်မန်နေဂျာက အမျိုးသားဖြစ်ပါ၏၊ အမျိုး သမီးဝန်ထမ်းတွေက နေ့ duty ယူထားခြင်း ဖြစ်လေသည်။ မမက အခန်းထဲကို ဓာတ်ဘူး ရေနွေးဖြည့်ပေးရန်မှာခဲ့က lift ဖြင့် ငါးလွှာ သို့ တက်လာခဲ့ကြပါ၏။ အိပ်ခါနီး ရေချိုးဖို့ သူမ တွေးထားမိပါ သည်။

"ပိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ မမ"

"နင်တို့ ရိုးမှရိုးရဲ့လား"

"ဘာကိုလဲ ... လင်းသူရကို ပြောတာလား"

"အေး"

"မမကလည်းလေ ဒီနေ့မှ စတွေ့ဖူးရင်းနှီးရတဲ့လူကို ထ... စရာလား"

"ထင်တာကိုပြောနေတာ မဟုတ်ဘူး ... မြင်နေရလို့ ပြေ... နေတာ"

Lift မှထွက်ကာ corridor မှတစ်ဆင့် အိပ်ခန်းထဲ... ဝင်လိုက်ပါ၏။ ရိုးရဲ့လားတဲ့။ ရင်ထဲမှာ တစ်မျိုးလေး ခံစားရတာ... တော့ အမှန်ပါပဲ။ ပိုးက အသက် (၂၀) ကျော်သည့်အရွယ်မှာတော... ချစ်သူရည်းစားတစ်ယောက်မှ မထားဖြစ်ခဲ့သေးတာ အမှန်ပါ။ ရင်ဘ... ထဲမှာ နှလုံးသားက ခုန်ပေါက်ပြီး တဆတ်ဆတ် တုန်အောင် ချစ်... မှသာ yes ဆိုသည့်အဖြေကို ပေးချင်တာပါလေ။

"ငါထင်ရင် လွဲခဲ့တယ် ပိုး။ နင့်ကို သူရ စိတ်ဝင်စားနေ... သူ့မျက်လုံးတွေကို ကြည့်ရုံနဲ့ သိနိုင်တယ် အဟုတ်ပဲ"

ဘုရားရေ ... ကာယကံရှင်ထက် ဘေးလူက ပိုပြီး မြင်တ... တယ်ဆိုတာကို chess ဆိုတဲ့ စစ်တုရင်ကစားပွဲမှာသာ ရှိမှန်းသိတာ...





...အခုလို အပြင်မှာရှိမှန်း ထင်မှ မထင်ခဲ့တာလေ။ အမှန်များ ဖြစ်နေပြီ... တာ။ ပြောကြတာဖြင့် ယောကျ်ားလေးတွေဘက်က စလာသည့် ...စတ်လမ်းဆိုတာကို ပိုးတို့လို မိန်းကလေးတွေက ကြိုသိနိုင်တယ်ဆို။ ...ဘယ်လိုများလဲ လင်းသူရရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မမက ပိုးနောက်မှ ရေချိုးတာမို့ နောက်ကျနေပါ၏။ အလှ ပြင်နေသည့် သူမနောက်ကျောမှာ လာရပ်လိုက်သဖြင့် မှန်ထဲမှ မျက်နှာ ပင့်ပြလိုက်ရပါသည်။ ရေစိုမှာ ကြောက်သည့်မမက ဒီသကြင်္ကန်ရက် (၄) ရက်စလုံး ဟိုတယ်ထဲ အောင်းနေမည့်ပုံပါ။ ညဘက် stage show နှင့်မဏ္ဍပ်အကပြိုင်တာကိုတော့ လိုက်ကြည့်မည်ဟု ပြောထား လေ၏။

"ဘာလဲ"

"Breakfast စားပြီးမှ သွားမှာမဟုတ်လား"





"စားမှာပေါ့ မမရဲ့ . . . ဗိုက်ဟောင်းလောင်းနဲ့ သွားစရာ လား"

"ပြန်လာရင် ထမင်းဝယ်လာဖို့ မမေ့နဲ့ဦး"

"အင်းပါ"

မျက်တောင်ကော့ဆေးသုံးရန်ထုတ်ပြီးမှ မပြင်ဖြစ်ဘဲ ပြန်ချ လိုက်ပါ၏။ ရေစိုလျှင် ရုပ်ပျက်စေသည့် ကာလာတို့ကိုသုံး၍ မဖြစ်သေး ပါလေ။ မျက်နှာကို ခပ်မှုန်မှုန်လေးသာ ခြယ်ထားပေမယ့် အလှပြင် ထားမှုန်း သိသာနေပါ၏။ ဒီရက်တွေမှာ ဒီလိုခြယ်သကြတာ အဆန်းမှ မဟုတ်တာလေ။

"ပိုး"

"အင်း"

"ကြည့်လည်း ပြင်ဦး"

"မမကလည်းလေ . . . အလှပြင်တာများ ဆန်းလို့လား။ နှိုးကလေးပဲဟာ"

"ဟိုက ဘာမှမပြောသေးဘဲ ကိုယ့်ဘက်က welcome လုပ်မိစေနဲ့"

သူမ ပြုံးစိစိဖြစ်သွားရပါ၏။ နေရာတကာ ပွဲပန်းတတ်တာ ကြောင့်လည်း ဒီဆရာမက အပျိုကြီး ဖြစ်နေတာ မဟုတ်ပါလား။

www.burmeseclassic.com



လူငယ်အရွယ် လူငယ်စရိုက်နဲ့ လွတ်လပ်စွာ တွေးခေါ်စဉ်းစားတတ်ပြီး ချင့်ချိန်နိုင်တဲ့ အသက် (၂၀) ကျော်လူငယ်စိတ်ကို မမလည်း ဖြတ် သန်းခဲ့ရတာလေ။ မေ့နေတာတော့ မဖြစ်နိုင်ပါ။ သူမအတွက် မိဘ တွေက ရှေ့မှာ မားမားရပ်ပြီး ကာကွယ်ထားပေးကြတာကို သတိထား ချင်ပုံပါပဲ။

"မမကလည်း ပိုးက အသက် (၂၀) ကျော်နေပြီလေ ကလေးမှ မဟုတ်တော့တာ"

"ကလေးမဟုတ်လို့ စိတ်ပူရတာပေ့ါ။ နင့်အမေက ငါ့ကို သေချာပြောလိုက်တာ သိရဲ့သားနဲ့"

"ဒါလေးများ"

"ဘာ ... ဒါလေးများလဲ။ သမီးတစ်ကောင် နွားတစ် ထောင်တဲ့။ စကားပုံရှိတာ မသိဘူးလား"

"ကျစ်! ... ပိုးက ဖလန်းဖလန်းထတဲ့ ကောင်မလေး မဟုတ်တာ။ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ် မမရာ"

"ဟဲ့! ... ကိုယ်ထက်စိတ်က ပိုပြီး အရေးကြီးတာ သိ လား။ စိတ်သွားမှ ကိုယ်ကပါတာမျိုး။ နှလုံးစိတ်က ဟိုဘက်ကို ယိုင်သွား တာနဲ့ ကိုယ်က ပါသွားတော့မှာပေ့ါ"

"ဘယ်ဘက်ကိုလဲ"



"ကြည့်! ... ငါ မပြောလိုက်ချင်ဘူး"

သူမ ပခုံးတွန့်ပြလိုက်မိပါ၏။ ရေချိုးမှာမို့ မြန်မြန်ခြောက်သည့် အကျီ်ပါးပါး ဝတ်ချင်ပေမယ့် အမြင်မတော်တာမို့ T-shirt နှင့် Jeans ကိုသာ ခပ်ပွပွလေး ရွေးဝတ်လိုက်ပါသည်။ ဆံပင်တွေကို ရေထိက မည့်မို့ (ကပ္ပလီကျစ်ဆံမြီး) အကပ်ကျစ်ထားလိုက်တာမို့ မျက်နှာက ရှင်းရှင်းနှင့် မှုန်မှုန်လေး ကြည့်ကောင်းနေပါ၏။

"ငါ့ကိုစောင့်ဦး"

"ညက ဘာစားဖို့မှာထားလဲဟင်"

"မုန့်ဟင်းခါးစားရင် နင် ဟိုမှာ ပေါက်ကရ ထပ်စားတာနဲ့ ကပ်ပွမှာပေ့ါ။ ငါ ထမင်းကြော်ပဲ မှာပေးထားတယ်"

"Good"

အိမ်မှာ မနက်စောစော ထမင်းမစားဖြစ်ပေမယ့် ဒီဟိုတယ် က ကျွေးသည့် breakfast ကိုတော့ သူမ အတော်လေး ကြိုက်တာ မှန်ပါ။ ထမင်းကို စားတော်ပဲပြုတ်နှင့် ရောကြော်ကာ soup bowl နှင့် မောက်မောက်လေးပြင်ပေးကာ ချဉ်ပေါင်နှင့်မျှစ် ရောကြော်တာ တစ်ခွက်၊ ရေတ်သီးငါးပိကြော်က တစ်ခွက်၊ ကြက်သွန်မြိတ်ဟင်းချို တစ်ခွက်ဖြင့် စားရတာ အဆင်ပြေပါသည်။

ပေါင်မုန့်မီးကင်နှင့်တွဲစားရန် Jum နှင့် ကြက်ဥကြော်

www.burmeseclassic.com

www.burmeseclassic.com



ပေးတာဖြစ်ပေမယ့် သူမက ကြက်ဥကို Omelette (အမွှေကြော်) နိုင်းကာ ထမင်းကြော်နှင့်သာ တွဲစားဖြစ်ပါ၏။ Coffee or Tea မှာတိုင်း မမက coffee မှာပြီး သူမက tea မှာဖြစ်လေသည်။ လက်ဖက်ရည်ကို နို့စိမ့်စိမ့်လေး ဖျော်ကာ သကြား အနည်းငယ်သာ ထည့်ပါ၏။ Jum သုတ်ထားပါသည့် ပေါင်မုန့်နှင့်တွဲစားပါက လျှာပေါ် စွဲသည့် အရသာပါပဲ။

မမက ဤမျှနှင့် ဗိုက်ဝတတ်ပေမယ့် သူမက အချိုတည်း ပြင်ပေးသည့် ငှက်ပျောသီးပန်းကန်ထဲမှ နှစ်လုံးလောက်တော့ အသာလေး ဆန့်သည့် အာဂဗိုက်အိုးပါလေ။ အိမ်မှာ အစားစားနိုင်းတိုင်း ဂျိုးများတတ်သည့် သူမက ဟိုတယ်မှာစားရသည့် ငှက်ပျောသီးနှင့် လိမ္မော်ရည်ကို လိုလိုချင်ချင် စားမှန်း မေမေတို့သိပါက မျက်လုံးပြူး ကြမည်သာ။

မမက အစားအသောက်မရွေးစားတတ်ကျင့် ရှိပေမယ့် အင်မတန် အစားရွေးလွန်းသည့် သူမကို ခေါ်လာတာက ကလေးထိန်း သလိုပါပဲ။ အစားများလျှင် အန်တာမျိုး မာတာစားမိလျှင် ဗိုက်အောင့် တတ်တာ၊ ချွေးထွက်လွန်းလျှင် မူးလဲတတ်ကျင့်ရှိတာတို့က သူမ ပါလေ။ ဒါကြောင့်မို့ သောက်နေကျဆေးတို့ကို မေမေ မမေ့မလျော့ ထည့်ပေးလိုက်တာ မဟုတ်လား။



"ဆင်းကြစို့"

ဖုန်းကို ရေလုံအောင် plastic bag ထဲထည့်ပြီးမှ အိတ်ထဲ ထည့်ကာ လွယ်လိုက်ပါ၏။ မမက အခန်းထဲမှထွက်တိုင်း မီးပိတ်တာ၊ Aircon ပိတ်တာတို့ကို မမေ့မလျော့ လုပ်လေသည်။ Doorlock ပိတ်ကာ သော့ယူပြီး lift ထဲ ဝင်လိုက်ကြပါ၏။ ဒီဟိုတယ်ထဲမှာ သူမတို့ ညီအစ်မကများ အရင်ဆုံးနိုးနေတာများလား မသိပါ။ ဧည့်သည်တွေကို မတွေ့ရလို့ပါလေ။

"နေ့လယ်ပြန်လာလို့ မမကိုမမြင်ရင် လေသာဆောင်အထပ် ကိုတက်ခဲ့နော်"

"အပေါ်ဆုံးလား"

"အေး ... အခန်းထဲနေရတာ ပျင်းလာရင် အဲဒီမှာ ထွက်နေမှာမို့ ပြောတာ"

"ဟုတ်"

မြေညီထပ်ရောက်စဉ် reception မှာ မန်နေဂျာမမ ရောက် နေလေ၏။ Night Duty ဆင်းရသည့် အစ်ကိုကို မမြင်ရတော့ပါချေ။ Duty change ကြတာ စောလိုက်တာနော်။ ကြည့်ရတာ မနက် နဲ့ ည (၇) အချိန်ထင်ပါရဲ့။ Dinning room (lobby) ရှိရာ ဆောင်ချိုးလှေကားထစ်တို့ကို တက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စာမျက်နှာချင်းဆိုင် ပြင်ထားပေးသည့်ခုံမှာ ထိုင်လိုက်စဉ် waitress ရောက်လာတာမို့ ညကမှာထားတာကို ထပ်ပြောရလေသည်။ ဘာမှမလာသေးခင် သစ်သီးနှင့် လိမ္မော်ရည် အရင်ရောက်လာတာမို့ ယူစားရန် ပြင်လိုက်သည့် သူမလက်ကို မမထားဖျတ်ခနဲ ရိုက်လိုက်လေ၏။

"အဲဒါ အရင်စားရင် ထမင်း ဘယ်စားနိုင်တော့မလဲ။ စောင့်ပေါ့"

"ရေဆာတယ် မမရဲ့။ လိမ္မော်ရည်နည်းနည်းသောက်ထားရမယ်လေ"

တအောင့်အကြာမှာ ပူပူနွေးနွေး ထမင်းကြော်ပွဲ ရောက်လာပါ၏။ ထမင်းပွဲပြင်ပေးပြီးမှ လက်ဖက်ရည်ပွဲကိုပါ တစ်ခါတည်း ဆက်ပြင်ပေးလေသည်။ (၈) နာရီဆို တခြား Guest တွေပါ ရောက်လာတော့မှာမို့ အလုပ်ရှုပ်ရတော့မှာလေ။

"ထပ်တောင်းလို့ရလား"

"ရှင် ဘာကိုလဲ"

"ဒီအစားပုတ်က လိမ္မော်ရည်သောက်တာ ကောင်းလို့သိမ်းရယ်"

"ဪ . . . ရပါတယ် မမရဲ့။ လာဖြည့်ပေးပါ့မယ်ရှင်။ ခဏစောင့်ပါနော်"

ကောင်မလေးက ပြုံးစိစိဖြစ်သွားတာမို့ မမထါးမျက်စောင်းကသူမထံ ရောက်လာတော့၏။ ညီမဖြစ်သူ အစားအသောက်ဝင်တာကို မပြောမသာပါလားနော်။ စားသောက်နေရင်း မျက်ခွံတွေတဆတ်ဆတ်လှုပ်သွားတာမို့ အံ့ဩသွားရလေသည်။ ဘုရားရေ၊ ဘာများဖြစ်မှာပါလိမ့်။ ကျောင်းတက်စဉ်က အတန်းဖော်သူငယ်ချင်း အေးအေးဆန်းတစ်ယောက် နာခေါင်းလှုပ်သည်ဆို၍ သူများကို နမ်းရမည်ဟု လှောင်ခဲ့ဖူးတာပါ။ တကယ်ပဲ နောက်နေ့ကျောင်းလာရင်း လိုင်းကားပေါ်မှာ အားဘာရိတ်ဆောင့်အုပ်လိုက်ချိန် တခြား major က အစ်ကိုကြီးဝါပါး ကြီး အရှိန်ဖြင့် နမ်းမိသွားကာ အရှက်ကွဲရပါရောလား။

သူငယ်ချင်းတွေ ပြန်ပြောစဉ်က အေးအေးဆန်းမျက်နှာ တစ်ခုလုံး ရဲရဲနီနေခဲ့တာပါလေ။ အခုလည်း ဘာဖြစ်လို့များ မျက်ခွံတွေလှုပ်ရတာပါလိမ့်။ ဖွ ဆိုပြီး လက်ဖျားဖြင့် ပွတ်စဉ် မမထံမှ 'အရှုး' ဟုရေရွတ်သံ ထွက်လာလေ၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လူငယ်ပဲ ရှိ ရုတ်တရက် သတိရကာ လုပ်မိတာပါလေ။

"ဆရာမ စိမ့်ဒါလီ"

"ဒီမှာပါ"

"ဧည့်သည်စောင့်နေပါတယ် မမ"






www.burmeseclassic.com

www.burmeseclassic.com



"Thanks ပါသမီးရယ်။ ကဲ! ... ဟိုကလာခေါ်နေပြီ မြန်မြန်ကြွ။ ရေသုတ်ဖို့ Towel အလတ်ပါရဲ့လား"

"ပါပါတယ်"

"သွားတော့"

"Lunch ဘာဟင်းနဲ့ ဝယ်လာရမလဲ"

"နင့်အတွက်သာ ရွေးဝယ်ခဲ့ပါ။ မမက အစားမရွေးတဲ့ဟာ"

"ပြီးရော ... ဒါဖြင့် သွားပြီ မမ"

ရေနွေးခပ်နွေးနွေးကို မျှောချကာ ထရပ်လိုက်ပါ၏။ မမပြော လည်း ပြောစရာပါ။ သူမဗိုက်ထဲမှာ အပူရော အအေးပါ ရောသမမွှေ နေသလို ထမင်းကြော်ပါစားထားတာ မဟုတ်လား။ အစာမကြေရင် တော့ ပြဿနာဖြစ်မှာ အသေအချာပါလေ။ ထမင်းစားခန်းမှဆင်းခဲ့ရင် ဧည့်ဆောင်မှာ ဘယ်သူမှမရှိတာမို့ အံ့ဩသွားရပါ၏။

"ဧည့်သည် စောင့်နေတယ်ဆို"

"ဩော် ... ဟုတ်တယ်ညီမရဲ့။ Breakfast စားနေတယ် ဆိုလို့ အပြင်ခဏထွက်သွားတယ်။ ခဏပဲကြာမှာပါ။ (၁၀) မိနစ် လောက်ပဲတဲ့"

မန်နေဂျာမမက သူမကို ရှင်းပြပါ၏။ ပြောတော့ဖြင့် စောင့် နေတယ်ဆိုပြီး ဘာကိစ္စရှိလို့ ပြန်ထွက်သွားပြန်ပါလိမ့်။ ရာသီဥတု





ရေခမ်းပူတာမို့ လင်းတာနှင့် အပြင်မှာ ရေတွေစပက်နေကြလေပြီ။ အာစောစီးစီး စိတ်မကောက်ချင်ပေမယ့် ကိုယ်က ပြန်စောင့်နေရတာမို့ မျက်နှာက အလိုလို စူစူလေး ဖြစ်သွားတော့၏။

သူငယ်ချင်းတွေ တွဲကြတိုင်း သူမကိုသာ နောက်ဆုံးလာခေါ် ကြတာ။ ကိုယ့်ကိုသာ စောင့်ကြရတာ အမြဲတမ်းပါလေ။ အခုတော့ ကိုယ်ကစပြီး ပြန်စောင့်ရတာ ဘယ်ကြိုက်ချင်ပါ့မလဲ။ မန္တလေးသား သားရဲ့ ဖြူစင်သည့်အပြုံးကို မြင်ရဖို့က ဤမျှအထိ ကြာမြင့်ရပါ သလား။ မကျေနပ်လိုက်တာနော်။

အလို ... မမ အတန်တန်သတိပေးထားပါလျက် သူမ စိတ်တွေ မည်သို့ဖြစ်ကုန်ပါလိမ့်။ ယောကျ်ားလေးတွေနှင့် အနေမနီး သည့်အိမ် တွင်းပုန်းမိန်းကလေးလည်း မဟုတ်ရပါဘဲ ဒီလို သူစိမ်း တစ်ယောက်နှင့်ပတ်သက်ပြီးမှ သူမစိတ်တွေ ကယောင်ခြောက်ခြား ဖြစ်ရတယ်လို့ အံ့ဩစရာပါလား လွန်းပိုးဖြူ။

"ဟော! ... ရောက်လာပြီ ညီမလေး"

မှန်တံခါးကိုပါ အဆင်သင့်ဖွင့်ပေးလိုက်တာမို့ သူမ ဟိုတယ် ထဲမှ အမြန်ထွက်လိုက်မိပါ၏။ ကြွေပြားခင်းလှေကားထစ်တို့ကို ဆင်း လိုက်စဉ် shoe ဝတ်ထားပါသည့် ဖိနပ်ကြိုးစရှည်ထွက်တာကို နင်းလိုက်မိသလို ရင်ထဲ ဒိန်းခနဲမြည်သံက အကျယ်ကြီးပါလေ။



www.burmeseclassic.com

www.burmeseclassic.com



မှောက်လျက်သား လဲကျသွားပါသည့် သူမကို ဆီးဖမ်းလိုက်ပါသည်။ သူ့ရင်ခွင်ထဲရောက်စဉ် မျက်ခွံထက် နွေးခနဲ ခံစားမှုကို တစ်ပြိုင်နက်တည်း ရလိုက်လေ၏။

ရုပ်ရှင်တွေ၊ Video တွေထဲမှာ မင်းသမီး မင်းသားဆုံချိန်ကို မည်သို့ပြသမှန်း သူမ မသိပါ။ သေချာတာတစ်ခုကဖြင့် ကျစ်ဆံမြီးထက်မှာ ပိတောက်တစ်ခက်ထိုးပန်လျက် ရေသနိ့ဘူးဖြင့် ရေလောင်းခံရချိန် သူမရင်ထဲမှာ အမြန်ရထားကြီး မောင်းနေတာအမှန်ပါလေ။

❋ ❋ ❋



## အခန်း (၁၄)

အိပ်ရာထက် မှိန်းနေမိပါ၏။ ရှက်စရာကြီးပါပဲလား။ သူနဲ့ မိုးက အခုမှစခင်ပြီး ခင်မင်ကြတာလေ။ စကားပြောကြတာ အခွန်းအစ်ရာတောင်မရှိသေးပါဘဲ ဒီလို ဒီလိုဖြစ်စရာလား။ ရုတ်တရက်ဖြစ်သွားတဲ့ Accident ကြောင့် တစ်ဦးရဲ့မျက်နှာကို တစ်ဦးမကြည့်ဖြစ်ဘဲ ကျောပေးထားသည့်နှယ် ဖြစ်ခဲ့ရတာပါ။

ဘယ်လိုများလုပ်ရပါ့မလဲ။ ညဘက်မှာ stage show ကြည့်ချင်သေးတယ်။ ကျောက်ဆည့်ကိုလိုက်ပို့ပေးမယ်လို့ ပြောထားသေးတာလေ။ ပြီးတော့ ရောက်တုန်းရောက်ခိုက် cinema မှာ 3D



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လည်း သွားကြည့်ချင်သေးပါ၏။ စျေးချိုကိုပတ်မွှေပြီး အမှတ်
တရပစ္စည်းနှင့် အင်္ကျီဘောင်းဘီတစ်စုံလောက် ဝယ်ချင်သေးတာပါ

မျက်နှာတွေပူလိုက်တာ။ မတော်တဆဆိုပေမယ့် အခု
လောက်ထိတော့ မဖြစ်သင့်ပါလေ။ ဒါကြောင့် မျက်ခွံတွေ လှုပ်တာပ
လား။ ကိုယ်တိုင် သတိထားမိပါလျက် နမော်နမဲ့နဲ့ အခုလို ဖြစ်ရတာ
လို့ ကံကြမ္မာရယ်။

သူငယ်ချင်းတွေသာသိရင် ဝိုင်းလှောင်လိုက်ကြမယ့် ဖြစ်ခြင်း
အရှက်တွေ လုံးလုံးကွဲရတယ်လို့ လွှန်းပိုးဖြူရယ်။

“ဟဲ့! ... မထသေးဘူးလား။ အဲ့ဒါကိုသိလို့ ငါပြောတာပေါ့
နင် ဒီလောက်ပျော့ဖတ်ပုံနဲ့ သင်္ကြန်ရေနဲ့ မဖြစ်ပါဘူးလို့”

“မမကလည်းကွာ”

“ဘာ ... မမကလည်းလဲ။ သင်္ကြန်ရေပေးဆော့တာ နင့်
အတွက် ဖြစ်ပေမယ့် ငါကြည့်ချင်တဲ့မဏ္ဍပ်ကိုတော့ မလိုက်ချင်ဘူး
ဖြစ်မလား”

“ကျစ်! ... လိုက်ရင်ပြီးရော မဟုတ်လား။ မရစ်နဲ့ကွာ”

“ကြည့် ... ပြောလိုက်ရင် အစ်မကို ခံပက်ဖို့ပဲသိတယ်
နင် ဒီလိုအချိုးမျိုးပဲချိုးရင် နောက် ဘယ်သွားသွား ခေါ်မယ်မထင်
နဲ့”





စိတ်ကပုတ်ပြနေပြန်ပါပြီ။ ဒီမှာဖြင့် သူ့မျက်နှာကို ဘယ်လို
ရင်ဆိုင်ရမလဲ စိတ်ပူနေတာကို မသိဘဲနဲ့များ။ ပြောချင်ရာစွတ်ပြောနေ
သည့် မမကြောင့်လည်း ခက်ပါရဲ့။ ရောက်စကလိုမှမဟုတ်တော့တာ
။ ဘုရားဖူးခဲ့စဉ်က စိတ်ကြည်နူးခွင့်ရခဲ့သလောက် ဒီနှစ်သင်္ကြန်ကဖြင့်
သူမ၏စိတ်ကို ရှုပ်ထွေးစေခဲ့တာလေ။

အပျော်ကျူးကြတတ်သည့် အတာနှစ်ကူးမို့ အပျော်သဘောနဲ့
 မေ့မေ့ပျောက်ပျောက်ဖြစ်ရင် သိပ်ကောင်းမှာပါ။ တစ်နှစ်မှတစ်ခါ
တွေ့ပြီး ခဏတစ်ဖြုတ်နဲ့ မေ့ပစ်နိုင်ရင်ပေါ့နော်။ ခက်တာက ကာယကံ
ရှင်ဖြစ်တဲ့ သူမကိုယ်တိုင်က ဒီအဖြစ်အပျက်တို့ မမေ့နိုင်တာပါပဲ။

“မိပိုး”

“အင်း”

“နင် ... ဘာဖြစ်နေတာလဲ။ ငါ့ကို မှန်မှန်ပြောစမ်း”

“ကျစ်! ... လာပြန်ပြီတစ်မျိုး။ သူမှမလာသေးတာ မမရာ။
ဘာလို့ထရင် ပြီးရော မဟုတ်လား”

“မဟုတ်သေးဘူးနော် ... အကြိုနေ့ပြန်ရောက်ကတည်းက
 မှုမှုန်တာ။ မနေ့ကလည်း မလိုက်ချင်ဘူး ခေါင်းမူးတယ်ဆိုပြီး
ကြောင်းပြတာ။ ဒီမနက်လည်း မသွားပြန်ဘူး”

“နာစေးနေတယ်လေကွာ”



www.burmeseclassic.com

www.burmeseclassic.com



"အပိုမပြောစမ်းပါနဲ့ . . . နင်နဲ့သူ ဘာတွေဖြစ်လာလဲ၊ နင် မပြောရင် ငါ သူ့ကိုမေးမှာနော်"

လှဲနေရာမှ ဆတ်ခနဲ ထထိုင်လိုက်မိပါ၏။ အလိုလေး၊ သူ့ တို့ လျှို့ဝှက်ချက်ကို အစ်အောက်မေးမလို့တဲ့လား။ နေပါဦး မမ မေးတော့ရော သူက ထုတ်ပြောမှာတဲ့လား။ သူမ အရှက်ရစေခဲ့သည့် အဖြစ်အပျက်ကို (ဆိုခဲစေ မြိုစေဆိုသည့် ယောက်ျားလေး လူငယ် ဖြစ်တဲ့) သူက ဖုံးကွယ်သိုဝှက်ပေးထားမှာပါ။

ယုံကြည်နေမိတာလား။ လောကမှာ ကိုယ့်ကိုယ်ကိုယ်သာ ယုံကြတဲ့ စိတ်က ဘယ်လိုဖြစ်ပြီးတော့များ၊ သူစိမ်းဖြစ်သည့်သူကို ဘာအကြောင်းပြချက်နဲ့များ ယုံမိတာပါလဲ။ နှုတ်ဖွာတတ်သည့် ယောက်ျားအများစုက ကိုယ့်ရည်းစားဖြစ်ခဲ့သည့် ကောင်မလေးတွေ အကြောင်းကို အားမနာပါးမနာ ကွယ်ရာမှာပြောတတ်ကြမှန်း သိထား ပေမယ့် သူ့ကိုဖြင့် ဤသို့မထင်ပါလေ။

"ပြောမှာလား"

"ဘာကိုပြောရမှာလဲ"

"ကြည့် . . . နင်ပြောချင်လို့ ထထိုင်တာမဟုတ်ဘူးလား"

"မဟုတ်ပါဘူး . . . မမစိတ်ထင်ရာ ဆွဲမတွေးပါနဲ့"

"ဒါဖြင့်"





ဖုန်းသံ တတူတူမြည်လာတာကြောင့် မမ စကားပြောတာ ရပ်သွားပါ၏။ ခေါင်းရှင်းနေသည့် မမလက်မအားတာမို့ သူမကပင် တိုတယ်ဖုန်းကို မမို့တမီ လှမ်းယူကိုင်လိုက်ရပါသည်။ ကြည့်ရတာ အောက်ထပ်မှာ သူရောက်နေပြီထင်ပါရဲ့။

"ဟယ်လို"

"မမစိမ့်လား၊ ပိုးလား"

သူမ ရင်ထိတ်သွားရပါ၏။ Reception မှ ဝန်ထမ်းတွေ မဟုတ်ပါဘဲ ဘယ်လိုဖြစ်ပြီး သူကပြောနေတာပါလိမ့်။ ဘာမှ ပြန် မပြောဘဲ ငြိမ်နေတာမို့ သူမ ဖုန်းကိုင်လိုက်တာမှန်း သူရိပ်မိသွားလေ သည်။

"ပိုးလား . . . ကျွန်တော်တို့ရောက်နေပြီ ဆင်းခဲ့ကြနော်၊ ဒါပဲ"

"အင်း"

မပီမသဖြေကာ ခုတင်ထက်မှ အမြန်ဆင်းလိုက်ရပါ၏။ အိတ်ကိုဖွင့်လျက် Blouse တစ်ထည်ကို မြန်မြန်လဲဝတ်လိုက်ပါသည်။ အိပ်ရာထဲ လူးလိမ့်နေသည့်အင်္ကျီက တွန့်ကြေနေတာကိုး။ အောက်မှာ ဝတ်ထားသည့် အပျော့သားဘောင်းဘီရှည်ကိုတော့ မလဲတော့ပါ။ အပေါ်မှ ခေါင်းစွပ်ဆွယ်တာလက်ရှည်ကို ဝတ်ရန် ချိတ်မှဖြုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို ပြီးစလွယ် အမြန်ဖြီးလိုက်ရပါ၏။

"ဟယ် ... ဒါပဲလား။ မျက်နှာမှာ ဘာမှမလိမ်းတော့

လား"

"မလိုပါဘူး မမရာ ... ညကြီးမိုးချုပ် ဘယ်သူက မျက်

လိုက်ကြည့်မှာလဲ။ ပြီးရင် သွားကြမယ်လေ"

"အေး အေး"

အခန်းတံခါးကို lock ပိတ်လျက် ထွက်ခဲ့ကြပါ၏။ ပုံး

တဲ့၊ ခေါ်သံက ပေါ့ပေါ့ပါးပါးနဲ့ တည်တည်ငြိမ်ငြိမ်ပါပဲ။ ကြည့်ရ

ဟိုနေ့ကအဖြစ်အပျက်ကို အလေးအနက်မထားဘဲ မသိသလို

ဆောင်ထားသလိုဖြစ်နေတာပါ။ တော်ပါသေးရဲ့ နို့မို့ သူမတစ်ယော

ရည်း အနေခက်ရမှာလေ။ ကျေးဇူးပါ လင်းသူရအောင်။

"Show သွားကြည့်ဦးမယ်"

"ဟုတ်ကဲ့ အစ်မ"

Reception မှာသော့အပ်ပြီး မှန်တံခါးကို ဆွဲဖွင့်၍

လိုက်ပါ၏။ ဆိုင်ကယ်တစ်စီးသာရှိနေပြီး မောင်နှမနှစ်ယော

စောင့်နေလေသည်။ မဏ္ဍပ်က ဟိုတယ်နှင့်နီးတာမို့ လမ်းလျှောက်

ကြမည် ထင်ပါရဲ့။ အပြင်မှာ သိပ်မအေးပေမယ့် အပေါ်မှ ခွယ်

ထပ်ဝတ်လိုက်ပါ၏။





"ဆိုင်ကယ်ထားခဲ့မှာလား"

"ထားခဲ့ရမှာပေါ့ ... ဟိုမှာ လူတွေပြွတ်သိပ်နေတာနဲ့

ပျောက်သွားလိမ့်မယ်"

"အပြီးထိ ကြည့်ကြမှာလား"

"မကြည့်နိုင်ပါဘူး ... ညောင်းကညောင်းနဲ့။ လာ ...

သွားကြစို့"

အစ်မနှစ်ယောက်က ရှေ့မှဦးဆောင်လျက်လျှောက်နေပြီမို့

နှင့်ယှဉ်လျက် သူမတို့က နောက်မှ ခပ်ဖြည်းဖြည်း လိုက်ခဲ့ပါ၏။

စ်နေကုန်ရေကစားထားကြတာမို့ ကတ္တရာလမ်းပေါ်မှာရော လမ်း

ဘေးလယ် သစ်ပင်ရှိမြက်ခင်းတွေထက်မှာပါ ရေတွေက ဗွက်အိုင်လို

ဖြစ်နေလေသည်။ အနီးအပါးမှ ဖြတ်သွားကြသည့် ကားတွေ ဆိုင်

ကယ်တွေထံမှ အော်ဟစ်သံနှင့်အတူ ရေလုမ်းပက်တာကိုပါ ခံရလေ

၏

"ဒီဘက်လာ"

သူက သူမလက်မောင်းကိုဆွဲ၍ ကားတွေ၊ ဆိုင်ကယ်တွေ

ရှိသည့်ဘက်မှ လျှောက်စေလေ၏။ ကာကွယ်ပေးချင်စိတ်ရှိသည့်

အတွက် သူ့မ ကျိတ်ပြုံးလိုက်မိပါသည်။ နှုတ်မှ ဘာစကားမှမပြော

ကြပေမယ့် စိတ်ထဲမှာဖြင့် သူ့ကို ပြောချင်နေတာက တော်ပြုကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ သို့သော် သူမ မပြောရဲပါလေ။

"နှစ်ယောက်သား ငြိမ်လှချည်လား"

"အိမ်မှာ စောစောအိပ်ကျင့်ရှိတဲ့လူလေ။ အိပ်ချင်မူးတူး ထလိုက်လာတာ"

"ဟုတ်လား ပိုး . . . ဒါဆိုလည်း မမတို့ စောစော ပြန်ရ မယ်"

"ငါ အလုပ်ပြယာဉ် ကြည့်ချင်သေးတာဟဲ့"

"မိုးချုပ်မှ ဝင်ကြတာလေ။ သုံးလေးစီးတော့ ကြည့်တာပေ့"

တကယ်ပင် လူက အပြည့်အသိပ်ဖါပဲ။ ကားလမ်းဆုံမှာ screen board (LED board) ထောင်ထားပေမယ့် အသံမကြား တာမို့ feel သိပ်မလာပါ။ ထို့ကြောင့် stage ရှိရာဆီ ခပ်ဖြည်းဖြည်း တိုးလျှောက်လာခဲ့ကြပါ၏။

Stage ရှေ့လမ်းတစ်လျှောက်မှာ သစ်သားခုံတန်းတွေ ရိုက်ပေးထားပေမယ့် နေရာလပ်မရှိသလောက်ပါပဲ။ သီချင်းစဆိုတာ မတွေ့ပ်ကိုယ်စားပြု နယ်ခံအဆိုတော်လောက်ပဲမို့ ပွဲက သိပ်မစူလှ မြို့တော်ယိမ်းအဖွဲ့ထွက်ကတော့ သူက သူမလက်ကို ဆွဲ၍ စင်ကို မြင်ရမည့်အဆင့်အထိ တက်စေလေသည်။

မမတို့နှစ်ယောက်ပါ လိုက်လာတာမို့ ခုံတန်းကြားထဲ တိုးရ





ထိုင်လိုက်ရပါ၏။ အစ်မနှစ်ယောက်က ဘေးမှာဝင်ထိုင်တာမို့ သူက သူမနောက်ကျောဘက်အမြင့်သို့ ပြောင်းထိုင်လိုက်လေသည်။ ဒီဘက် မှာက ကလေးထိုင်နေတာမို့ တော်ပါသေးရဲ့။ သစ်ကိုင်းပါကွယ် နေသေးတာမို့ stage ကို သိပ်ကြီးမမြင်ရပါ။ သူက ကင်မရာဖြင့် ရိုက် လို့ မီးသမျှကို ရိုက်ပေးနေလေသည်။

"ဟော . . . အဲဒါ ဘယ်သူလဲ"

"နီနီခင်ဇော်လေ"

အရမ်းဝေးတာမို့ မျက်နှာတွေမမြင်ရပါ။ ဝတ်လာသည့် fashion ကိုသာ အဝေးမှကြည့်ဖြစ်လေ၏။ နာမည်ကြီးတွေကိုသာ သိတာမို့ အော်ဟစ်အားပေးကြတဲ့ ပရိသတ်တွေပါပဲ။ အိမ့်ချစ်၊ ညီ နန္ဒ၊ မြို့ကြီး။ Wai လွင်တို့တက်လာတော့ ခပ်မြူးမြူးကြွကြွ တေးသွား တို့ဖြင့် လူတွေ တအုန်းအုန်းပါပဲ။

ပြီးနောက် ကြားထဲမှာ သူမ မသိသည့်အဆိုတော်လေးတွေ တက်ဆိုသည်က အလှည့်ကျပါ။ အများအားဖြင့် မြန်မာသံဆိုတာမို့ နားထဲ အတော်အေးချမ်းရပါ၏။

အဲဒီနောက်မှာ . . . ခင်စုစုနိုင်၊ နန်းဆု ရတီစိုး၊ သားစိုး၊ ဦးကြည်သာ (ပွဲကြိုက်ခင်)၊ ဖိုးကာတို့က ကိုယ်စီ ဖျော်ဖြေသွားကြပါ ၏။



www.burmeseclassic.com

www.burmeseclassic.com



အတော်ညဉ့်နက်လာစဉ် အလှပြယာဉ် စဝင်လာတာကို မြင်ခွင့်ရလေသည်။ ယာဉ်ပေါ်မှ ကချေသည်အဖွဲ့ ကပြပြီးသည်နှင့် မဏ္ဍပ်ထက်မှလည်း အကဖြင့် ပြန်ဖျော်ဖြေသည့် အကအဖွဲ့ ထွက်လာပါ၏။

အပြန်အလှန် တစ်လှည့်စီကပြတာမို့ အတော်ကြည့်ကောင်းလှလေသည်။ ဘယ်မြို့ ဘယ်အဖွဲ့ဟု ကြေညာပေမယ့် သူမ နားစွန် နားဖျား ကြားလိုက်သည်က ထီလာမေ အဖွဲ့ဆိုတာပါပဲ။

နှာခေါင်းထဲမှာ Beer နံ့ချဉ်စူးစူး ရလိုက်သဖြင့် တွန့်သွားရပါ၏။ ဘေးမှာထိုင်နေသည့် (၁၀) နှစ်အရွယ်ကလေးက မရှိတော့ပါဘဲ ဘယ်ကအမူးသမားက ဝင်ထိုင်နေသည် မသိလိုက်ပါ။ ဘေးကိုတိုးကပ်လိုက်သဖြင့် ခြေချထိုင်နေပါသည့် သူ့ဒူးကို ဖိလိုက်မိလေသည်။ အစ်မနှစ်ယောက်ကဖြင့် show ပွဲကြည့်ကောင်းနေတုန်းပါလေ။

"ဒီဒီဟဲ့ . . . ဒီဒီ"

မမက ဒူးကိုလှမ်းပုတ်ကာ သူမကို အသံပြုလိုက်သောအခါ လူကိုဖြင့် လှည့်မကြည့်ပါလေ။ ဒူးနှစ်ခုကြားထဲ ဝင်သလိုဖြစ်လာတာကို သူ ငုံ့အကြည့်နှင့် သူမမော့အကြည့်က ဆုံသွားပါသည်။



တော်ပါသေးရဲ့။ ဘာမှမပြောရပါဘဲ အခြေအနေကို သဘောပေါက်သွားတာမို့ပါလေ။ 'ပြန်ချင်ပြီလား' ဟု နှုတ်ခမ်းလှုပ်ရုံ အမေးကို ခေါင်းအညိတ်က ခပ်မြန်မြန်ပါပဲ။

"ပိုး ပြန်ချင်နေပြီ မမရေ နေခဲ့ကြမှာလား"

"ဟဲ့ . . . တို့လည်း ပြန်ကြမှာပေါ့"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ဘုရားဖူးရမှာမို့ ဒီနေ့လည်း လုံချည်ဝတ်ရမှာပါ။ တော်သေး
တာပေါ့။ မေမေ ပြောပြောဆိုဆိုနဲ့ ထည့်ပေးလိုက်လို့သာပဲ။ နို့မို့
သူ့အကြိုက်တွေသာယူလာရင် ဘောင်းဘီတွေပဲပါလာတော့မှာလေ။
မမက အရင်ဆုံးရေချိုးတာမို့ မှန်တင်ခုံကို ဦးထားတာအရင်ပါပဲ။

"သိပ်ပြင်မနေနဲ့ဦးနော် ... တော်ကြာ ပါသွားဦးမယ်"

"အံမာ ... ငါ့ကိုများ ပြောရတယ်ရှိသေး။ နင်သာ သူ့
နောက် မပါစေနဲ့"

"မမပဲ ပိုးကို သူ့ဆိုင်ကယ်နဲ့ပဲ လိုက်စီးနိုင်းတာလေ"





"ဟယ်! ... ဒါကတော့ ငါက ရတီနဲ့ပြောစရာတွေရှိလို့
ပါ။ ဆိုင်ကယ်စီးနိုင်းတာ လူကိုပါနိုင်းတာ မဟုတ်ဘူး။ စဉ်းစားပြော
ဦး"

"စဉ်းစားရမှာက မမပါနော်"

"ဘာ"

"ဟုတ်တယ်လေ ... ဒီနေ့သွားကြမှာ သူ့အလုပ်က အစ်ကျင်
နီယာတွေ ပါလာမှာတဲ့"

"ဒါများ ဆန်းလို့"

"လူပျိုကြီးတွေတဲ့"

"ဘာ!"

မမက သနပ်ခါးလူးနေရင်း ခါးတွန့်ခနဲ ဖြစ်သွားလေ၏။
အပျိုကြီးတွေများ လူပျိုကြီးဆိုတဲ့အသံကြားတာနဲ့ ကြက်သီးထပြီး
တွန့်လိမ်တော့တာလေ။ စလိုက်တာနဲ့ ဆတ်ဆတ်ထိမခံ ပြန်အော်ကျင့်
ရှိတတ်တာက သဘာဝပေပဲလား။ သူ့မတို့အရွယ်ကဖြင့် ဘာမှ မဖြစ်
ရင် ငြိမ်ပြီး အော်ကျယ်အော်ကျယ် ရန်မဖြစ်တတ်ပါလေ။

"ပြဿနာပါပဲ"

"မမပဲ မဆန်းဘူးဆို"

"သွားရလာရ ဘယ်လွတ်လပ်ပါတော့မလဲ ... ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဟာ ကားသီးသန့်ငှားပါဆိုနေ့"

"သူ့အလုပ်က အစ်ကိုရဲ့ဝမ်းကွဲအစ်ကိုဆိုလား သူတို့မိသားစု ပါ သွားချင်တာနဲ့ စုပြီးသွားကြမှာ"

"ဟင်! ... ဒါဖြင့် ကလေးတွေပါ လိုက်မှာပေါ့"

"လိုက်လိုက်ပေါ့၊ သူတို့ဘာသာလိုက်တာ မမထိန်းရမှာမှ မဟုတ်တာ"

မမမျက်စောင်းက သူမထံရောက်လာလေ၏။ ကလေးတွေကို မျက်စိရှုပ် နားရှုပ်တယ်ဆိုပြီး မထိန်းချင်တဲ့ အပျိုကြီးက ကလေးငိုသံကြားတာနဲ့ မနေနိုင်ဘဲ ချိုပိုးချော့မြူတတ်တာလေ။ မုန့်စားတဲ့ အရွယ်ကို မုန့်ဝယ်ကျွေး၊ အရုပ်ဆော့တဲ့အရွယ်ဆို အရုပ်ဝယ်ပေးရတာနဲ့ ရတဲ့လစာက ဘာများသုံးရလို့လဲ။ လုပ်တဲ့အလုပ်ကိုက ကလေးတွေကို စာသင်ပေးတဲ့ ဆရာမပါဆို။

"ငါက နင့်လိုမှ မျက်နှာလွှဲခဲပစ် မနေတတ်တာ"

"နေတတ်အောင်ကျင့်ပေါ့။ လူပျိုကြီးတွေရှေ့မှာ ကလေးထိန်းပြရင် မမကို ဟိုက ဘယ်လိုမြင်ကြမလဲ စဉ်းစားပေါ့"

"ကဲ!"

လက်ခေါက်က ခေါင်းပေါ် ခေါက်ခနဲရောက်လာလေ၏ စာသင်ပေးသည့် တပည့်တွေတော့ မည်သို့နေမည်မသိပါ။ ညီမဖြစ်တဲ့





ပိုးကိုဖြင့် ခေါက်ခနဲခေါက်၊ ဆတ်ခနဲလိမ်ဆွဲသမျှ လိုမ့်ပိန့်ခံရတာ မဟုတ်ပါလား။ အစ်မဖြစ်သူကို မစဘဲနဲ့လည်း မနေနိုင်ပြန်ပါလေ။

"ငါက ငါ့စိတ်ကိုထိန်းနိုင်တယ်။ ဘာပြဿနာမှ မရှိဘူး။ နင်သာ ကိုယ့်ကိုယ်ကိုယ် ထိန်း။ ရန်ကုန်သားနဲ့ မန္တလေးသူ မဟုတ်ဘဲ ရန်ကုန်သူနဲ့ မန္တလေးသား ဇာတ်လမ်းမဖြစ်စေနဲ့"

သူမ မဲ့ပြုံးလေး ပြုံးမိပါ၏။ ဘာဖြစ်လဲ ပိုးက အသက် (၂၀) ကျော် (၂၁) နှစ်ပဲ ပြည့်တော့မှာပါ။ ဒီအရွယ်က ဘွဲ့ယူပြီးခဲ့တာ ကြာပြီပဲ။ ကျောင်းဆက်တက်ဖို့ ပြီးတော့ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်တော့မှာပါ။ အဖေ့ဂုဏ်နဲ့ ရာထူးကြီးတဲ့နေရာကို အဆင်သင့်ဝင်ထိုင်ထိုင်ရပေမယ့် ပိုးက မယူချင်ပါ။

ကိုယ်ကိုယ်တိုင် ပညာယူဖို့ လုပ်ငန်းတွေကို လေ့လာနိုင်ဖို့ အလည်ကျွမ်းကျင်ဖို့အတွက် ဒီနိုင်ငံပါမက နိုင်ငံခြားမှာပါ ပိုပြီး လေ့လာနိုင်မှသာ ပြည့်စုံနိုင်မည်မှန်း သိနေတာပါ။ အိမ်မှ တစ်ဦးတည်းသောသမီးမို့ ပိုးကို အားလုံးက ကလေးလို့သာ ခုချိန်ထိ မြင်နေကြတာလေ။ ကျောင်းတက်နေသည့် မိန်းမပျိုဆိုပြီး ခပ်ပေါ့ပေါ့ ခပ်ပျော်ပျော်နေတတ်သည့် မိန်းမပေါ့ဟု မထင်ပါနှင့်။

မှားသွားမှာလေ။ လွန်ခဲ့ပြီးဆိုတာ ကျောင်းမှာ မာနအလွန်ကြီးသလို စာတော်ပြီး ဘယ်ယောက်ျားလေးမှ မကပ်ရဲတဲ့ ခပ်မာမာ



www.burmeseclassic.com

www.burmeseclassic.com



ကျောကျော မိန်းကလေးတစ်ဦးပါပဲ။ ယောက်ျားလေးသူငယ်ချင်းတွေ
က သူမအပေါ် အဖြူရောင်ထက် အပြာတစ်စက်ပေါ်တာနဲ့ Go,
Went, Gone ဆိုပြီး တိခနဲဖြတ်ချကျင့်ရှိတာမို့ ဘယ်သူတစ်ဦး တ
ယောက်ကမျှ အရောင်မပြောင်းရဲပါလေ။

ဤသို့ဤနှယ် ကောင်မလေးက ဒီမြို့ဒီနေရာက ခပ်ရိုးရိုး
ကောင်လေးရဲ့ အထိအတွေ့မှာ မထင်မှတ်ဘဲ ရင်တွေခုန် ရှာန်လျှော
ရရင် ရာဇဝင်ရိုင်းရတော့မယ် ထင်ပါရဲ့။ ဒီအရွယ်မှာ ချစ်သူရည်းစား
ရှာဖို့ ဘယ်မိဘမှ ခွင့်မပေးကြပါ။ သို့သော် ပိုး၏မိဘတွေကို ပိုး
ချစ်လွန်း၍ စိုးရိမ်လေ့ရှိတာကလွဲပြီး ဤမျှထိ မချုပ်ချယ်ကြပါချေ

အချစ်ဆိုတာ ဘာလဲ။ ပိုး သေချာမသိပါ။ နှလုံးသား
တစ်ကြိမ်တစ်ခါတော့ ပုတ်နှိုးလှုပ်ခုန်စေသည့်အရာဟု မှန်ဝါးဝါးသ
သိထားတာပါလေ။ စာဖတ်ပေမယ့် 'အချစ်၊ အကြင်နာ၊ တွယ်တာ
မြတ်နိုး' တဲ့ စာသားတွေရှိသည့် ဝတ္ထုမျိုးထက် စွန့်စားခန်း၊ လျှို့ဝှ
စုံထောက်၊ သိပ္ပံ၊ စကြာဝဠာ၊ ကမ္ဘာမြေ၊ ဂြိုဟ်ရံများ စသည့် သု
စာပေ၊ ရသစာပေတို့ကိုသာ ရွေးဖတ်ဖြစ်တာပါ။

ဒါကြောင့် အားလပ်သည့်အချိန်တိုင်း စာဖတ်လျှင်
မျက်စိညောင်းပြီး ဦးနှောက်ရှုပ်ချင်ပါက သီချင်းနားထောင်ခြင်းဖြင့်
စိတ်ကို အပန်းဖြေစေပါသည်။ လူငယ်မို့ ခေတ်ပုံရိုက်တာ ဝါသနာပါ





ထူးထူးဆန်းဆန်းပုံတွေရပါက သူငယ်ချင်းတွေနှင့် online မှာ
ဝေမျှကာ ပုံတင်ပေးလေ့ရှိလေ၏။

"မမသာ မန္တလေးသားရဲ့လေကြောမှာ မျောမပါဖို့ အရေးကြီး
ပါတယ်နော်"

"အံမာ ... ငါ့စိတ်ငါနိုင်ပါတယ်ဆိုမှ"

"အပြောကြီးပြီး ရှာန်မလျှောမိပါစေနဲ့"

"နင်နော်"

ညီအစ်မနှစ်ယောက်သား အောက်ကိုရောက်တော့ လာကြို
နေသည့်သူတို့က ရောက်နှင့်လေပြီ။ Breakfast မစားဖြစ်တော့တာမို့
တိုတယ်မှ ငှက်ပျောသီးထည့်ပေးရန် ပြောမိစဉ် မမ ဆူတာကို ခံရလေ
၏ မန်နေဂျာမမက သဘောကောင်းစွာဖြင့် ဖော့ဘူးဖြင့် သစ်သီး
ကို သေချာထုတ်ပေးလိုက်လေသည်။ ပိုးပြောသားပဲ ဒီဟိုတယ်က
အစားအစာတွေကို ကြိုက်ပါတယ်ဆိုမှ။

ဆိုင်ကယ်ဖြင့်ထွက်လာကြပြီး လမ်းမကြီးမှထွက်ကာ တစ်
နေရာကိုဝင်လေ၏။ ဆူဇူကီးကားလေးရပ်ထားတာမို့ ထိုကားဖြင့်
သွားကြရန် စီစဉ်ထားမှန်း သိလိုက်ပါသည်။ လူတွေထပ်စုတာကို
စောင့်ရစဉ် အပျိုကြီးမမက ပွစိပွစိ ရေရွတ်သံ ထပ်ထွက်လာလေ၏။
'မရတီက လူများမှ ကားမလှူးတဲ့ ငြိမ်မှာ ... လမ်းကြမ်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးပြောပါသည်။

လူအုပ်စုများလျှင် သူမက ပျော်သလောက် မမက စိတ်ရှု တတ်သူမို့ပါပဲ။ နာရီဝက်ကျော်ကြာပြီးမှ အော်ကျယ်အော်ကျယ်ဖြင့် ရောက်လာသည့် လူငယ် (၅) ယောက်ကြောင့် မမတစ်ယောက် နားခေါင်းရှုံ့ချေပြီ။ သူက အစ်မတွေနှင့်ရော သူမကိုပါ ထိုအစ်ကိုတွေ နှင့် ရင်းနှီးစေရန် မိတ်ဆက်ပေးပါသည်။

"မမစိမ့်က ရန်ကုန်မှာ အထက်တန်းပြလေ"

"ဟုတ်လား ... အသက်က ဘယ်နှစ်နှစ်လဲဟင်"

"အစ်ကိုကတော့ လုပ်ချလိုက်ပြန်ပြီ".

"ဘာဖြစ်လို့လဲကွ"

"မိန်းကလေးတွေကို အသက်မေးရင် ရိုင်းတယ်ဗျ"

"မင်းကလည်း သိချင်လို့မေးမိတာကို"

တကယ်ပင် ကားထွက်တော့ လမ်းက အတော်ကိုကြမ်းလှပါ ၏။ ဒီလောက်လူအပြည့်တင်လာတာတောင်မှ ကားက အတော်ခုန်နေ တာပါ။ စကားလည်း ပြော၊ ရယ်လည်းရယ်၊ အော်ဟစ်သံတို့ဖြင့် ဆူညံနေတော့လေသည်။ နှစ်ဆန်းတစ်ရက်နေ့မို့ ဖျက်လက်စ မဏ္ဍပ် တွေမှာ လူပင်မရှိတော့ပါချေ။

"နေတော့ ... ညီအစ်မနှစ်ယောက် အတူတူပဲလား"





"ဟယ် ... စပ်စုလိုက်တာ"

"ရန်ကုန်ရောက်ရင် လာလည်မလို့ မေးတာပါ"

"ကျွန်မအိမ်က ယောက်ျားလေးတွေ လာလည်ရင် မကြိုက် ဘူးရှင့်"

"ဒါဖြင့် ... ဖုန်းဆက်ရင်ရော"

"မရဘူး"

"အပျိုကြီးတွေများ ပြောလိုက်ရင် ကန့်လန့်ချည်းပဲ"

"ဘာပြောတယ်"

မမက တရှူးရှူးဖြင့် ဒေါသထွက်လေတော့၏။ နည်းနည်း လေးမှ မထိချင်တဲ့မမကိုမှ စရတယ်လို့။ ရန်ကုန်သူနှင့် မန္တလေးသား ဆိုပြီး စကားနိုင်လုကြတာမို့ ကားတစ်စီးလုံး ဆူညံနေတော့တာပါ လေ။ အနိုင်မခံ အရှုံးမပေးပြောကြစဉ် ပိုးက ငြိမ်နေမိတာမို့ စစ်ကူ မရဘူးဆိုပြီး လက်မောင်းကို အရိုက်ခံရတာ တစ်ဖတ်ဖတ်ပါပဲ။

"မန္တလေးမှာပဲ နန်းတော်ရှိတာ ရန်ကုန်မှာမရှိဘူး"

"အံမာ ... အပြည်ပြည်ဆိုင်ရာလေယာဉ်ဆိုက်တာ ရန်ကုန်၊ Foreigner တွေ အရင်ဆုံးရောက်တာလည်း ရန်ကုန်ပဲ။ မဟာ ရန်ကုန်ပဲ ရှိတယ်။ မဟာမန္တလေးရှိလို့လား"

"စကားကို သိပ်ကပ်သပ်ပြောတတ်တာပဲ။ ဒါကြောင့် အပျို



www.burmeseclassic.com

www.burmeseclassic.com



သိုးကြီးဖြစ်နေတာ''

''အောင်မယ် ... အပျိုသိုးကြီးလို့ မရှိဘူး။ အပျိုဟိုင်းကြီး

ရှိတယ်။ လူပျိုကြီးတွေကိုပဲ လူပျိုသိုးကြီးလို့ပြောရတာ။ မသုံးတတ်ရင်

စာမဖတ်လို့ပေါ့ ... ညံ့ပို''

''ဟာ''

''တော်ပါတော့ မမစိန့်ရာ။ ဘုရားဖူးဖို့ထွက်တာနဲ့ ကုသိုလ်

မရဘဲ စကားများရတယ်လို့''

''အဲဒါ ... နင့်လူကို ကြည့်ပြောပေါ့''

ကိုအောင်ကျော်မြင့်က သူနားကိုကပ်ပြီး တီးတိုးပြောလိုက်

လေ၏။ သူက ပြုံးပြီး ခေါင်းခါပြလိုက်လေသည်။ ဘာလဲ ယောကျ်ား

လေးဖြစ်ပြီး အတင်းအုပ်စတတ်ကြတာပါပဲလား။ ပိုးက အနီးမှာထိုင်

ရတာမို့ သူ့လက်မောင်းကို ဆွဲဆိတ်ကာ မေးဆတ်ပြလိုက်မိ၏။ ဘယ်

ရမလဲ ပိုးတစ်ယောက်လုံး ပါနေတာတောင်မှ ဘာမှမသိရရင် ညံ့သွား

မှာပေါ့နော်။

''ပြောပါဆို''

''မမစိန့် ရေစိုပြီးပြီလားတဲ့။ မစိုသေးရင် ရေလောင်းချင်

တယ်တဲ့လေ''

''ရမလား''





''သင်္ကြန်ရေမထိရင် မကျန်းမာဘူးလေ ပိုးရဲ့ ... သိသား

နဲ့''

''မမက ရေကြောက်ပါတယ်ဆိုမှ''

''ငြိုကြဟေ့ ... လာပြီ''

နောက်ဆုံးမှာထိုင်နေသည့်လူက သတိပေးလိုက်ပေမယ့်

နောက်ကျသွားလေပြီ။ ကားထဲသို့ အလုံးအရင်းဖြင့် ဝင်လာသည့်ရေ

တို့ကြောင့် အားလုံး ရေရွဲကုန်တော့တာပါ။ နှစ်ဆန်းတစ်ရက်နေ့မို့

ရေမလောင်းကြတော့တူးထင်နေတာ ရွာတွေဘက်မှာ ရေပက်ကြတုန်း

ပါပဲလား။ ဆန်းကြယ်ပါရဲ့။

''စိုကုန်ပါပြီဟယ် ... တကယ်ပါပဲ''

စောစောက ဒေါသတွေ ဘယ်ထွက်ပြေးကုန်သည်မသိ

တော့ပါ။ ရေစိုတာမို့ ရယ်မောလိုက်ကြတာပါလေ။ ဘုရားအစုံ တစ်

နေရာစီ လှည့်လည်ဖူးကြရင်း အလှူငွေထည့်လှူကြ ပန်းကပ်ကြပါ၏။

ရှေးဟောင်းအုတ်ဘုရားများ တူးဖော်ထားတာမို့ ဖူးရစဉ် သုံးဆင့်

ဘုရားရုပ်တုတော်တို့ကိုပါ ထူးထူးခြားခြား ဖူးမြော်ခွင့်ရခဲ့ပါသည်။

အထက်ဆုံးဘုရားဆင်းတုတော်၏ ဝမ်းဗိုက်အောက်အတွင်း

မှာ နောက်ထပ်တစ်ဆူ။ ထိုဆင်းတုတော်၏ ရင်ဘတ်အတွင်းမှာ

နောက်ထပ်တစ်ဆူ ရှိနေခြင်းပါပဲ။ ပုဂံမှာတောင်မရှိသည့် ရှေးခေတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာတို့ကို ဒီကျောက်ဆည်မြို့မှာ ရှာဖွေတွေ့ရှိခြင်းပါလေ။ ဘု
ဖူး ညှိသည်တွေကို စတုဒိယာကျွေးတာမို့ တစ်ခါမှ မစားဖူးသ
သတ်သတ်လွတ်ထမင်းကို ဝင်စားဖြစ်လေ၏။

အပြန်မှာမိုးချုပ်သွားတာမို့ ပျော်လည်းပျော်၊ မောလည်း
ဖြင့် ဟိုတယ်သို့ ပြန်ရောက်ခဲ့ရပါသည်။

❋ ❋ ❋



## အခန်း (၁၆)

ရန်ကုန်မပြန်ခင် 3D ရုပ်ရှင် ကြည့်ချင်သည်ဟု ပူဆာသဖြင့်
သူက လိုက်ပြရန် ခေါ်ဆောင်သွားလေ၏။ တကယ်တမ်းသွားကြည့်တော့
အစ်မနှစ်ယောက်စလုံး မကြည့်ဖြစ်ကြပါ။ နှစ်ယောက်တည်းဖြစ်နေတာ
မို့ သူက သူငယ်ချင်းတွေကို ဖုန်းဖြင့် လှမ်းဆက်ခေါ်လိုက်လေသည်။
ဆိုင်ကယ်ဖြင့် Diamond Plaza (ယခင် ရတနာပုံဈေး) သို့ ရောက်
ခဲ့ပါ၏။

Board ထောင်ထားတာတို့ကို ဖတ်ရင်း ရွေးနေမိပါသည်။
ဘယ်နှစ်ယောက်လာမည်မှန်းမသိတာမို့ လက်မှတ်မဝယ်ဖြစ်သေး။
ဦးက Fast and Furious ကားတွေကြိုက်တာမို့ Need For

www.burmeseclassic.com

www.burmeseclassic.com



Speed ကားကိုရွေးပေမယ့် သူဘော်ဒါတွေက Cinema (

မှာပြသည့် Divergent ရော (1) မှာပြသသည့် Need For Spe

ကိုပါ ကြည့်ပြီးနေပြီမို့ Cinema (2) မှာပြသည့် . No

ဇာတ်ကားကိုသာ ရွေးဖြစ်ပါ၏။

"အပေါ်မှာတက်ပြီး စောင့်နှင့်တဲ့။ ကိုဇော်ပဲ လာဖြစ်

မယ်"

သူခေါ်လာသည့် Plaza ၏ (၅) လွှာသို့ lift ဖြင့်တက်

၏။ အဆင့်မြင့်ရုံတွေ ဖြစ်ကုန်ပြီမို့ ဟိုးအရင် ပိုးတို့ငယ်စဉ်က

ကျိတ်ကျိတ်တိုး မကြပ်နေပါချေ။ သူက လက်မှတ်သွားဖြတ်

မုန့်တွေ အအေးတွေပါ ဝယ်နေတာမို့ အပြင်ခုံတန်းမှာ ထိုင်စောင့်

၏။

ဘုရားဖူးစဉ်က အတူလိုက်ဖူးသည့်အစ်ကိုမို့ သူမ မှတ်မိ

သည်။

"ဒီမှာ"

"ဟော! ... ညီမတစ်ယောက်တည်းလား ... အစ်မရော

"မကြည့်ချင်လို့တဲ့ မလိုက်လာဘူး"

"ညီရော"

"မုန့်ဝယ်နေတယ်"



"အစ်ကို မကြည့်ရသေးတဲ့ကားကို ရွေးရလို့ ကျေနပ်ပါ့

လား"

"ရပါတယ် အစ်ကိုရဲ့၊ ပိုးက ဘယ်ကားပဲဖြစ်ဖြစ် ကြည့်ဖြစ်

ပဲ အဓိကပါ။ Russell Crowe လည်း ပိုးကြိုက်တဲ့မင်းသားပဲဟာ"

"ဝင်လို့ရပြီတဲ့"

"အိုကေလေ ... ဝင်ကြတာပေါ့".

အဝင်ဝမှာ လက်မှတ်စစ်ရင်း မုန့်မှန်တွေကို Plastic bag

ဖြင့် ပေးတာကို ယူခဲ့ရလေ၏။ ဇာတ်ကားက အထူးအဆန်းမို့ သူက

သိပ်နားမလည်ပါ။ ကိုဇော်က သူ့ကို ရုပ်ရှင်ကို ရုပ်ရှင်ဟုသာမြင်ရန်

ထားတိုးပြောပါ၏။ သူမက စာဖတ်သည့်လူ။ ပြီးတော့ သူငယ်ချင်းတွေ

ထဲမှာလည်း ဘာသာခြားသူငယ်ချင်းပါတာမို့ ဒီဇာတ်ကား၏ အခြေခံ

ကို နားလည်ပါသည်။

သမ္မာကျမ်းစာထဲမှ 'နောဧ' သင်္ဘောကြီးအကြောင်းကို

လေ့လာခဲ့ဖူးတာမို့ပါပဲ။ 5 Movie ကပြဖူးသည့် ဇာတ်ကားက ကာလာ

ပုံပြီး သတ္တဝါမျိုးစုံထည့်ရိုက်ထားတာမို့ ကလေးတွေ သိပ်ကြိုက်ကြပါ

သည်။ ယခုကားကိုတော့ အမှောင်ခန်းများများဖြင့် ရိုက်ထားတာမို့

ကြည့်ရတာ သိပ်မကြိုက်လှပါချေ။

ရုပ်ရှင်ကြည့်ပြီးတော့ ကိုဇော်နှင့်လမ်းခွဲထွက်ကာ ဈေးချို



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လှည့်ရန် ထွက်ခဲ့ကြပါသည်။ သူက အထည်တန်းဘက် [illegible] ဆေးဆိုင်တွေဘက်၊ စားသောက်ဆိုင်တွေဘက် စသည်ဖြင့် လိုက်[illegible] ပေးလေ၏။ မမပါလာလျှင် အများကြီးဝယ်ဖြစ်မည်ထင်ပါသည်။ [illegible] နှင့် ပိုးကတော့ အဝတ်အစား သုံးလေးစုံခန့်သာ ဝယ်ဖြစ်ကြ[illegible] ဈေးထဲမှာပင် ထမင်းစားရင်း ခဏနားကြပါ၏။

"ဘာဟင်းမှာမလဲ"

"ဘာဖြစ်ဖြစ်ရတယ်"

"အစ်မရေ ... ကြက်သားတစ်ပွဲ၊ ငါးဆုပ်ဟင်းတစ်ပွဲ၊ ပု[illegible] တစ်ပွဲပေးပါ"

အရွက်ကြော်တွေ၊ ဟင်းချိုတွေက အံရန်အဖြစ်ပေးတာ[illegible] မှာစရာမလိုပါ။ ထမင်းပွဲပြင်တာကို စောင့်ရင်း သူက ရေနွေးသော[illegible] ရန် ခွက်တွေကို ရေသေချာဆေးလိုက်လေ၏။ လက်ဖက်ရည်ဆိုင်[illegible] ထိုင်လျှင်လည်း သူပင် ဤသို့လုပ်ပေးလေ့ရှိပါသည်။ မနက်ဖြ[illegible] ပြန်ဖြစ်မှာမို့ စိတ်ထဲမှာ သိပ်မပျော်ရွှင်တာ ဘာကြောင့်များပါလဲ။

"ပိုး"

"ရှင်"

"နောက်နှစ်လာဦးမှာလား"

မေးကတည်းက တလွဲကြီးပါပဲလား။ တကယ်ဆို 'ရန်ကု[illegible]





[illegible]ရင် မေ့လိုက်မှာလား' လို့ ဒဲ့မေးသင့်တာပါလေ။ စကားကြွယ်ပါ [illegible]ည်ဆိုသည့် မန္တလေးသားလေး၏ ပြောဆိုပုံက အမှတ်တွေလျော့နေ [illegible]ုန်းပါပဲ။ ဘာပဲဖြစ်ဖြစ် အကြိုနေ့က အဖြစ်အပျက်ကို သူ မေ့မေ့ [illegible]ျောက်ပျောက်နေသေးတာ ကျေးဇူးတင်မိတာ အမှန်ပါလေ။

"မပြောတတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ပိုးပြောပြီးပြီလေ ... ကျောင်းသွားတက်မယ်လို့"

"ကိုယ်က မျှော်နေမှာ"

တီးတိုးရေရွတ်လိုက်ပေမယ့် သူမ ကြားလိုက်ပါ၏။ နှစ် [illegible]ောက်သား ဘာမှ ဆက်မပြောဖြစ်တဲ့ တိတ်ဆိတ်နေမိသည်၊ ထမင်း [illegible]လာပြင်ပေးတော့ ဆာနေသည့်ဗိုက်ကို ပြည့်အောင်ဖြည့်ရလေ၏။ [illegible]ူမက အစာမရှိရင် ဗိုက်အောင့်တတ်တာမို့ စားဖြစ်ပေမယ့် သူကဖြင့် [illegible]ိပ်မစားပါချေ။ လူဆိုတာ တွေ့ကြုံဆုံကွဲ မမြဲတာဆိုတာကို သူ [illegible]ေ့ထားတာများလား။

"အောင်"

"ဟင်! ဟင် ... ဘာလဲ"

"အောင်လို့ ခေါ်ကြည့်တာလေ။ မဆိုးပါဘူး ခေါ်လို့ဖြစ် [illegible]ာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ရေနွေးသောက်ရင်း ပြုံးလေ၏။ မမ သေချာဖြေ ထားပေမယ့် သိစိတ်နဲ့မသိစိတ်ရဲ့ လွန်ဆွဲအားကို သူမမှ မမှန်းဆနိုင် တာလေ။ အချစ်ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားခြင်းလား။ သို့တည်းမဟုတ် ညှို့းနွမ်းနေပါသည့် မျက်နှာထက်မှ အားတင်းကာ ပြုံးပြလိုက်သည့် အပြုံးတစ်ခုလေလား။ သူမ သေချာမသိပါ။ သေချာတာတစ်ခုကတော့ သူ့အပြုံးကို မြင်ရတိုင်း သူမရင်တွင်းမှ တဒိတ်ဒိတ် အခုန်မြန်လာတာ နှစ်လိုမှုတွေ အလိုလို ဖြစ်တည်လာတယ်ဆိုတာပါပဲ။

"ဖုန်းဆက်မှာလား"

"အားကြတာကိုး ... အလုပ်ဖြင့် မအားပဲနဲ့များ"

"Message တော့ပို့ပေါ့။ ညဘက်လေ"

အံမယ် ... ဒါတော့ တတ်သားပဲ။ မရဲတရဲတောင်းဆိုချက်က သူမကို ပြုံးစေပေမယ့် သူ့ရှက်မှာစိုးပြီး မပြုံးမိအောင် ထိန်းထားရပါ၏။ တစ်နေရာမှာ ဖတ်လမ်းတစ်ပုဒ်တွင်တတ်ကြတာက ယောကျ်ားတွေပင် မဟုတ်ပါလား။ သူမက စာကိုသာ ဆက်ပြီးကြိုးစားရှာ အာရုံစိုက်ထားတာဖြစ်ပေမယ့် တစ်ခါတစ်ရံ လူငယ်စိတ်က ဦးနှောက် ကို ဦးဆောင်တတ်တော့ ခက်သားလား။

သူမဖတ်ဖူးသည့် စာအုပ်တွေထဲမှာ စိတ်ဆိုတာ လေ အလျဉ်နဲ့အတူ အမြဲပြောင်းလဲတတ်တာတဲ့လေ။ ဒါကြောင့်လည်း





မမက ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်တောင် မတည့်တာ သူများစိတ်နဲ့ ဘယ် လို ပေါင်းရမလဲဆိုပြီး အပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပင်။ သူမကတော့ မမလို တစ်ကိုယ်တည်းနေသွားဖို့ စိတ်ကူးမရှိပါချေ။

"ကတိမပေးနိုင်ဘူးပေါ့လေ"

"မဟုတ်ပါဘူး ... ကတိဆိုတာ တည်နိုင်မှသာပေးရတာ လေ။ မတည်နိုင်ဘဲပေးမိရင် အလကားဖြစ်သွားမှာပေါ့"

သူ့မျက်ဝန်းတွေ မှိန်ဖိုင်းသွားလေ၏။ ညနေစောင်းသာရှိ သေးတာမို့ ဟိုတယ် ဖြန့်မပို့သေးတဲ့ ကျုံးဘေးသို့မောင်းခဲ့လေသည်။ တောင်တွေ၊ အပင်တွေ၊ ရေတွေကို သူမ သဘောကျတာကို သူ မှတ်မိနေလေသလား။ ဆိုင်ကယ်ကို စက်သပ်ကာ လမ်းဆင်းလျှောက် ဖြစ်လေ၏။ နွေလေပူက ခပ်ကြမ်းကြမ်းပင်တိုက်ခတ်သည့်နယ်ပါ။

"သူစိမ်းမိန်းကလေးနဲ့ခင်မိတာ ပိုးက ပထမဆုံးပဲ"

"မဟုတ်တာ မပြောပါနဲ့။ ကျောင်းတက်တော့ သူငယ်ချင်း တွေရှိမှာပဲဟာ"

"အဲဒါ သူငယ်ချင်းလေ"

သူငယ်ချင်းတဲ့။ ဒါဖြင့် ပိုးက ဘာလဲ။ စကားသိပ်မပြောတတ် ဘူးထင်ထားတဲ့ကောင်လေးက ပိုးကို ဦးနှောက်စားအောင် ပဟေဠိ ထုတ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျုံးရေပြင်ဘက် မျက်နှာမူလျက် ကျိတ်ပြုံးလိုက်မိပါသည်။

"ကိုယ်ကရော"

ဟော . . . တွေ့လား။ ယောကျ်ားလေးဖြစ်တဲ့သူက စမမေးပါဘဲ မိန်းကလေးဖြစ်တဲ့ သူမကို ရေစဖောက်မိုင်းနေတာလေ။ ရှင်အတော် လည်တဲ့လူလည်လေးပါပဲလား လင်းသူရအောင်။ သူမကဒါကို မမြင်မိရင် သူဆင်တဲ့ထောင်ချောက်မှာ ကွိခနဲမိသွားမှာပေါ့။

"ပိုးမှာက သူငယ်ချင်းတွေအများကြီးပဲ ရှိတာ။ အခု စက်မှုမှာ ကျောင်းနေဖြစ်ရင်တောင်မှ Boy friend နှစ်ယောက်ပါမှာ ကျော်မျိုးသက်နဲ့ ဖွဲ့ခန့်လေ။ ပိုးတို့မိန်းကလေးက သုံးယောက်"

သူ့မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ သိသာပါ။ ထိရှလွယ်တတ်တယ်ဆိုတာ ယောကျ်ား မိန်းမ ခွဲခြားစရာမှ မလိုတာလေ။ ရင်ဘတ်ထဲက နှလုံးသားနဲ့ မချစ်တတ်တဲ့လူတွေအတွက်ကတော့ ရည်းစားထားတယ်ဆိုတာ ခပ်ပွပွမုန့်လေမွေကို ဝါးစားသလောက် ပါးပါးလေးသာဖြစ်မှာပါ။

သူမကတော့ နှလုံးသားကို မညာချင်ပါ။ ချစ်ခြင်းမှာ ရိုးသားမှုရှိဖို့ လိုအပ်မှာအမှန်လေ။ သို့သော် ချစ်ခြင်း၏နောက်မှာ ရပ်စောင့်နေပါသည့်အလွမ်းတွေကိုဖြင့် မကြိုဆိုချင်ပါလေ။ ပိုချစ်မိတဲ့သူတိုင်း ပိုခံစားရပြီး ပိုလွမ်းရတတ်တာက ထိခိုက်ရှလွယ်တဲ့ဒဏ်ရာက အကြီး





ကြီးပင် မဟုတ်ပါလား။

"ကိုယ်က ကိုယ်က အဲဒီသူငယ်ချင်းတွေထက် နည်းနည်းလေးတောင် မပိုဘူးလား"

သူမ သက်မကို ကျိတ်ရှိုက်လိုက်မိပါ၏။ အချစ်ကို ခေါင်းမညိတ်ရသေးခင် ရင်တွင်းမှာ နွမ်းလျမှုက အရင်ဖြစ်နေပါရောလား။ မျက်ရည်ဆိုတာတွေက အလွမ်းရဲ့ရှေ့ပြေးဆိုပါလျှင် ထိုမျက်ရည်တို့က သူမမျက်ဝန်းထဲမှာ အလိုလို ဖြစ်တည်လာတာမို့ မျက်တောင်ဖြင့်ခပ်မြန်မြန် ခပ်သိမ်းလိုက်ရပါ၏။ အောင့်ကို အလွမ်းတွေထဲ မနစ်ကျွံရစ်ခဲ့စေချင်ပါ။

"ရန်ကုန်နဲ့မန္တလေးက ဘယ်နှမိုင်ဝေးသလဲ အောင်"

"ဒီခေတ်မှာ ဆက်သွယ်တတ်ရင် နီးနီးလေးပါ။ မျက်နှာချင်းဆိုင်ဆုံချင်လည်း အလွယ်လေးပါ ပိုး"

မလျှော့သော ဖွဲ့ပါပဲလား။ ညနေစောင်းလာပြီမို့ နေမင်းကြီးက ပုန်းတော့ချေမည်။ တစ်ရက်ဆိုတာ ခဏလေးလို ဖြစ်ပေမယ့်တစ်နှစ်ဆိုတာက ဤမျှမြန်နိုင်ပါ့မလား။ အနေဝေးရင် သွေးအေးတတ်ကြတာ သဘာဝပေမယ့် ပိုးချစ်တဲ့ချစ်သူကိုဖြင့် ဒီပုတ်ထဲကဒီပဲမျိုးတော့ မဖြစ်စေချင်ပါ။ တစ်သက်မှာတစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲချစ်တဲ့ သူသာ ဖြစ်စေချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပိတောက်ဆိုတာ မိုးနဲ့ထိမှ ပွင့်တတ်လို့ ပိုးက ပိတောက် မကြိုက်ဘူး။ သကြန်ရောက်တိုင်း ကတိတည်ပြီးပွင့်တဲ့ ငုကိုပဲ ကြိုက် တယ်"

"ငုတောင်မှ သစ္စာရှိသေးတာ။ ကိုယ်က သစ္စာမရှိနိုင်ဘူး လို့များ ပိုးထင်နေလား"

အကြည့်ချင်း ဆုံသွားရပါ၏။ နှုတ်ဖျားမှ ဘာစကားမှ မပြော ဖြစ်ပေမယ့် သူ့မျက်ဝန်းမှတစ်ဆင့် ရင်တွင်းကို မြင်နိုင်တာပါလေး လူရှေ့မှာ မပြောရဲပေမယ့် လူမမြင်ရတဲ့ ဖုန်းထဲမှာဖြင့် စကားတွေ အများကြီး သူပြောလိမ့်မယ်ထင်ပါရဲ့။ အဲဒီနေ့ အဲဒီညမှာ သူနှင့်အတူ သူမ အချိန်အတော်ယူဖြစ်ခဲ့လေသည်။

နောက်နေ့ မနက်စောစော ကားဖြင့်ပြန်ခဲ့စဉ် သူ့ကို မနှုတ် ဆက်ဖြစ်ခဲ့ပါ။ ကားပေါ်မှာ မှိန်းပြီးပါလာသည့် မမက သူမကို သတိ မထားဖြစ်ပါလေ။ မနေ့လေးမှ ထွက်စဉ် ဖုန်းကို power ပိတ်လိုက်ရင်း တစ်ယောက်တည်း ကျိတ်ပြုံးနေမိ၏။ မနက်အစောကြီးမို့စဉ် intern သုံးကာ viber ဖြင့် သူ့ဖုန်းထဲသို့ sticker တစ်ပုံ ပို့ဖြစ်ခဲ့ တာပါလေ မည်သို့ယူဆမည် မသိနိုင်ပေမယ့် နှလုံးသားချင်း အနီးဆုံး ဖြစ်ပါ အောင် သိနိုင်မှာအမှန်ပါပဲ။

**"Yes"**



# အဆုံး

www.burmeseclassic.com

www.burmeseclassic.com

"နှလုံးသားနိုင်ငံယာရီ"

"အချစ်···အချစ်" ဆိုပြီး
အော်တတ်တဲ့ ငှက်ကလေးက
ငါ့ရင်မှာ ခိုထားနားပြီး
အဝေးကို ပျံတက်သွားတယ်။
လေပြာနှယ် ကောင်းကင်နှယ်
ဒီရင်မှာ ဗလာဟင်းလင်းနဲ့
နှလုံးသားမဲ့ပြီး
ရင်ကွဲခဲ့ရတာပါလေ။
ကောင်မလေးရေ
မင်းပေးခဲ့တဲ့ဓာတ်ရာနဲ့
ယှိုင်နဲ့နဲ့ အသက်ဆက်နေရတဲ့
မျှော်လင့်ချက်မဲ့ လူသားတစ်ဦး
ဒီကမ္ဘာမှာရှိနေတယ်ဆိုတာ
တစ်စက္ကန့်လေးမျှ
ဖျတ်ခနဲ သတိရခဲ့ရင်
အဆင်သင့်ဖွင့်ထားတဲ့
ရင်ခွင်တံခါးမှတစ်ဆင့်
ငါ့အသည်းပလ္လင်ထက်မှာ
စံစားလှည့်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

လေဆိပ်အဆောက်အဦးထဲမှ တက်ကြွသည့်ခြေလှမ်းတို့ဖြင့်
က်ခဲ့ပါ၏။ Slimbag နှင့် Travel Box တစ်လုံးသာပါတာမို့
သတ္တာကို ကိုင်းထုတ်ရင်း ဆွဲခဲ့ရတာ ပေါ့ပေါ့ပါးပါးပါပဲ။ အိမ်မှ
သမကြိုကြတာမို့ Taxi ငှားရန် ဟိုဒီလှည့်ရှာလိုက်မိပါသည်။ လက်မှ
ကို လေဆိပ်ထဲမှ နာရီနှင့် မြန်မာစံတော်ချိန် တိုက်လိုက်တာမို့
မှန် ပြန်ကြည့်စဉ် သူမ ရှေ့မှာ ကားတစ်စီးရပ်သွားလေ၏။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး သူမရှေ့မှာ လာရပ်
က်ပါသည်။ တစ်ခါမှ မမြင်ဖူးသည့်လူမို့ မျက်မှောင်ကြုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရင်း ခြေလှမ်းကို ရွှေ့လိုက်မိ၏။ လူများကြိုတာတော့ အဖြစ်မခံနိုင်ပါ။ အိမ်ကကားလည်း မဟုတ်၊ Driver လည်း ဟုတ်မှ မဟုတ်တာကို။

"လွန်းပိုးဖြူ ... ဟုတ်ပါတယ်နော်"

"ရှင်!"

နာမည်တပ်ပြီးမေးလိုက်သည့်မေးခွန်းမို့ အံ့သြသွားရပါ၏။ ဘာလဲ၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်လိုဖြစ်ပြီး ပိုးကိုသိနေရတာလဲ။ ဦးနှောက်ထဲမှာထွက်ပေါ်လာသည့် မေးခွန်းတွေက တသီတတန်းကြီး ပါပဲ။ ပြဿနာပါပဲလားနော်။

"ရှင်က ဘယ်သူလဲ"

"ကိုယ့်နာမည်က ဘုန်းမြင့်မိုရ်ပါ"

"ဘာ"

အမယ်လေး! နာမည်ကြားရုံမျှဖြင့် အမြင့်ကြီးကို မော့ကြည့် ရသလိုနှယ်ပါ။ ပုံစံက ရည်မွန်သလိုနဲ့ မျက်လုံးကိုကြည့်ပါလား။ မာန ကြီးပြီး လူတစ်ဖက်သားကို ဂရုမစိုက် အမှုမထားသည့်အရိပ်တွေ လွှမ်းနေတာပါလေ။ ထားပါတော့၊ ကြိုလာသမျှ ရင်ခိုင်ဖို့က လွန်းပိုး ဖြူအတွက်ပဲ မဟုတ်ပါလား။

"ရှင့်ကို ဘယ်သူလွှတ်လိုက်တာလဲ"





"MD ဦးကျော်နိုင်ပါ"

"ဘယ်လို"

ထူးဆန်းပေစွ။ ဖေဖေလွှတ်လိုက်တာတဲ့လား။ MD ဟု ရွေ့တ်လိုက်တာမို့ ကုမ္ပဏီနှင့် ဆက်စပ်သည့်လူမှန်း သိသာနေပါ၏။ ကောင်းပြီ ဘုန်းမြင့်မိုရ်၊ အလုပ်အတူတွဲလုပ်ဖို့အတွက်ဆို ကိစ္စမရှိပါ လေ။

"ကျွန်မ ကိုယ့်ဘာသာ Taxi ငှားပြီးပြန်လို့ဖြစ်ပါတယ်"

"အန်ကယ်က လွန်းပိုးဖြူကို သေချာကြိုခဲ့ဖို့ မှာလိုက်ပါ တယ်"

ကျစ်! ... မလွယ်ပါလား။ ဘယ်လိုဖြစ်ပြီး ဒီလူကို ဖေဖေ က လွှတ်လိုက်ရတာလဲ။ သူက ဖေဖေ့ကုမ္ပဏီဝန်ထမ်းမို့လား။ မဖြစ်နိုင် ပါ။ ဝတ်ထားတဲ့ Suit နဲ့ Sport shirt ရော Style pants က ဈေးကြီးတဲ့ ဝတ်စုံ။ ပြီးတော့ သူစီးလာသည့် နောက်ဆုံးပေါ်ကားကို မြင်ရုံနဲ့ ခန့်မှန်းနိုင်တာပါလေ။

ဘုရားရေ! ... မဟုတ်မှလွဲရော။ ကုမ္ပဏီ member များ လား။ ဖြစ်နိုင်ပုံပါပဲ။ အပေါ်ယံကိုကြည့်မိပေမယ့် အမျိုးသမီးတွေက သဘောကျနိုင်တာအမှန်ပါ။ သို့သော် သူ့မရင်ထဲမှာရှိသည့် နေရာမှာ ဖြင့် ပိုင်ရှင်ရှိနေတာမို့ ဒီလူကို စိတ်ဝင်စားစရာမလိုပါလေ။ ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ရင် ဘွာမခတ်စတမ်းပေါ့ လွန်းပိုးဖြူရယ်။

"တကယ်လို့ ကျွန်မ မလိုက်ဖြစ်ရင်ကော"

သူက တစ်ချက်ပြုံးလိုက်လေ၏။ ကြည့်ပါလား၊ ပြုံးပုံက လူတစ်ဖက်သားကို နှိမ်သလို လှောင်ပြုံးအပြုံးမျိုးမှန်း သိသာနေတာပါ။ ရောက်ရောက်ချင်း ဆောက်နဲ့အထွင်းခံရတာကတော့ မမိုက်ပါဘူး။ ပေးခဲ့ရတဲ့ကတိကြောင့် ကျောင်းတက်နေစဉ်အတွင်း အောင်နဲ့ အဆက်အသွယ်မလုပ်ဖြစ်ခဲ့ရတာ ကြာပြီလေ။

အသံကြားဖို့ထက် စာကြောင်းလေးမြင်ရတာထက် ရင်ခုန်သံချင်း ဖလှယ်ဖို့က အကြည့်ချင်းဆုံဖို့သာ ပိုအဓိကကျမှန်း သူမ ယူဆသတ်မှတ်ထားမိတာပါ။ စိတ်ကူးယဉ်ဖို့ထက် လက်တွေ့ဘဝမှာ သူမ သိပ်ချစ်သည့်လူနှင့် နှစ်ကိုယ်တူ ဘဝတစ်ခု တည်ထောင်ရန် ရည်ရွယ်ထားသမျှ အလဟဿအဖြစ်မခံနိုင်ပါချေ။

အခုတော့ ဒီလူ သူစိမ်းတစ်ယောက်ကို စမြင်လိုက်တာနှင့် ရှေ့ကို ဘာဆက်ဖြစ်မယ်ဆိုတာကို ရိပ်မိနေပြီလေ၊ ဘယ်လိုလဲ ဖေဖေ ပိုးရဲ့ကတိကို လွယ်လွယ်ပေးတယ်ထင်ပြီး လွယ်လွယ်ဖျက်ချင်တာမျိုးလား။ သူက ဖုန်းမြည်သံကြောင့် ဖွင့်ကာပြောနေလေ၏။

"ဟုတ်ကဲ့ အန်ကယ် ... အခုပဲ လေယာဉ်ဆိုက်တာပါ။ ဟုတ်ကဲ့ ... တွေ့နေပါပြီ ... ရပါတယ်"





"အန်ကယ်က ပြောချင်လို့တဲ့"

Handset အကောင်းစားက သူမမျက်နှာရှေ့သို့ရောက်လာလေ၏။ ရင်ထဲမှာ အောင့်သွားမိတာအမှန်ပါ။ သူ့ပုံစံက ဒါမျိုး ငါကိုင်နိုင်တယ်ဆိုတဲ့ပုံစံအချိုးမျိုး ဖြစ်နေတာမဟုတ်လား။ ဟိုနိုင်ငံမှာနေရစဉ် ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီဆိုသည့် စိတ်ကို မနည်းကြိုးစားသွင်းထားတာမို့ ဒေါသထွက်ချင်တာကို ထိန်းထားရတာပါ။

ဒီထက်ဘုပြောနေရင် ရိုင်းရာကျမှာစိုးရိမ်ပြီး သူကမ်းပေးနေသည့် ဖုန်းကို လှမ်းယူလိုက်ရပါ၏။ ဒီမှာ ဘာတွေဖြစ်ပြီး ဘယ်လိုများပြောင်းလဲကုန်ပါသနည်း။ ဖေဖေတို့နှင့် ပြန်တွေ့ပြီမို့ အကြောင်းစုံကို သိနိုင်တော့မှာပါလေ။

"ဟယ်လို! ... ဖေဖေ"

"သမီးပိုးလေး ... မောင်မြင့်မိုရ်နဲ့ လိုက်လာခဲ့ပါ"

"ဖေဖေ ... ပိုး"

"ပြောစရာရှိတာ နောက်မှဆွေးနွေးကြမယ် ပိုး။ ဖေဖေပြောတာကိုသာ နားထောင်ပါ"

ဒါပဲလား။ ဖေဖေ့အသံက အတော်လေးကို အားလျော့နေသလိုပါလေ။ ပိုးက မေမေ့ထက် ဖေဖေ့ကို ပိုချစ်သည့်လူပါ။ မိန်းကလေးကိစ္စမှန်သမျှ မေမေနှင့်တိုင်ပင်တတ်တာ မှန်ပေမယ့် ရှုရေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ၊ ပညာရေးကိစ္စ၊ အလုပ်ကိစ္စတွေမှန်သမျှ ဖေဖေနဲ့သာ တ
တန်း တိုင်ပင်ဆွေးနွေးလေ့ရှိတာလေ။

ဘာမဆို ပွင့်လင်းလေ့ရှိသည့် မိသားစုကြားမှာ ဘာကို
ဖုံးကွယ်လျှို့ဝှက်ထားသည့်ကိစ္စမျိုး ရှိနေပါသလဲ။ စာသင်နေစဉ်
ဘာအပူအပင်မှ မရှိဘဲ သောကကင်းဝေးစွာဖြင့် ကျောင်းတက်ခဲ့ရ
ပါ။ ဒီမြေမှာ ခြေပြန်ချကာမှ အခြေအနေတွေက ပြောင်းကုန်ပြီလ
ရင်တွင်းမှ ပူလောင်မှုက စတင်လာချေပြီ။

"သွားကြစို့ လွှန်းပိုးဖြူ"

ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သဖြင့် သူမ တက်လို
ရပါ၏။ မနက်ပိုင်းမို့ နှင်းသိပ်မကျဘဲ နေမင်းက ခပ်နွေးနွေ
ကမ္ဘာမြေကို အလင်းပေးနေလေသည်။ ဘေးဘီဝဲယာရှိ သစ်
တိုက်တာတို့ကို ငေးရင်း လိုက်ခဲ့ရလေ၏။ ရင်ထဲမှာ မေးခွန်း
တစ်သီကြီးစီနေမိပါသည်။ ပိုးတို့ဆုံကြပါစို့ ဖေဖေ။

"ဒီနှစ်ထဲ အသက်ဘယ်နှနှစ်ပြည့်မှာလဲ"

"ဟင် . . . ဘာလဲ"

"လွှန်းပိုးဖြူရဲ့အသက်ကို ပြောနေတာ"

မိန်းကလေးတွေရဲ့အသက်ကို မေးတာ ရိုင်းပျမှန်း
မသိဘူးတဲ့လား။ လူငယ်ဖြစ်ပြီး လူငယ်စိတ်နဲ့ ပွင့်လင်းတာမှန်ပေ





ပြောသင့်မပြောသင့်တဲ့စကားလုံးမျိုးကိုဖြင့် ရွေးချယ်နိုင်ရမှာပေ
တမင်ပဲ စကားရှာပြီး မေးလိုက်တာလည်းဖြစ်နိုင်ပါပေ။

"(၂၄) နှစ်ပြည့်မှာပါ"

"မငယ်တော့ဘူးပဲ"

ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ကားကို ဂရုစိုက်မောင်းနေ
တာမို့ သူက သူမကို လှည့်မကြည့်ပါ။ မှတ်ချက်ချသံက လူကို နှိမ်ကွပ်
လိုက်သလိုမျိုးပါလေ။ မဟုတ်သေးပါဘူး။ ဒီလူကို စမြင်ကတည်းက
ကြည်လင်တဲ့အမြင်နဲ့ မျက်မှန်းကျိုးချင်သည့်စိတ်က ဘယ်လိုဖြစ်ပြီး
ချစ်တည်နေရပါသလဲ။ ထူးဆန်းလေစွ။

"မှန်ပါတယ် . . . တည်ငြိမ်တဲ့အရွယ်မျိုးပါပဲ"

သူ ဟက်ခနဲ တစ်ချက်ရယ်လေ၏။ ဘာလဲ၊ လူကိုလှောင်
လိုက်လေသလား။ မိန်းကလေးအများစု၏ အိမ်ထောင်ပြုသင့်သည့်
အရွယ်ဟု မှတ်ချက်ချပြချင်ပေမယ့် သူစိမ်းတစ်ယောက်ရှေ့ မပြောချင်
တာမို့ ရွေးပြောမိတာများ မှားနေပြီလား။ ရှင် ဘယ်လိုလူပါလဲ ဦး
ဘုန်းမြင့်မိုရ်။

"ဘာကိုရယ်လိုက်တာလဲ"

"ဩော် . . . တစ်မျိုးမထင်ပါနဲ့။ ကိုယ်က သဘောကျမိလို့
ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေနဲ့ ယောကျ်ားတွေရဲ့ အတွေးက တူမှမတူတာ ပဲ"

"ဘာကိုဆိုလိုတာလဲ လွန်းပိုးဖြူ"

"အတွေးချင်းမတူလို့ ခံယူချက်တွေ ကွဲပြားသွားတာကို ပြောတာလေ"

"ကိုယ်နဲ့ အမြင်မတူဘူးလို့ ပြောလိုက်တာများလား"

"ဟင့်အင်း ... မဟုတ်ပါဘူး"

မီးပွိုင့်မှ ကားကို ခဏရပ်ကာ သူ လှည့်ကြည့်စဉ် သူမက အကြည့်ကို လွှဲလိုက်ပါ၏။ ဘေးချင်းယှဉ်ရပ်လိုက်ပါသည့် ကားပေါ်မှ နှစ်နှစ်အရွယ်ကလေးလေးပါလာသလို သူမကို လှမ်းရယ်ပြလိုက်တာနှင့် ပြန်ပြုံးပြကာ လက်ထောင်၍ နှုတ်ဆက်ဟန်ပြလိုက်မိလေသည်။

"ကိုယ့်အကြောင်း ဘာမှမသိသေးဘဲနဲ့ ဒီလိုပြောမယ်လို့ ထင်မထားဘူး"

"ကျွန်မက မိန်းမတွေထဲက မိန်းမတစ်ယောက်ဖြစ်ပေမယ့် မစပ်စုတတ်တာတော့အမှန်ပဲ။ အထူးသဖြင့် သူစိမ်းတွေအကြောင်းကို ပိုမသိချင်ဆုံးပဲ"

"ဒါတော့ မှားပြီ လွန်းပိုးဖြူ"

"ဘယ်လို"





"ကိုယ့်အကြောင်းကို မင်း သိကိုသိဖို့လိုအပ်တယ်။ ကိုယ် ဘာကို နှစ်သက်တယ်၊ ဘာကိုမနှစ်သက်ဘူးဆိုတာမျိုးတွေပေါ့"

သူမ မျက်မှောင်ကြုတ်သွားမိပါ၏။ ဘောင်ကျော်ချင်ပါရော လား။ အောင်ဆိုလျှင် သိချင်ပါလျက်နဲ့ အသိမ်မွေ့ဆုံးစကားလုံးရွေး ချင်ပြီး မေးတတ် ပြောတတ်တာပါလေ။ ဒီလူကဖြင့် သူ့စိတ် သူ့အတွေး ကို ရှေ့တန်းတင်ပြီး တစ်ဖက်သားကို နင်းတတ်တဲ့စရိုက်မျိုးပါပဲလား။

"ကျွန်မက"

"ဟုတ်တယ်"

"ဘာအတွက်လဲ"

"ကျစ်! ... ဒီကိစ္စက မင်းအဖေကို မေးမှ အဆင်ပြေမယ် ထင်တယ်"

"Business လား။ Personal လား"

"နှစ်ခုစလုံးပဲ"

ဘုရားရေ! ... စီးပွားရေးရော လူမှုရေးပါတဲ့လား။ လုပ်ငန်း တူ partner ဆိုလည်း ထားပါတော့။ Personal ပါပတ်သက်လာ လျှင်ဖြင့် ရှင်ရှုပ်စရာတွေ အများကြီးဖြစ်တော့မှာလေ။ ဖေဖေ ဘာများ ဖြစ်နေလို့လဲ။ စီးပွားရေးမပြေလည်ရင်လည်း ငွေကုန်ကြေးကျများ သည့်ကျောင်းကို ဆက်မတက်နိုင်ဘဲ ပြန်လာခိုင်းပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြေကို အပြီးပြန်လာပြီး အတူနေ အတူစီးပွားရှာဖို့ ပြန်လာတဲ့ သမီးကို ဘာတွေ ဘယ်လိုဖြစ်ပျက်ပြောင်းလဲခဲ့ပြီလဲဆိုတာကို ချပြတော့မှာများလား။ ပြည့်ပြည့်စုံစုံ အမြဲနေခဲ့ရတဲ့ဘဝကို မက်မောတာမှန်ပေမယ့် လောကဓံ (၈) ပါးရဲ့အကြောင်းရင်းကို သူမ အတော်လေး သိနားလည်ထားတာပါလေ။

"မင်းနဲ့ကိုယ် ဒီထက်ပိုရင်းနှီးပြီး ပိုပတ်သက်ရမယ့်အကြောင်းတွေ ရှိနေတာအမှန်ပဲ လွမ်းပိုးဖြူ ... See you"

တိုက်ရှေ့အထိ လိုက်ပို့ပေးတာမို့ ကားပေါ်မှ သူမ ဆင်းလိုက်ပါ၏။ အတူပါလာသည့်ပစ္စည်းတွေကို ကားပေါ်မှ သူချပေးလေသည်။ ပြီးနောက် ခြံထဲမှ ကားကို မောင်းထွက်ပြန်သွားလေ၏။ ခြံတွင်းမှ ကားလေးပျောက်သွားလေမှ အိမ်ထဲဝင်ရန် သူမ ပြင်လိုက်ပါသည်။

ထွက်ကြိုမည့်လူ တစ်ဦးတစ်ယောက်မှ မရှိပါ။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသလို ခြံထဲမှာစိုက်ထားသည့် ပန်းပင်တွေလည်း မလန်းဆန်းပဲ ညှိုးနေသည့်နှယ်ပါ။ ပိုးပြန်ရောက်ပါပြီ ဖေဖေ

❋ ❋ ❋



## အခန်း (၁၈)

"တင်းတောင်"

လူခေါ် bell ကို နှိပ်လိုက်ရပါ၏။ တကယ်ဆို တံခါးအဆင်သင့် ဖွင့်ပြီး ထွက်ကြိုရမှာဖြစ်ပေမယ့် အခုတော့ bell တီးနေရလေပြီ။ တော်တော်နှင့်ထွက်မလာကြတာမို့ မောမောနှင့် ဒေါသက ဖြစ်ချင်လာလေ၏။ အရင်လို ဝုန်းဒိုင်းကျဲလိုက်ချင်ပေမယ့် လူက အသက်မငယ်တော့တာမို့ စိတ်ကိုလျှော့ထားရတာပါလေ။ ဘယ်မှာလဲမေမေ၊ ဘယ်ရောက်နေလဲ မိတာ၊ မိစန်းက ဘယ်သွားနေလို့လဲ။

"ဂျလောက်!"



www.burmeseclassic.com

www.burmeseclassic.com



တံခါးက ခပ်ဟဟသာပွင့်သွားပါ၏။ အတွင်းမှ မျက်လုံး ကလယ် ပေကလပ်ဖြင့် ကြည့်နေသည့်ကောင်မလေးက အရင် မိန်း ကလေးတွေ မဟုတ်ပါလေ။ လူသစ်တွေထပ်ခေါ်ထားတာများလား။ မေမေက ဘာလို့ထွက်မကြိုရတာလဲ။

"အန်တီ့သမီး ထင်တယ် . . . ဒီနေ့ပြန်လာမယ်ပြောထားတာ ဖွင့်ပေးလိုက်ပါ အပြုံး"

အနောက်မှ တစ်ယောက်ယောက်ပြောလိုက်၍ထင့် ကောင်မ လေးက တံခါးဖွင့်ပေးလိုက်ပြီး သူမပစ္စည်းတွေကို ကူသယ်ပေးလေ ၏။ အိမ်ထဲရောက်စဥ် စောစောကပြောလိုက်သည့် အမျိုးသမီးက လင်ဗန်းကသေးလေးသယ်လျက် မေမေတို့အခန်းတွင်းသို့ ဝင်သွားပါ သည်။ ဘာလဲ မေမေ နေမကောင်းဖြစ်နေလို့လား။

"မေမေရော"

အပြုံးဟုသည့်ကောင်မလေးက အခန်းထဲသို့ လက်ညှိုးညွှန် ပြလေ၏။ ကြည့်ရတာ (၁၂) နှစ် (၁၃) နှစ်အရွယ်ခန့်သာရှိသေးပုံပါ။ ဤမျှငယ်လွန်းသည့်ကလေးကို ခိုင်းဖို့များခေါ်ထားရသလား။ အခန်း တွင်းက မထွက်နိုင်အောင် မေမေ အဘယ်သို့သော ဝေဒနာများ ခံစားနေရပါသနည်း။ အခန်းဝသို့လျှောက်သွားမိပေမယ့် တံခါးကို ချက်ချင်းမဖွင့်ရဲပါချေ။





"မေမေ"

"ရှူး တိုးတိုး . . . အခုလေးမှ အိပ်ပျော်သွားတာ"

မေမေ့ကိုပြုစုနေတာဆိုတော့ Nurse ပေါ့။ ဆေးလင်ဗန်းကို စားပွဲထက်တင်ကာ နေရောင်ဝင်နေသည့်လိုက်ကာကို သွားဆွဲပိတ် လိုက်လေ၏။ အိပ်ရာထက် လဲလျောင်းနေပါသည့် မိခင်ဖြစ်သူက အသက်ကိုမျှင်းမျှင်းလေးမျှသာ ရှူနေသည့်နှယ်ပါ။ ခပ်ပြည့်ပြည့် ကိုယ်ခန္ဓာက နောက်တစ်ယောက်ပြောင်းသွားသည့်နှယ် ခပ်ပါးပါးလေး သာ ကျန်ရစ်တော့တာလေ။

ဘုရားရေ! . . . ဘာတွေ ဘယ်လိုဖြစ်ကုန်ပါသလဲ။ တစ်ခါမှ မမြင်ဖူးသလို အကြည့်မျိုးဖြင့် အသေအသားကြည့်နေမိ၏။ ဘယ်အချိန် ကတည်းက ရောဂါဖြစ်နေလို့ အခုလိုထိ ဖြစ်သွားတာပါလဲ။ မေမေ ဤသို့အခြေအနေဖြစ်နေပါလျက် သူမကို အကြောင်းမကြားကြတာပါ လဲ။

"ဒေါက်! ဒေါက်!"

တံခါးခေါက်သံခပ်တိုးတိုး ကြားမိပေမယ့် လှည့်မကြည့်ဖြစ် ပါ။ မေမေ့ကို မင်သက်ပြီး ငေးကြည့်နေသည့် သူမရဲ့လက်ကိုဆွဲပြီး ခေါ်လိုက်တာမို့ မျက်ရည်ဝိုင်းနေသဖြင့် အခန်းထဲမှ ပြန်ထွက်လိုက်ရ သည်။ ငိုချင်ပေမယ့် ရင်ဝမှာဆို့နစ်တင်းကျပ်နေတာမို့ အသံထွ



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်တော့ပါလေ။

"ပိုး"

"မမ … မေမေ … မေမေ"

"ငိုချင်ရင် ငိုချလိုက်ပါ ပိုး။ အဲဒီလိုစိတ်ကို မတင်းထားနဲ့"

"မေမေ … အင့်"

မျက်ရည်တစ်ပေါက်ပေါက်ကျကာ ညှော်ခန်းဆက်တီမှာ ထိုင် ချလိုက်ပါ၏။ အပြင်ဝတ်စုံနှင့်ပဲမို့ မမ ကျောင်းမသွားဖြစ်ဘူးထင်ပါရဲ့ သူမ့ ကျောပြင်ကို ပွတ်ခါ ဘာမှမပြောသေးဘဲ အပြုံးကို ရောတစ်ခွ ခပ်လာစေကာ သူမကို ဖြည်းဖြည်းသောက်စေလေသည်။ အဝေး ပြန်လာသည့်သမီးဖြစ်သူ၏ ရင်နင့်ရှိုက်သံကို မေမေကြားပါလေ

"စိတ်ကိုငြိမ်အောင်ထားပါ ပိုး … မမ ရှင်းပြမယ်"

ခေါင်းကိုသာ အနိုင်နိုင်ညိတ်ပြလိုက်ရပါ၏။ လူမမာမေ အဖြစ်ကို မြင်ရုံနဲ့သိသာနိုင်တာလေ။ ဘဝခရီးကို ရှေ့ဆက်ဖို့ အား ယုတ်လျော့ကုန်ပါပေါ့လား။ မိဘကျေးဇူးကိုဆပ်ဖို့ သူမ ဘာတစ် မလုပ်ရသေးတာလေ။ အထူးသဖြင့် မွေးပေးခဲ့တဲ့ကျေးဇူးကို ခပ်သေ သေးလေးဖြစ်ဖြစ် ဆပ်ခွင့်ပေးပါဦးလား ကံကြမ္မာရယ်။

"နင် ဟိုမှာ ကျောင်းတက်နေတဲ့ (၆) လအတွင်းမှာ လေးလေးရဲ့ကုမ္ပဏီမှာ ပြဿနာဖြစ်ခဲ့တယ်။ ကုမ္ပဏီအရှုံးပေါ်ချိန်





Shair member တွေက ရှယ်ယာတွေပြန်ထုတ်ကြတော့ အတော် အကြပ်ရိုက်တော့တာပဲ"

ဆက်တီစားပွဲကိုသာ ခပ်ငေးငေးကြည့်နေမိ၏။ ဖုန်းဆက်တိုင်း "အားလုံးအဆင်ပြေတယ်၊ သမီးစာကြိုးစား" ဟုသာ မေမေ အကြိမ်ကြိမ်ပြောခဲ့တာက ဘာကြောင့်လဲ။ တကယ်ဆို အဆင်မပြေဘူးဆိုတာနဲ့ သူမ ဒီကို အမြန်ဆုံးပြန်လာဖြစ်မှာပါလေ။ ဒါဆိုရင် မေမေ့ကို ဒီလောက်အထိ (လဲလျောင်းတဲ့ အချိန်အထိ) မဖြစ်ခင် မြင်ခွင့်ပြုစု စောင့်ရှောက်ခွင့်ရနိုင်မှာ မဟုတ်ပါလား။

"အကုသိုလ်ဆိုတာ အလုံးအရင်းနဲ့ လာတတ်တယ်ဆိုတာ အမှန်ပဲ။ စီးပွားပျက်နေချိန်မှာပဲ လေးလေးက ကား accident ဖြစ်တယ်။ ဘာအသက်အန္တရာယ်မှ မဖြစ်ပေမယ့် တစ်ဖက်ကားက အထိနာလို့ လျော်လိုက်ရတာ အတော်လေးများတယ်"

"အဲဒီအချိန်မှာ အန်တီလေးက အိမ်မှာ shock ရပြီး သတိလစ်သွားလို့ ဆေးရုံကိုပို့လိုက်ရတယ်။ Medical check up လုပ်လို့ ရောဂါကို သိလိုက်ရတာ"

"ဘာရောဂါတဲ့လဲ"

"Brain Tumer"

အံကိုတင်းတင်းကြိတ်ထားကာ လက်ကို ကျစ်ကျစ်ဆုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ဘယ်လိုလဲ၊ လောကဓံရဲ့စိန်ခေါ်မှုက သူမ၏မိသားစုအပေါ် ကိုမှ ပုံချရတာတဲ့လား။ ဒီလောက်ထိ ရက်စက်ရလေအောင် သူမတို့မှာ ဘယ်လိုအဖြစ်မျိုးများ ရှိနေလို့ပါလိမ့်။

"Operation ကရော"

"မလုပ်ဖြစ်ဘဲ နေပါ့မလား။ အန်တီက အခါခါငြင်းပေမယ့် လေးလေးက ခွဲနိုင်းတယ်။ တစ်နှစ်အတွင်း ဖြစ်ပျက်သွားတာ မယုံနိုင်စရာပဲ"

"နေရဖို့က"

မမက သူမလက်ဖျားကို ခပ်တင်းတင်းဆုပ်ပေးထားလေ၏။ နှစ်နှစ်လေးပါ။ နှစ်နှစ်အတွင်းမှာပဲ ဒီလိုတွေ အချေနဲ့အမြန် ဖြစ်သွားတာတဲ့လား။ ဒီအခက်အခဲတွေကို ဘယ်လိုခွန်အားမျိုးနဲ့ ဖေဖေ တောင့်ခံနေရတာပါလိမ့်။

"ဆရာဝန်တွေက နောက်ထပ်ခွဲဖြစ်ရင် ဆက်ရှင်နေနိုင်သေးတယ်လို့ အားပေးပြီး ပြောပါတယ်။ မဖြစ်နိုင်ဘူးဆိုတာကို ကာယကံရှင်သိထားတော့ ဘာလုပ်နိုင်ပါတော့မလဲ။ လူမမာကမှ မခံနိုင်တော့တာ"

မမက မျက်ရည်ကျိတ်သုတ်လိုက်လေ၏။ သမီးရင်းဖြစ်သည့် သူမကဖြင့် ငိုဖို့အားပင်မရှိတော့ပါ။ မေမေ့တူမဖြစ်သူတောင် ဒီလောက်





ဝမ်းနည်းနေလျှင် သမီးဖြစ်သူရင်ထဲ ကြေကွဲခံစားမှုက ပြောဖို့ပင် လိုတော့ပါလေ။ ရောဂါသည်မေမေ့အတွက်နဲ့ စာသင်ကြားနေသည့် သူမအတွက် ငွေရှာရတာ ဖေဖေ အဘယ်မျှ စိတ်ဆင်းရဲပင်ပန်းရှာလေဲ။ ဪ . . . ဖေဖေရယ်။

"အလွန်ဆုံး (၁၀) လလို့ပြောထားပေမယ့် တစ်နှစ်ကျော်တဲ့ အချိန်ထိ နေနေသေးလို့ နင့်ကိုစောင့်နေတာပဲဖြစ်မယ်လို့တောင် လေးလေးက ပြောနေသေးတယ်"

"မမ"

"မေမေလည်း လာပြုစုပေးပါတယ်။ လေးလေးက လက်မခံတာ။ Nurse ကို day ရော night ပါခေါ်ထားပေးတယ်။ ဆရာဝန်က သုံးလေးရက်ခြားတစ်ကြိမ် လာကြည့်ပေးတယ်။ အခုတော့ ဒီနေ့စ်ကို အိမ်မှာပဲ အခန်းပေးပြီးလစာပေးထားတာ"

"မိတာတို့ညီအစ်မရော"

"ထွက်သွားပြီ၊ ကုန်ကျစရိတ်များလို့ လျှော့ချတာနဲ့ အလုပ်ပြောင်းသွားတာပါ။ အပြုံးက မမတို့ ဆွေမျိုးမကင်းတဲ့ကလေးပဲ၊ လျှော်ဖွပ်၊ မီးပူတိုက်နဲ့ တောက်တိုမယ်ရ နိုင်းလို့ရဖို့ခေါ်ထားတာ။ လေးလေးချိုင့်ခွဲစားတော့ကြာပြီ။ မမတို့ လာချက်ပြုတ်ပေးမယ်ဆိုတာတောင်မှ အလုပ်ရှုပ်မယ်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်ကဖြစ်သလိုမြင်နေရတာကို။ ဟိုးအရင်က ခြံထဲကပန်းတို့ဖြင့် အလှပန်းအိုးက ဆက်တီစားပွဲထက်မှာ လှလှလေး ရှိခဲ့တာပါ။ အခုတော့ အမြိုး ကြက်တောင်မွေးတံမြက်စည်းဖြင့် ခတ် ထားပုံမို့ ဖုန်တော့သိပ်မများလှပေမယ့် ညှော်ခန်းက မှောင်မည်းနေသည် နယ်ပါ။

အိမ်တစ်အိမ်၏ ကျက်သရေဆိုတာ ဘုရားစင်ပြီးလျှင် ညှော်ခန်းဆောင်ပါပဲ။ ဘုရားစင်ထက် ဘုရားပန်းတွေ ညှိုးနေလျှင် ညှော်ခန်းမှာ ဖုန်တွေအပြည့် ဖြစ်နေလျှင် ထိုအိမ်၏ကျက်သရေမင်္ဂလာ အဖြာဖြာက အလိုလိုကျဆင်းနေတော့တာပါလေ။ အိမ်ရှင်မ မရှိသည့် အိမ်နှင့်အတူတူပင် မဟုတ်ပါလား။

တစ်နေကုန် မေမေ့အနီးမှာရှိနေပေမယ့် မေမေက စကား မပြောနိုင်တော့သလို မျက်စိဖွင့်လာလျှင်သော်၊ ဘာမမြင်တော့ပါလေ ဘေးမှ တဖွဖွအသံပေးနေသော်ငြား သမီးဖြစ်သူကိုတောင် မသိတော့ သလိုပါလေ။ လောကကြီးရဲ့ ရိုက်နှက်ထိုးချက်က ဤမျှအထိ ပြင်း ထန်ရတယ်တဲ့လား။

ကားရပ်သံကြားလိုက်ရတာမို့ ဖေဖေပြန်လာပြီမှန်း သိလိုက် ပါ၏။ မေမေ့အခန်းထဲမှ ထွက်ခဲ့စဉ် ညှော်ခန်းသို့ဝင်လာသည့် ဖေဖေကို မြင်လိုက်ရလေသည်။ ဒီနှစ်နှစ်အတွင်းမှာ ဘယ်လိုမှ ထင်မထားသည့်





ဖေဖေ့ထံမှာ ဇရာ၏အရိပ်တို့က စိုးမိုးနေလေပြီ။

"ဖေဖေ"

"သမီးလေး"

ဖေဖေက သူမကို အလွမ်းတို့ဖြင့် တင်းကျပ်စွာပွေ့ဖက်ထား လေ၏။ အတော်ကြာကြာအထိ မည်သည့်စကားမှ မပြောဖြစ်ကြပါ ချေ။ မောလျှမှုတို့က ဖေဖေ့ထံမှ သူမထံ အလိုလို ကူးစက်လာသည် နယ်ပါ။ ပိုးတို့ ဘာဆက်လုပ်ကြမလဲ။ ဘယ်လို plan တွေချပြီး အနာဂတ်ကို ဆက်လျှောက်နိုင်မှာလဲ ဖေဖေ။

"ထိုင်"

နွမ်းလျှမှုတို့ဖြင့် ခုံမှာထိုင်လိုက်ကြပါ၏။ မနက်က မမ ပြော သင့်သလောက်ပြောထားပြီးပြီမို့ ဖေဖေ အထူးရှင်းပြနေစရာမလိုအပ်ပါ။ အခုက ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ရွေးချယ်ရတာ ထုံးစံလို ဖြစ်နေပြီလား။

"သမီးမေမေကို ဖေဖေတို့ လက်လွှတ်ရတော့မယ်။ နေ့လား ညလား တစ်ခုခုပေါ့လေ"

"ပိုး သိပါတယ်"

"ဒီလကုန် နောက်လဆန်းကစပြီး ကုမ္ပဏီမှာ သမီးဝင်လုပ် ရမယ်။ လက်ရှိ member director ထဲမှာ ဖေဖေက အမွှေဝင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှာ။ MD နေရာကို လွှဲပေးရတော့မယ်"

"ဒါဖြင့် MD က"

"မောင်ဘုန်းမြင့်မိုရ်ပေါ့"

သူမမျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ ထင်တဲ့အတိုင်း ဖြစ်တာလာပါပဲလား။ ရာထူးကြီးနေရာကို ဘာအရှိန်အဝါနဲ့ရလာတာမှန်း မသိပေမယ့် စမြင်ကတည်းက မျက်မုန်းကျိုးမိတဲ့လူနဲ့ ထိပ်တိုက် ရင်ဆိုင်တွေ့ရတော့မှာ အမှန်ပါပဲ။

"ဖေဖေ့မိတ်ဆွေ ဦးဘုန်းခေါင်က ကုမ္ပဏီကို ရှယ်ယာအများဆုံး ဝယ်ပြီး ကယ်တင်ပေးခဲ့တာပါ။ လက်ရှိရာထူးမှာ ဖေဖေနေနေမယ့် ရုပ်ပြသဘောပါပဲ။ အားလုံးကို ဦးဘုန်းခေါင်ဦးစီးပေးတာပါ။ အခု သူ့သားနဲ့တာဝန်လွှဲပေးဖြစ်တော့မှာပေါ့"

"ဘုန်းမြင့်မိုရ်က ပိုးကို ဒီထက်ပိုတဲ့စကားတွေ ပြောတာလေ ဖေဖေ"

"မှန်တယ်သမီး။ ဖေဖေ့ကို ဦးဘုန်းခေါင်က စကားကမ်းလှမ်းထားတာမျိုးပါ။ ဖေဖေကတော့ လူငယ်တွေကိစ္စ လူငယ်တွေပဲ ရှင်းကြဖို့ မယုတ်မလွန် ပြောထားပါတယ် သမီး"

ဒါဖြင့် ပိုးနဲ့အောင့်ကိစ္စကိုတော့ မေ့လိုက်စေချင်တာပေါ့လေ။ ဖေဖေ့အစီအစဉ်က သူမရင်ကို အပြင်းအထန် ရိုက်လိုက်သည့်နှယ်





ခံရခက်စေတာအမှန်ပါ။

❋

သူမ ပြန်ရောက်ပြီးနှစ်ရက်အကြာ မနက် (၅) နာရီခန့်မှာ မေမေက လူ့လောကကြီးထဲမှ အပြီးအပိုင် ထွက်သွားလေ၏။ သူမချစ်ခင်အားကိုးသည့် ခင်ပွန်းဖြစ်သူနှင့် မြတ်နိုးတွယ်တာလှသည့် သမီးလေးကို ကျောခိုင်းစွန့်ပစ်ထားခဲ့တာပါလေ။

မြင်းမိုရ်တောင်ကြီး ပြိုတာနှင့် သဏ္ဌာန်တူသည်ဟု တင်စားတာ ကြားဖူးပါရဲ့။ သူမအပေါ် ထီးလိုအုပ်မိုး ကာကွယ်ပေးခဲ့သည့် မိခင်မရှိတော့တာနှင့် ရင်ထဲမှာဟာတာတာကြီးဖြစ်ကာ အရိပ်မဲ့ခဲ့ရတာပင်။ အေးချမ်းမှုတို့ ကွယ်ပျောက်ခဲ့ရပါပြီကော။ ရင်ခွင်ထဲ ထွေးဖက်ပေးတာ၊ သူမဆံနွယ်တွေကို သပ်တင်ပေးလျက် နဖူးကို ခပ်ဖွဖွ ငုံ့မွှေးခဲ့ဖူးသည့် မေမေ့ကိုယ်ငွေ့နှင့် ဝေးကွာခဲ့ရလေပြီ။

လူဆိုတာ သေမျိုးလို့ ဆိုရိုးရှိပေမယ့် စောစောထွက်သွားရသည့် လူတွေအတွက် နေထိုင်ရှင်သန်ခွင့်ဗီဇာကို သေမင်းထံမှာ အသနားခံလို့မှ မရတာလေ။ ရှိစေချင်သေးတာအမှန်ပါ။ သမီးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရက်သားချပေးပြီး မြေးတွေ မြစ်တွေရတဲ့အထိတော်
အခွင့်မရခဲ့ပါလေ။

ဘဝဆိုတာ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၏ကြားမှ ခရီးတို
လေးပါပဲ။ အဲဒီကြားကာလမှာ သူမတို့လူသားတွေ၏ ပျော်ရွှင်မှု
နွေးထွေးမှု၊ ကြည်နူးမှု၊ တွယ်တာမှု၊ မြတ်နိုးမှု၊ ကြင်နာမှု၊ ချစ်ခင်မှု
စသည်တို့နှင့်တကွ ဝမ်းနည်းမှု၊ အေးစက်မှု၊ နာကျင်မှု၊ ရက်စက်မှု
မုန်းတီးမှု၊ နာကြည်းမှုတွေနှင့် ဥပေက္ခာပြုမှုတွေ အကုန်ရောယှက်ပြီး
ဖြစ်တည်ခဲ့တာပါ။

ထိုအရာတွေအားလုံး ခံစားပြီးခြင်း၏နောက်ဆုံး အဆုံးသတ်
ကဖြင့် တိတ်ဆိတ်ငြိမ်သက်မှုဆိုတာပါပဲ။ ဘာဆို ဘာမှ မသိမမြင်
မရှိတော့သည့် ဖြစ်တည်ခြင်း၏ ဆန့်ကျင်ဘက် ပျက်သုဉ်းခြင်းကမြင်
ဟင်းလင်းပြင်ကျယ်ကြီးတစ်ခုနှယ်ပါလေ။

မေမေ ဖျက်စီးနဲ့မမြင် နားနဲ့မကြား နှာခေါင်းနဲ့အနံ့မရနိုင်တော့
ပေမယ့် မေမေ့ရဲ့ပုံရိပ်၊ မေမေ့ရဲ့ကိုယ်ဟန်၊ မေမေ့ရဲ့နွေးထွေးမှုအားလုံး
တို့က ပိုးရဲ့ နှလုံးသားထဲမှာ အမြဲထာဝစဉ် တည်ရှိနေမယ်ဆိုတာ
ယုံကြည်ပေးပါ။ မေမေဆိုတာ ပိုးအာဝရဲ့ မီးရှူးတန်ဆောင်အဖြစ်
လမ်းပြပေးခဲ့သည့် ကြယ်လေးတစ်ပွင့်အဖြစ် ရှိခဲ့တာ အမှန်ပါလေ။

❋ ❋ ❋



## အခန်း (၁၉)

အလှပ်စဝင်ပြီမို့ နှာရိုကို alum ပေးပြီး အိပ်ရာမှ စောစောထ
ခဲ့ပါ၏။ နိုင်ငံခြားမှာ ဒီလိုပင် ပြေးလွှားကာ လေ့ကျင့်သလိုဖြစ်ခဲ့ရတာ
မို့ သိပ်ကြီး အပန်းမကြီးပါလေ။ ကိုယ်လက်သန့်စင်ပြီး မီးဖိုခန်းထဲ
အရင်ဝင်ရပါ၏။ ရေခဲသေတ္တာထဲမှာ သုံးလေးရက်စာ ဝယ်ထားပါ
သည့် အသားငါးအရွက်တို့ကို စစ်လိုက်မိသည်။

ဖေဖေ ချိုင့်ဆွဲစားပါသည့် ဆိုင်ဟင်းတို့က ဖြစ်သလို ချက်
ကြတာဖြစ်ပြီး ပူပူနွေးနွေး မစားရပါလေ။ မေမေမရှိတော့တာနှင့်
စားအသောက်ကအစ ဆင်းရဲ အဝတ်ဝတ်တာကအစ နွမ်းလျ



www.burmeseclassic.com

www.burmeseclassic.com



ကြေမွနေလို့ဖြစ်ပါ့မလား။ သမီးတစ်ယောက်လုံးရှိနေပါလျက် ဖေဖေ့ မှာ ကွက်လပ်တွေရှိနေလို့ မဖြစ်ပါလေ။

အရင်ဆုံး ပေါင်းအိုးဖြင့် ထမင်းတည်ကာ ဟင်းချက်ဖို့ လို ချွတ်စရာတို့ကို ပြင်ဆင်ရပါ၏။ အရင်က မေမေချက်နေတာကိုသာ နှိုက်မြည်းကျင့်ရှိခဲ့သည့် ကောင်မလေးက အခုတော့ဖြင့် ဓားပါးလေး ကိုင်လျက် မီးဖိုချောင်ဝင်နေရပြီလေ။ ထမင်းစားပွဲမှာ အဆင်သင့် ပြင်ပေးထားသည့် ထမင်းပွဲကို ဇွန်းခက်ရင်းကိုင်ကာ အသင့်စားတတ် သည့်ပိုးကို အခုလို အောင်သာမြင်ရင် ဘာပြောလေမလဲ။ အနည်းဆုံး တော့ ကျေနပ်ပြုံးတော့ ပြုံးဖြစ်မှာပါနော်။

လွမ်းလိုက်တာအောင်ရယ်။ မေ့လိုက်ပြီလို့ထင်နေမှာပဲ။ ဘဝ ကို အခက်အခဲမရှိ ဖြတ်သန်းရမယ်လို့ ထင်မှတ်ခဲ့လို့ ခေါင်းညိတ်ခဲ့မိ တာပါ။ အချိုးအကွေ့က ရုတ်ခြည်းပြောင်းလဲသွားမယ်လို့ ထင်မှ ထင်မထားမိဘဲကိုး။ မပြီးမပြည့်မစုံနဲ့ လိုအပ်ချက်တွေများနေတဲ့ ကောင်မလေးကို အောင် ဆက်ချစ်နိုင်ပါ့မလား။

နှစ်နှစ်ကျော်ကာလအတိုင်းအတာမှာ ဘာအဆက်အသွယ်မှ မလုပ်ဘဲ ဖြတ်ထားခဲ့တဲ့အတွက် ပြစ်တင်ပုံချပြီး မုန်းမေ့ထားလိုက် လား။ အဝေးကတစ်ယောက် အနီးကတစ်ယောက်ဆိုပြီး နောက်ထပ် နောက်ထပ် ချစ်သူအသစ်တွေနဲ့များ ပျော်နေလေမလား။





မပဲ့ရဲတော့ပါလေ။ ချစ်သူဆိုတာ အမြဲမဟုတ်တောင်မှ မကြာခဏ မျက်နှာလေးမြင်ရမှ၊ အသံလေးကြားရမှ ရင်ခုန်သံခြင်း အနီးကပ်ဖလှယ်နိုင်မှ၊ အနမ်းတွေနှင့် ရင်ခုန်သံပြိုင်နေနိုင်မှသာ ချစ်ခြင်း တည်မြဲသည့်ကာလရှည်ကို ဆွဲဆန့်ထားနိုင်မှာလေ။

အခုတော့ ပိုးတို့အဖြစ်က အဝေးကြီးဆိုမှ ဝေးကွာခဲ့တာ ကြာခဲ့ပြီကော။ အသံလေးပေးဖို့ အရုပ်လေးပြဖို့ထက် လွမ်းတသသ ခံစားမှုတွေနဲ့ အောင့်ရင်ခွင်ထဲ ပြေးဝင်ခိုမှီ မှေးစက်ပျော်ဝင်ခွင့်ကိုသာ ရချင်ခဲ့တာပါ။ ဘယ်လောက်ပဲဝေးဝေး ဘယ်လိုပဲ အဆက်အသွယ် ပြတ်နေပါစေ အလွမ်းရဲ့သက်သေဖြစ်တဲ့ အနမ်းတစ်ပွင့်နဲ့ ပိုးတို့ရဲ့ ချစ်ခြင်းတွေကို မှတ်တိုင်ထူပြလိုက်ချင်တာ အမှန်ပါပဲ။

"မမ"

"အမယ်လေး . . . လန့်လိုက်တာ"

"အပြုံး . . . ဘာကူလုပ်ပေးရမလဲဟင်"

အိပ်မှုန်စုံမွှားဖြင့် ထလာသည့် ကောင်မလေးကြောင့် သူမ ပြုံးလိုက်မိပါ၏။ သူမငယ်စဉ်ကလည်း ထိုသို့ပင် မဟုတ်ပါလား။ အိပ်ဖို့နဲ့စားဖို့ကိုသာ အဓိကထား မက်မောခဲ့မိတာပါလေ။ နာရီက (၆) နာရီသာရှိသေးတာမို့ ခပ်စောစောနိုးလာတာပါပဲလား။

"ဒီမှာ ကူစရာမရှိဘူး။ မျက်နှာအရင်သစ်လေ။ ပြီးရင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းကို အရင်သွားရှင်းပေး၊ ဝေယျာဝစ္စအလုပ်ကို မလုပ်မယ်။ အဲဒါ ပြီးရင် ညှိခန်းကစပြီး သန့်ရှင်းရေးလုပ်၊ သွားတော့"

"ဟုတ်ကဲ့"

"မျက်စိကို သေချာဖွင့်ဦး၊ မှောက်လျက်လဲနေဦးမယ်"

ဝက်သား သုံးထပ်သားကို ငရုပ်သီးအရောင်နှင့်ပင် လုံး၍ ဆီပြန် ချက်လိုက်ပါ၏။ ဂေါ်ဖီပန်းပွင့်ကို ကြက်ဥခေါက်ကာ ရောကြော်လိုက်ပါသည်။ ကင်ပွန်းချဉ်ရွက်ကို ပုစွန်ကျော့လေးတွေဖြင့် ရောနယ်ကာ ဟင်းချိုချက်လိုက်ပါ၏။ ဟင်းချက်လျှင် ညှီနံ့မပါစေရန် ကြက်သွန်ဖြူနှင့် ချင်းကို (မေမေ့လိုပင်) များများ သုံးဖြစ်လေသည်။

ဟင်းအမယ်နည်းနေသေးတာမို့ အာလူးကို လေးခြမ်းခွဲကာ ပဲငံပြာရည်ဖြင့် ခပ်မာမာလေး နူးအောင် အချိုချက်လိုက်ပါ၏။ အိမ်မှာ စားလျှင် အတို့အမြုပ်နှင့် စားနေကျမို့ ငရုပ်သီး ငါးပိချက်တစ်ခွက်ကို ပါ ချက်ထားလိုက်ပါသည်။ အားလုံးချက်ပြုတ်ပြီးစဉ် တို့စရာအရွက်တို့ကို လှီး၍ ဆေးနေစဉ် breakfast စားလျှင် ဖေဖေက ကော်ဖီသောက်နေကျမို့ ရေနွေးအိုးတည်ထားလိုက်ပါ၏။

မီးဖိုချောင်ကိစ္စပြီးပြီမို့ အပေါ်ထပ်ပြန်တက်ကာ ရေချိုးအဝတ်အစားလဲ အလှပြင်ရလေသည်။ အရင်က ကလေးလို





ဘောင်းဘီတွေ၊ စကတ်တွေ အမြဲဝတ်ခဲ့ပေမယ့် အခုတော့ လုံရှည်ဖွင့် လူကြီးလုပ်ရတော့မှာလေ။ ဖေဖေ့အတွက် ဝတ်သွားမည့်ဝတ်စုံကို မီးပူတိုက်ပေးကာ ချိတ်ဖြင့် ချိတ်ပေးထားပါ၏။

ပြီးနောက် ဒွမ်းတော်ပွဲဆင်ပြင်ကာ ဘုရား ဝေယျာဝစ္စလုပ်ပြီး ဘုရားရှိခိုးလိုက်ပါသည်။ အမျှဝေစဉ် မေမေ့ကို ရည်ရွယ်၍ အသံကို ခပ်ကျယ်ကျယ်ရွတ်ဖြစ်လေ၏။ အောက်ထပ်မှာ မနက်စားမည့် ဟင်းနှင့် ညနေစာဟင်းကို သီးသန့်ခွဲသိမ်းလိုက်ပါသည်။ အရွက်ကြော်က ညနေမှ ထပ်ကြော်လည်း ရတာမို့ အသားဟင်းကို စည်းကမ်းတကျ ပြင်ဆင်ရတာပါလေ။

"အမြီး"

"ရှင် မမ"

"ဒီမှာ မနက်ခွဲနွေလယ်စာဟင်း မပြင်ထားပေးတယ်။ ဟင်းချိုအေးနေရင် နွေးပြီးမှစားနော်။ နွေလယ်ဘက် နှင့်ဦးလေးလာရင် စားလို့ရအောင် ချက်ထားပေးတယ်။ ကုန်လည်းကိစ္စမရှိဘူး။ ညနေ ထပ်ချက်လို့ရတယ် သိလား"

"ဟုတ်ကဲ့"

"အဝတ်တွေ လျှော်စရာရှိတာ လျှော်လှမ်းပြီးမှ နေခင်းအိပ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

"ဖေဖေနဲ့ပါ ပြန်မရောက်သေးဘဲနဲ့ အိမ်တံခါးမဖွင့်မိစေနဲ့ ကြားလား။ ဦးမောင်က (၄) နာရီအထိပဲ နေပေးမှာ"

"ဟုတ်ကဲ့"

ကလေးမို့ အကုန်စိတ်မချဘဲ မှာရလေ၏။ ဖေဖေလည်း ထိုသို့ပင် မိတာတို့ကို ပြောခဲ့တာပါလေ။ ကျောင်းတက်စဉ်က ဖေဖေ ပြင်ဆင်ပေးသည့် ထမင်းဘူးဖြင့် အဆင်သင့်ယူပြီး ကျောင်းတက်ခဲ့ရသည့် သူမက ယခုတော့ ကိုယ်တိုင်ပြင်နေရပါပေါ့လား။ (၇) နာရီ ကျော်ကျော်မှာ ဖေဖေနိုးလာတော့ ဖေဖေနှင့်အတူ brekfast စားပြီး အလုပ်သွားရန် ပြင်ရပါ၏။

ဖေဖေက ကုမ္ပဏီလူကြီးမို့ (၉) နာရီကျော် (၁၀) နာရီမှ အလုပ်သွားလို့ရပေမယ့် သူမက သာမန်ဝန်ထမ်းမို့ (၈) နာရီမထိုးခင် အိမ်မှထွက်ရမှာလေ။ ဖေဖေနှင့်အတူသွားပါက အိမ်ကကားဖြင့် စီးရမှာ ဖြစ်ပေမယ့် အချိန်စောထွက်လာသည့် သူမက လိုင်းကားကြပ်ကြပ်ကို တိုးစီးရတော့မှာပါပဲ။

လူ့ဘဝဆိုတာ အနိမ့်အမြင့်မညီတဲ့ ကောက်ကြောင်းတွေ ဒီလိုလူများများ bus ထဲမှာ အများနဲ့အတူ တိုးစီးရမယ်လို့ သူမကိုယ် သူမ မသိခဲ့ပါ။ သူဌေးသမီးတစ်ယောက်၏ အလုပ်ဘဝကို အိပ်မက်





တွေထဲမှာသာ ထားခဲ့ရပါပေါ့လား။ သာမန်ဝန်ထမ်းလေး လွှန်းပိုးဖြူရဲ့ လုပ်ငန်းခွင် အစရက်က အသက်ရှူကြပ်ခြင်းဖြင့် စတင်ခဲ့ရတာပါလေ။

Uniform ကို အလုပ်ရောက်မှသာလဲဝတ်ရပါ၏။ အိမ်မှဝတ်လာသည့် အဝတ်အစားတို့က ကားတိုးစီးတာနှင့် ကြေမွကုန်တော့တာလေ။ ဝန်ထမ်းကတ်ကို ရင်ဘတ်မှာချိတ်ကာ locker တွင်းရှိ မှန်ထဲ တစ်ချက်ကြည့်လိုက်မိ၏။ ခပ်တိုတိုပင် ညှပ်ထားပါသည့် ဆံပင်နှင့် လွှန်းပိုးဖြူ၏ style က ခပ်ပါးပါးလေးပါလေ။

"မလွှန်းပိုးဖြူ"

"ဒီမှာပါ"

"MD က ရုံးခန်းထဲ လာခဲ့ပါတဲ့"

သေစမ်း . . . (၉) နာရီမထိုးခင် ဒီလူကရောက်နေရတယ်ဆို။ အဖေ တာဝန်ပေးထားတာနဲ့ပဲ တာဝန်ကျေပြချင်နေတယ်ပေါ့လေ။ ရုံးဝန်ထမ်း၊ staff ရာထူးနှင့် သူမကို ဘာ power ပြပြီး ခိုင်းစားချင် ပြန်တာပါလိမ့်။ ရှင်နဲ့ကျွန်မ စတွေ့ကြပြီပေါ့ ဦးဘုန်းမြင့် မြတ်။

Locker ခန်းမှ ခပ်သွက်သွက်ထွက်ကာ lift ဖြင့် အပေါ်ဆုံးထပ်သို့ တက်ခဲ့ရပါ၏။ ဖေဖေ အုပ်ချုပ်စဉ်က ရောက်ဖူးတာမို့



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် အခက်အခဲမရှိပါ။ စိတ်ရှုပ်စရာကဖြင့် လက်ရှိ စယူထား သည့် MD ပင် မဟုတ်ပါလား။ Corridor မှ ဆက်လျှောက်လာ ရုံးခန်းဝမှာ ခဏမျှရပ်လိုက်မိ၏။ အသက်ကို ဝဝရှူသွင်းထုတ်ကာ အားတင်းလိုက်ပြီးမှ တံခါးကို ခေါက်လိုက်ပါသည်။

"ခေါက်! ... ခေါက်!"

"Come in"

တံခါးကို အသာဖွင့်ကာ ရုံးခန်းတွင်းဝင်လိုက်ပါ၏။ ဆုံလည် ခုံမှာ ထိုင်နေသည့် MD ၏စားပွဲရှေ့ရှိ ခပ်တည်တည်မျက်နှာထားနှင့် ပင် သူမ လျှောက်ကာ မတ်မတ်ရပ်လိုက်ပါသည်။ ဖိုင်တစ်ခုကို ဖွင့် ကာ စိတ်ဝင်တစားကြည့်နေဟန်ဖြင့် MD က သူမကို တစ်ချက်မှ မကြည့်ပါ။

"ကျွန်မကို ခေါ်တယ်ဆိုလို့ပါ"

"ဟုတ်တယ် ... ကိုယ့် office ကို cleaning လုပ်ပေးဖို့ လွန်းပိုးဖြူ"

ကြည့်စမ်း ... ဒါ သက်သက်ပညာပြတာပါပဲ။ သန့်ရှင်းရေး ဝန်ထမ်းတွေ ခန့်ထားပါလျက် ရုံးဝန်ထမ်းကို ဒီလိုခေါ်ခိုင်းစရာမှ မလိုအပ်တာလေ။ ဒီလူတော့ စရောက်လာသည့်သူမကို နှိပ်ကွပ်ချင် စတင်ပါပေါ့လား။





"ကုမ္ပဏီမှာ သန့်ရှင်းရေးဝန်ထမ်းတွေ ရှိပါတယ် MD ကျွန်မက"

"ဒီအခန်းထဲမှာ အရေးကြီးတဲ့စာရွက်စာတမ်းတွေ၊ ဟောဒီ ကွန်ပျူတာထဲမှာ save လုပ်ထားတဲ့ secret file တွေရှိနေတယ် လွန်းပိုးဖြူ။ ငါ့ရုံးခန်းထဲကို အဲဒီလို အနုပ်စုတ် ကုပ်စုတ်ဝန်ထမ်းတွေ ဝင်ဖို့ ခွင့်မပြုနိုင်ဘူး။ ရှင်းလား"

ခပ်မာမာပြောကာ ကြည့်လိုက်သဖြင့် သူနှင့်သူမ အကြည့်ဆုံ သွားရလေ၏။ ပထမ ရုံးခန်းကြည့်လိုက်ပါသည့် မျက်ဝန်းတို့မှာ အံ့ဩ ခြင်းက ထင်လေသည်။ ဒီလိုပဲဖြစ်ရမယ်လေ။ လွန်းပိုးဖြူထံမှာ မိန်းမ ဆန်သည့် ဟန်ပန်ပုံစံတွေ ရှိမှ မရှိတော့တာကို။

"မင်း"

"ဟုတ်ပါပြီ ... ကျွန်မက ဒီကဝန်ထမ်းမို့ ခိုင်းတာကို လုပ် ပေးရမှာပေါ့။ MD လိုချင်တာကိုသာပြောပြီးခိုင်းပါ။ ကျွန်မ ဘယ်က လုပ်ပေးရမှာပါလဲ"

"ဆံပင်တွေ ညှပ်ပစ်လိုက်တယ်"

တီးတိုးရေရွတ်သံကိုကြားပေးမယ် ဥပေက္ခာပြုလိုက်ပါ၏။ ညှိသည့် ညှော်ခံသည့်စားပွဲပေါ်မှာရှိနေသည့် စာရွက်တွေ၊ ဂျာနယ် တွေ စာအုပ်တွေကို ကြည့်ကောင်းစေရန် စီလိုက်ပါသည်။ လှည့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



စရာလိုသည့် ပစ္စည်းတွေကိုပါ ရွေးချယ်၍ အမိုက်တောင်းထဲ ထည့်
လိုက်ပါ၏။

"အင်း . . . ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ အခြေအနေက ဖျ

မတူတော့တာကိုး"

ဝေဖန်တာလား။ ဒါမှမဟုတ် တမင်တကာပင် သူ့
နှိပ်ကွပ်ပြနေတာများလား။ ထားပါတော့လေ။ မြေနိမ့်ရာ လှံစိုက်
တတ်တာ လူ့သဘာဝဖြစ်ပေမယ့် ဤလူကိုဖြင့် မပြည့်သည့်အိုး ဘော
ဘင်ခတ်သည်ဟုသာ သူမမှတ်ချက်ချမိရုံပါလေ။

"Draw တွေထဲပါ ရှင်းပေးရမလား"

"မင်းအဖေ ဘာပြောသေးလဲ"

"ဟင့်အင်း . . . ဘာမှမပြောပါဘူး"

"ဘယ်လို ကိုယ်နဲ့ပတ်သက်ပြီး တစ်ခုလေးတောင် မပြေ
ဘူးလား"

"ဟုတ်ပါတယ်"

သူက မျက်မှောင်ကြုတ်ကာ စဉ်းစားဟန်ပြုလိုက်လေ
လွယ်လွယ်နဲ့တော့ ဘယ်ဖြစ်ပါ့မလဲ ဦးဘုန်းမြင့်မိုရ်။ လူကိ
အတင်းစီစဉ်ပေးရုံနဲ့ ခေါင်းညိတ်လက်ခံရတဲ့ခေတ်မှ မဟုတ်တော့
အထူးသဖြင့် လူကို အထင်မကြီးသလို ခပ်နှိမ်နှိမ်ကြည့်ပြီး ဆတ်





ဆတ်တဲ့ ရှင့်အချိုးကို လုံးဝကြည့်မရတာပါပဲ။ 'ပိုင်ရှင်ရှိသည်' လို့
ဆိုင်းဘုတ်မချိတ်ထားပေမယ့် သူများခြံထဲကပန်းကို မျက်စောင်းထိုးမိ
င် ရှင့် ငရဲကြီးတတ်တယ်ဆိုတာကို သိထားပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဆိုင်ကယ်ကို ခြံထဲမောင်းဝင်ခဲ့စဉ် လက်ခုပ်သံကြားရသဖြင့် တစ်ဖက်ခြံကို လှမ်းကြည့်မိလိုက်ပါသည်။ ထင်တဲ့အတိုင်းပါပဲ မမက လက်လှမ်းပြနေတာမို့ စက်သတ်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပါ၏။ မမက ဝရန်တာထောင့်နားအထိ လျှောက်ကာ အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်လေသည်။

"ရေမိုးချိုး စားသောက်ပြီးရင် လာခဲ့ဦး"

"မိုးပဲ ချုပ်တော့မှာကို"

"ပြောစရာ ရှိလို့ပေါ့"





"အရေးကြီးလို့လား"

"အေး"

အိမ်ကလူတွေ မသိစေချင်လို့များလား။ ဒီတိုင်း ဖုန်းဖြင့်ပြောလို့ရတာကို ဘာလို့များ မပြောတာလဲ။ မမ တိုးတိုးတိတ်တိတ်ပြောတိုင်း ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ပြီး နှလုံးရောဂါတောင်ရချင်သလိုဖြစ်နေရတာလေ။ အရေးကြီးတယ်တဲ့။ ဘာများပါလိမ့်။ အလုပ်ပြီးမှသာ ဘာခိုင်းတာမို့ သူ့ကို အစားပျက်မှာစိုးလို့များလား။ ရင်မောရပါလားနော်။

"ဘယ်လိုဖြစ်ပြီး လာနေတာလဲ"

"သွားစရာရှိသေးလို့"

"မိုးချုပ်နေပြီကို၊ ဘာလဲ ... လက်ဖက်ရည်ဆိုင်လား"

"မဟုတ်ဘူး ... မမအိမ်"

"မောင်နှမတွေ နေ့တိုင်းတွေ့နေရတာတောင်မှပဲ"

"အရေးကြီးလို့ပါ မေမေ"

"ဘာ"

"နောက်မှ ပြန်ပြောပြပါ့မယ်"

ထမင်းစားပြီးသည်နှင့် ရေပင်မသောက်ဖြစ်ဘဲ အိမ်ထဲမှ ထွက်လာခဲ့မိ၏။ တစ်ဖက်ခြံထဲဝင်လိုက်စဉ် မမက တိုက်ရှေ့ခုံတန်း



www.burmeseclassic.com

မှာ ထိုင်ပြီး သူ့ကိုစောင့်နေလေသည်။ အိမ်ထဲမှာမထိုင်ဘဲ အပြင်မှာ ထိုင်နေတာပါလား။ မှောင်နေပြီမို့ အိမ်ရှေ့မီးတိုင်မှအလင်းက ခပ်မှုန်မှုန်လေးပါလေ။

"လာ . . . ဒီမှာထိုင်"

ညွှန်ပြသည့်အတိုင်း မမနှင့် ခပ်ခွာခွာနေရာမှာ ဝင်ထိုင်လိုက်ရပါ၏။ မမက နှင်းဆီပန်းအိုးတို့ကို ခပ်ငေးငေးကြည့်နေလေသည်။ လေနှင့်အတူ ပါလာသည်က သက်ပြင်းရှိုက်သံလေလား။ ချစ်သူနှင့် ဝေးနေရပါသည့် သူလောက် ဘယ်သူကများ ရင်မောစရာရှိမှာတဲ့လဲ။

"ပြောစရာတွေက အမင်္ဂလာသတင်းတွေချည်းပဲဟယ်။ စိတ်ညစ်ရပုံ"

"ဘာများလဲ"

"ရန်ကုန်က"

နှလုံးနေရာမှ ဒုတ်ခနဲမြည်သံနှင့်အတူ လက်ဖဝါးမှ ချွေးအေးတို့ ပြန်လာလေတော့၏။ ပြောကြတော့ဖြင့် အနေဝေးရင် သွေးအေးသွားတတ်တာဆို။ အခုတော့ သူ့မှာဖြင့် ဒီမြို့နာမည်ကြားသည့်နှင့် ရင်တွေခုန်ပေါက်မြည်လာတော့တာ မဟုတ်ပါလား။ အလွမ်းတို့ ရှည်ကြာနေခဲ့ပါပြီးရယ်။ မင်းထားခဲ့တဲ့နေရာမှာ မျှော်လင့်ခြင်းတွေ





ပွေ့ပိုက်ပြီး စောင့်ဆိုင်းနေတဲ့ လူတစ်ယောက်ရှိနေသေးတာကို သတိမှ ရပါလေစ။

"ပိုးပိုးရဲ့မေမေ အန်တီဒေါ်သက်ထားဆွေ Brain Tumer နဲ့ ဆုံးသွားပြီ"

"ဗျာ"

"တစ်နှစ်ကျော်ကျော် ဆေးကုသပေးခဲ့ရတာ ပိုးပိုးတောင် မသိခဲ့ဘူး။ အသက်မီရုံလေး ပြန်ရောက်လာလို့ တော်သေးတယ် ဆိုရမယ်"

ဖြစ်ရလေ၊ သူကဖြင့် သူမအပေါ် အထင်တွေလွဲပြီး တလွဲတွေ တွေးနေမိတာပါ။ စာသွားသင်တာနဲ့ အချစ်သစ်တွေပြီး ပျော်နေပြီ ထင်ခဲ့မိတာလေ။ ခဏတဖြုတ်တွေ့ခဲ့တဲ့သူ့ကို တစ်ခဏတဲ့ဖြစ်ခဲ့တဲ့ ချစ်သူအဖြစ် တစ်ကဏ္ဍဖြတ်ခဲ့လေသလားဟု သံသယပင် ရှိခဲ့တာ မဟုတ်ပါလား။

ပိုး မိခင်မရှိတော့တာမို့ ဝမ်းနည်းမဆုံး ငိုကြွေးနေလေမလား။ ရင်နှင့်အောင်မျှ ခံစားနေရရင် ချော့မော့နှစ်သိမ့်ရအောင် ကိုယ့်ကို ဆက်သွယ်သင့်တာပါလေ။ အဲဒီမှာ ဘာတွေဖြစ်လို့ဖြစ်ခဲ့လို့များ ကိုယ့်ကို အဆက်အသွယ်မလုပ်ဘဲ ဖြတ်တောက်ထားရတာပါလဲ။ တကယ်ဆို ရင်ခုန်သံချင်း ထပ်တူကျခဲ့သည့် သူတို့နှစ်ဦးအတွက်

www.burmeseclassic.com



ဘာမဆို တိုင်ပင်ညှိနှိုင်းနိုင်ခဲ့လျှင်ဖြင့် အရာရာအဆင်ပြေပြေ ဖြစ်
မှာလေ။

"အန်ကယ်ဦးကျော်နိုင်က စီးပွားပျက်လို့ ကုမ္ပဏီကို သူ့
လက်ထဲ လွှဲပေးလိုက်ရတယ်"

"ဟာ"

ဘုရားရေ၊ ဘယ်လိုဖြစ်ရတာပါလဲ။ သူ့ချစ်သူလေးတော့
ကူကယ်ရာမဲ့ဖြစ်ရှာနေလေပြီ၊ ဖခင်ရဲ့ စီးပွားရေးကို ကူနိုင်ဖို့ ရည်ရွယ်
ချက်နဲ့ တိုင်းတစ်ပါးမှာ ပညာဆက်ရှာခဲ့တာလေ။ အခုတော့ လ
တစ်ဝက်မှာတင် နောက်ကြောင်းကို ပြန်လှည့်ခဲ့ရပြီလား။ ပညာသ
နေချိန်မို့ သူ့ကို မဆက်သွယ်ဖြစ်တာကို နားလည်ပေးခဲ့ရပေမယ့် ဒီ
ဒုက္ခတွေ ခါးစည်းပြီး ကြိတ်ခံနေရတာကိုတော့ ရင်ဖွင့်သင့်တာ
မဟုတ်ပါလား။

ချစ်သူဆိုတာ နှစ်ကိုယ့်တစ်စိတ်နဲ့ အမြဲအတူတူ ဖြစ်နေရမှာ
လေ။ အကောင်းအဆိုး မှန်သမျှ ဝေမျှနိုင်မှသာ ချစ်သူဟု သတ်မှတ်
နိုင်မှာပါ။ ဒီလိုမဟုတ်ပါဘဲ လျှို့ဝှက်သိုသိပ်ခြင်းတွေနဲ့ လျစ်လျူရှုတာ
ပါက သူနဲ့သူမဘာဝက ချစ်သူဟု မသတ်မှတ်နိုင်တော့သလိုပါလေ။

"ပိုး သနားပါတယ်"

"မှန်တယ်၊ အနီစွသဘောကို ငါတို့ပုထုဇဉ်တွေ အံ့တုလို့





မရဘဲကိုး"

"မမကို ဘယ်သူပြောတာလဲ"

"စိမ့်ဒါလီ"

"ပိုးနဲ့မဟုတ်ဘူးလား"

မမ၏အကြည့်က သူ့ထံရောက်လာလေ၏။ ဘာလဲ လူကို
သနားသည့်နှယ် ကြည့်နေသလိုပါ။ တကယ်ဆို မိသားစုမစုံလင်တော့
တဲ့ သူမကိုသာ ကရုဏာပိုသင့်တာလေ။ အခုတော့ ဘယ်လိုဖြစ်ပြီး
သူ့ကို ဤသို့ကြည့်ပြီး သက်ပြင်းရှိုက်နေရပါသနည်း။ အံ့ဩဖွယ်
ကောင်းလေစွ။

"သူရ"

"ဗျာ"

"အမှန်တော့ ငါ မပြောချင်ဘူး။ သူကိုယ်တိုင်ပြောတာကိုပဲ
နင် နားထောင်သင့်တာ"

"ဗျာ ... ဘာကိုလဲ"

"ပိုးပိုးကိစ္စကိုပြောတာ"

"ပိုးက ဘာဖြစ်နေလို့လဲ"

မမ ရင်မောစွာဖြင့် လေပူမှုတ်ထုတ်ပြန်ချေပြီ။ ကာယကံရှင်
သာ ရင်မောရမှာပါ မမရယ်။ အခုတော့ ဘေးလူက ပိုပြီးပူနေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့၊ လက်ရှိအဖြစ်အပျက်မှာ ပိုးကသာ ပိုပြီး ရင်နင့်ကြေကွဲနေ တာ မဟုတ်ပါလား။ သူမထက် မပိုတာတောင် ထပ်တူရင်နင့်နေရတာ က သူကိုယ်တိုင်ပါပဲ။

"ပိုးပိုးနဲ့ နင့်ကိစ္စကို သူ့မိဘတွေ သိထားတယ်"

"ဗျာ"

"စက်ဘူကို မသွားခင်ကတည်းကပဲ"

"ဟင်"

"အဲဒီအတွက် ကတိပေးပြီးမှ သူ ကျောင်းသွားတက်ခွင့် တာပါ သူရ"

"သူတို့က လူကြီးတွေသဘောက"

"ဟုတ်တယ် . . . နင်နဲ့သဘောမတူဘူးဆိုပြီး နင့်ကို အဆက် အသွယ်မလုပ်နိုင်ခဲ့တာပဲ"

"ဘယ်လို"

အလို ဒါကြောင့်ကိုး။ ဘာပဲဖြစ်ဖြစ် အခြေအနေကို သူ နားလည်သဘောပေါက်အောင် ရှင်းပြသင့်တာလေ။ အဖြ သည်းသည်းကွဲကွဲသာသိထားရင် သူ့ရင်မှာ အလွမ်းတွေအပြည့် နဲ့ မျှော်လင့်ခြင်း အိပ်မက်ရှည်ကို ဆက်မက်ဖို့ မရှိတော့မှာ မဟု လား။ အလွမ်းရဲ့အနားသပ်က ချွန်ရစ်ခြင်းတဲ့လားကွယ်။





"ဒါပေမဲ့ . . . ပိုးပိုးက နင့်ကို အဆက်အသွယ်မလုပ်တဲ့နေပြီး ပြန်ရောက်မှ သူ့မိဘတွေ သဘောတူအောင်ပြောဖို့ အားတင်းထားခဲ့ တာပါ"

ယုံပါတယ်။ သူချစ်သူလေးက မိန်းကလေးဖြစ်ပေမယ့် အလေးအနက်ထားတတ်၊ အစွဲအလမ်းကြီးတတ်တာလေ။ သူ့အပေါ် မည်မျှပင် ချစ်ပါစေ သူနှစ်သက်သည့်အရောင်၊ သူကြိုက်သည့်အစား အသောက် အသီးအနှံတို့ကို လိုက်လျောပြီး လိုက်ပြောင်းကြိုက်တတ် တာမှ မဟုတ်ဘဲ။ ခေါင်းမာသည့်ချစ်သူလေး၏ စိတ်ဓာတ်က အမာစားလေးပါပဲ။

"ပြန်လာတော့ သူ မျှော်လင့်ထားသလို မဖြစ်ဘဲ အကုန် ကမောက်ကမ ဖြစ်သွားရတဲ့ အခြေအနေကို နင်လည်း သဘောပေါက် မှာပါ"

"အခု . . . သူ"

"အဲဒီမှာ အလုပ်ဝင်နေပြီ"

"ဩော်"

"သူရ"

"ဗျာ"

"စိတ်နိုင်နိုင်ထားပါ ငါ့မောင်။ နင်က လူကသားပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျော့လွန်းလို့ ငါပြောရမှာ စိတ်မချဘူး"

"ရပါတယ်"

မမက သူ့ကျောကို နှစ်ချက်မျှ ပုတ်လိုက်ပါ၏။ ဘာများလဲ နှစ်သိမ့်မှုကို လိုလားပေမယ့် သူလိုချင်တာက သူမထံမှသာပါ။ ဘာ အကြောင်းတွေများ ရှိနေသေးလို့ပါလိမ့်။ စိုးရိမ်ထိတ်လန့်မှုက ရင်တွင်း မှ တစစ ဖြစ်တည်လာလေတော့၏။ မင်း ကိုယ့်ကို ထားရစ်ခဲ့မှာတော့ မဟုတ်လောက်ပါဘူးနော်။

"အိမ်က သူ့ကို စေ့စပ်ပေးဖို့ လူရွေးပေးလိုက်ပြီတဲ့"

"ဗျာ"

နားထဲမှာ အုန်းခနဲမြည်သံနှင့်အတူ ရင်ထဲမှာ စူးခနဲ အောင့် သက်သွားမှုက ဘာနဲ့မှ နှိုင်းဆမရနိုင်ပါချေ။ မထင်ချင်ပါဘဲ မလိုလား သည့်ကိစ္စက လက်တွေ့မှာ ဖြစ်လာတာတဲ့လား။ စေ့စပ်ဖို့တဲ့။ အဲဒီလူ ကို ခေါင်းညိတ်လက်ခံလိုက်ဖို့ မင်း ဆုံးဖြတ်လိုက်ပြီလား ပိုးရယ်။

"ခုလက်ရှိ သူ့အဖေ ကုမ္ပဏီကို သိမ်းသွားတဲ့လူပဲ။ အဲဒီ ကုမ္ပဏီမှာပဲ သူ ဝင်လုပ်နေတာပေါ့"

"ပိုးက ... ပိုးက လက်ခံလိုက်တာလား"

"ဒါတော့ မသိဘူးလေ။ ငါလည်း စိမ့်ပြောသမျှ အကုန် ပြန်ပြောပြတာ"





"သူဌေးသားပေါ့"

"အေး ... ပိုပြီးဆိုးတာက နင့်အတွက်ပဲ သူ့ရ"

"ဘာဖြစ်လို့လဲ"

"Asia Group နဲ့ ဆက်စပ်နေလို့"

"ဘယ်လို"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ဘာတွေဖြစ်ကုန် တာများလဲ။ ဘယ်လိုဖြစ်ပြီး သူလုပ်နေသည့် ကုမ္ပဏီနှင့် သူမက ဆက်စပ်မှုရှိလာရတာပါလိမ့်။ သူလုပ်နေတာက construction လုပ်ငန်း။ သူမ လုပ်ငန်း (သူမဖေဖေအလုပ်) က Export & Inport လေ။ ဘယ်လိုမှ မသက်ဆိုင်ပါဘဲ ဆက်စပ်နေတာတဲ့လား။

"ပိုးက"

"ပိုးနဲ့ စေ့စပ်မယ့်သူက Asia Group ရဲ့အဓိကလူပဲ သူ့ရ။ နင့် boss နဲ့ cousin တော်တယ်"

"ဗျာ ... ဒါဖြင့်"

"အေး ... စန်းသော်တာရဲ့အစ်ကိုပဲ"

နှလုံးသားက ဖျတ်ခနဲ အက်လေ၏။ တကယ့် great အမျိုး အနွယ်တွေနဲ့မှ ပတ်သက်ခွင့်ရရတယ်လို့။ ရင်ကို ဆုပ်ချေနင်းခံလိုက်ရ သည့်နှယ် ခံရခက်စေတာလေ။ ကိုယ့်ကိုယ်ကိုယ် ကစားပွဲမှာပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး အရန်ခုံမှာ ထိုင်နေရသလို ဖြစ်နေပါရောလား။

• အမျိုးသမီး (အများစု) ရဲ့ သည်းခြေကြိုက် အဆင့်အတ
မျိုးနဲ့ လူကို မရွေးချယ်ရင်ဖြင့် အရူးဟု သတ်မှတ်ကြမှာလေ။ လော
မှာ ချစ်ခြင်းက တန်ဖိုးအရှိဆုံးဟု ပြောရိုးပြောစဉ် ပြောတတ်ကြ
မယ့် ဘဝနဲ့ နှိုင်းဆလျှင်ဖြင့် နေညစ္စာကသာ အဓိကကျတာပါ။ ဒီလို
သူ၏ချစ်သူလေးလည်း အချစ်ထက် အရေးကြီးသည့်အရာကို ရွေ
တာပါလေ။ ဩော် ... ပိုးရယ်။

❋ ❋ ❋



## အခန်း (၂၁)

"အမယ်လေး!"

ကားမှတ်တိုင်ရှိရာဆီ လျှောက်ခဲ့စဉ် အနီးမှာ အရှိန်သင့်တာ
ရပ်လိုက်သည့် ကားတစ်စီးကြောင့် လန့်သွားရပါ၏။ ဘယ်လိုကြီးမှ
စောစောစီးစီး ကားမောင်းကြမ်းနေတာပါလိမ့်။ အလုပ်ကိုရောက်ချင်
စောက ကပ်နေတာမို့ bus အလာကို လှမ်းမျှော်ကြည့်လိုက်စဉ်
စောစောက ကားထံမှဟွန်းသံ နှစ်ချက် ထွက်လာလေသည်။

"တီ! ... တီ!"

"ဟော့"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... လူကို နာမည်မခေါ်ဘဲ အော်နေပြန်ပါပြီ။ ကုမ္ပဏီထဲမှာ မဟုတ်ဘဲ အပြင်မှာမို့ သူ့ကို ရုပြုစရာမလိုပါ။ ခေါ်သံကို မကြားယောင်ဆောင်လျက် ကားဂိတ်ဆီ ဆက်လျှောက်ခဲ့စဉ် လက်ကို နောက်မှဆွဲခြင်းခံလိုက်ရလေ၏။

"အို! ... ဘာလုပ်တာလဲ"

"ခေါ်နေတာ မကြားဘူးလား"

"ကျွန်မနာမည်ကို ခေါ်တာမှမဟုတ်တာ"

"ဘာ!"

"လူကို ဆွဲလားရမ်းလား မလုပ်ပါနဲ့ရှင့်"

"ဟ! ကိုယ်က မင်းရဲ့အထက်လူကြီးလေ၊ ခေါ်ရင် လှည့်ကြည့်မှပေါ့"

"ကျစ်! ... အခုက ကုမ္ပဏီမှာမှ မဟုတ်တာ"

"ဘာဖြစ်ဖြစ် ... အခု ကုမ္ပဏီကို သွားမှာမဟုတ်လား"

တွေ့လား! ... ဘယ်လိုလူမှန်းကို မသိတော့ပါဘူး။ အထက်လူကြီးဆိုလည်း တည်တည်တံ့တံ့နဲ့ သွားပါတော့လား။ အခုလို လမ်းမှာ ကားရပ်ပြီး လူကိုလာဆွဲရသလား။ ကုမ္ပဏီလူကြီးနှင့်မဆိုင်သည့်နယ် ကလေးဆန်လွန်းတာလေ။ ဘယ်လိုဖြစ်ပြီး ဒီလူနဲ့ တွဲပေးဖို့များ လူကြီးတွေ စဉ်းစားမိကြတာပါလိမ့်။ အံ့ဩရပါ့။



"ဟုတ်တယ် ... ရှင်နဲ့မှ မဆိုင်တာ"

"ဘာ ... မင်းပြောလိုက်ရင် မဆိုင်ဘူး။ မဆိုင်ဘူးနဲ့ မင်းနဲ့ကိုယ် သက်ဆိုင်နေတာကို ဘယ်တော့မှ ဝန်မခံဘူး"

"ဘာရှင့်"

"ကိုယ့်အကြောင်းကို အန်ကယ် မင်းကိုပြောထားပြီးသားကိုများ လုပ်ကိုညာတယ်"

"အံမာ ... လုပ်ကိုညာတယ်လေး ဘာလေးနဲ့၊ တင်တင်စီးစီးပြောပြန်ပြီ။ အဲဒါကြောင့် ကြည့်မရတာ"

"ဘာကွ"

"ဒီမှာ! အလုပ်မှာသာ ရှင် power ပြလို့ရမယ်။ အပြင်မှာသာမပြန်နဲ့။ ကျွန်မလက်ဝါးက အကြောင်းသုံးပါးမရွေး နေရာမရွေးဘူး"

"ဘယ်လို"

နှုတ်က ဒီလောက်ရဲပေမယ့် သူ့မလက်က ဤမျှမရဲပါလေ။ ဒီလောက်နဲ့ ရှိန်လောက်ပြီထင်ပေမယ့် ရှေ့တည့်တည့်မှာ ပိတ်ရပ်လိုက်တာမို့ စိတ်တိုသွားရပါ၏။ ပြောသားပဲ၊ ဒီလူက ကလေးကိုဆန်လွန်းပါတယ်လို့။ အခုလည်း ကြည့်ရတာ ဖေဖေနဲ့ ဖုန်းပြောပြီး သိလာပုံထင်ပါရဲ့။

www.burmeseclassic.com



"ပြောစရာရှိတာတော့ ပြောရမှာပဲ။ အလုပ်မှာပြောရင်လည်း ကုမ္ပဏီနဲ့ မဆိုင်တဲ့ကိစ္စလို့ မင်းက ပြောဦးမှာ"

"ဟိုမှာ bus လာနေပြီ။ ရှင်လိုက်မရှုပ်ပါနဲ့"

"ဒါဖြင့်လည်း ကိုယ့်ကားနဲ့လိုက်ပေါ့"

"ဘာလို့လိုက်ရမှာလဲ။ မလိုက်ဘူး"

"မလိုက်ရင် . . . ဒီမှာပဲပြောမယ်။ Bus လည်းမစီးနဲ့"

"ဘာ . . . ရှင်နော်"

"ကိုယ်ရေးကိုယ်တာကိစ္စမို့ ပြောမှဖြစ်မှာလေ"

ဒုက္ခပါပဲ။ ဒင်း . . . ဖွတ်တရွတ်နိုင်တာက ပြဿနာမဟုတ်။ ဂိတ်မှာ ကားစောင့်နေတဲ့လူတွေက အတွေးတစ်မျိုးဖြင့် ပြုံးစိစိ ကြည့်နေကြတာမို့ပါပဲ။ သူမနှင့်သူက စိတ်ကောက်လို့ လိုက်ချော့နေပုံပေါက်နေတာကို။

ဒင်းနဲ့တော့ ခက်တော့တာပါပဲ။

"ဒီမှာ ပြောစရာလား"

"ဒါဆို ကားပေါ်လိုက်ခဲ့ပေါ့"

တောက် . . . စိတ်ရှိတဲ့အတိုင်းသာ ထုရိုက်ရရင် ဒင်းတော့ လမ်းပေါ်က ကျောက်ပြားဖြစ်တော့မှာလေ။ အရှက်ရမယ့်အရေးနဲ့ ခြေဆောင့်ကာ စိတ်ကို အောင့်အည်းလျက် သူ့ကားပေါ် တက်လိုက်





ရတော့၏။ ကဲ . . . ပြောစရာရှိလည်း မြန်မြန်ပြော မြန်မြန်ပြီး မြန်မြန်အေးရောပေါ့။

"ဒါက ဘယ်မောင်းဦးမလို့လဲ"

"ကုမ္ပဏီကိုလေ"

"ကျစ်! . . . ကားပေါ်မှာပဲ ပြောစရာရှိတာ ပြောမှပေါ့။ ကုမ္ပဏီအထိ ခေါ်စရာလား။ လူတွေ တွေ့ကုန်တော့မှာပဲ"

"တွေ့တော့ ဘာဖြစ်လဲ"

"ရှင်နဲ့ကျွန်မကို လျှောက်ပြောကြမှာပေါ့။ ဒါလေးတောင် မတွေးတတ်ဘူးလား။ တကယ်ပါပဲ"

"ပြောပါစေပေါ့ . . . ဘာဖြစ်လဲ"

"ရှင်နော်"

သူက ကုမ္ပဏီလမ်းမကြီးမှ လမ်းခွဲကို ကွေ့လိုက်လေ၏။ ကြည့်စမ်း။ ဒီလူကတော့ ပိုးကို ပြဿနာရှာပါရောလား။ ဖေဖေတို့ လူကြီးတွေက သူနဲ့သဘောတူကြတာမှန်ပေမယ့် ခေါင်းညိတ်လက်ခံဖို့က ကာယကံရှင်ဖြစ်တဲ့ ပိုးပေါ်မှာသာ ရှိတာလေ။ ရင်ထဲမှာ နေရာယူထားတဲ့ လူတစ်ယောက်လုံးရှိနေတာတောင်မှ နောက်ထပ် သူ့စိမ်းကို လက်ခံရမှာလား။ မဖြစ်နိုင်တာ။

"လွှန်းပိုးဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဟာ . . . မင်း ဘယ်လိုမိန်းကလေးလဲ။ စကားကို ကောင်း ကောင်းမပြောဘူး"

ရှင်လုပ်နေပုံက ပြောချင်စရာကောင်းတာကိုး"

"ဘာကွ"

သူက ကားကို လမ်းဘေးမှာပင် ထိုးရပ်လိုက်လေ၏။ ကြည့် ရတာ ဆိုင်တစ်ဆိုင်ဆိုင်မှာထိုင်ပြီး ပိုးနဲ့ စကားပြောမလို့ထင်ပါရဲ့။ ခက်တာက ပိုးကိုယ်တိုင် သူနဲ့စကားလက်ဆုံမပြောချင်တာလေ။ ကား ကို ရုတ်ရက် ရပ်လိုက်တာမို့ ရှေ့ကို ငိုက်သွားရသဖြင့် ကားရှေ့ dashboard ကို အမြန်လှမ်းကိုင် ထိန်းလိုက်ရလေသည်။

"မင်းနဲ့ကိုယ့်ကို လူကြီးတွေက သဘောတူထားတယ်"

"အဲဒါဘာဖြစ်လဲ"

"အဲဒီအခြေအနေလောက်နဲ့ ကိုယ့်ကို တရင်းတနှီး ပြောဆို သင့်တာပေါ့ကွ"

"ဘာဆိုင်လို့လဲ၊ လူကြီးတွေပြောဆိုထားတာနဲ့ ကျွန်မအပေါ် နိုင်လိုမင်းထက်နဲ့ ရှင် ရင့်ရင့်သည်းသည်း ဆက်ဆံတာကို သည်းခံ ပေးရမှာလား စဉ်းစားကြည့်ပေါ့"

"ဒီမှာ"





"ဒီမှာတွေ ဟိုမှာတွေနဲ့ အာလာပ,သလ္လာပ ပြောစရာမရှိ ဘူး"

"မင်းက ကိုယ်တို့ကိစ္စကို စိတ်မဝင်စားဘူးပေါ့လေ"

"ဟုတ်တယ်"

သူက ပိုးရဲ့လက်မောင်းကို ကိုင်၍ ဆွဲယူလိုက်သဖြင့် နှစ် ယောက်သား ခန္ဓာကိုယ်က နီးသွားပါ၏။ ပိုး အမြန်ရုန်းလိုက်ပေမယ့် ယောက်ျားလေးအားကို ပြိုင်လို့မှမရတာလေ။ ညာလက်ကို ဆွဲထား တာမို့ မသန်သည့်ဘယ်လက်ဖြင့် သူ့ပါးကို ရိုက်လိုက်စဉ် ပိုးရဲ့လက်က သူ့ပေါ် မရောက်ခဲ့ပါ။

"တောက်! . . . ရှင်"

"ဒီမှာ လွန်းပိုးဖြူ . . . မင်းက အားနွဲ့တဲ့မိန်းကလေးပါ။ မာနသိပ်မကြီးပြချင်ပါနဲ့"

"ဘာပြောတယ်"

အတော်လူပါးဝတဲ့ လူပါပဲ။ အစကဖြင့် ကလေးဆန်သည်ဟု ထင်ထားပေမယ့် အခုတော့ လူကို အထင်တသေးနဲ့ ပြောဆိုနေတာ လေ။ နောက်ပြီး အခုတော့ဖြင့် လက်ပါနေပြီမဟုတ်ပါလား။ လူ့ အဆင့်အတန်းဆိုတာကို ငွေကြေးဥစ္စာနဲ့ ပိုင်းခြားပြရတာမျိုးမဟုတ်ဘဲ ကိုယ်ကျင့်တရား သိက္ခာ သမာဓိနဲ့ ခွဲခြားပြရတာကို ဒင်း မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။

"ကျွန်မဖေဖေနဲ့ ရှင်တို့သားအဖ တွေ့တာ ဘယ်နှ
ရှိသေးလို့ ဒီလောက်ထိ ပြောရဲဆိုရဲ လက်ရဲခတ်ရဲရှိနေရတာလဲ"

"ဘယ်လို"

"ရှင်သိထားဖို့က စိန်နားကပ်အရောင်နဲ့ပါးပြောင်ရတဲ့ ရှ
လိုလူကို မြင်တာနဲ့ တမ်းတမ်းစွဲ ယိုင်လဲတတ်တဲ့ မိန်းမတွေထဲ
ကျွန်မ လုံးဝမပါ ဆိုတာပဲ"

"ဘာ ... ဒီမှာလွန်းပိုးဖြူ ... မင်း"

"ရှင်နဲ့ကျွန်မကြားမှာ ဘာအကန့်မှမရှိပါဘူး ကိုတုန်းမြင့်
ဒီတော့ ကျွန်မတို့ ဘာမှ ပတ်သက်စရာမလိုဘူးဆိုတာ ရှင်လည်း
သိမှာပါ"

"ကျစ်! ... ခက်လိုက်တာ"

"ဒီလောက်လွယ်နေတာကို ရှင်က ခက်အောင်လုပ်နေ
ကို။ မိဘတွေ သဘောကျ စီမံချင်ပေမယ့် လူငယ်တွေကမှ
မညိတ်ချင်တာ"

"ဘယ်လို"

"ဒီတော့ ရှင့်ဘက်က ရှင့်ဘာသာ ရှင်ငြင်း၊ ကျွန်မဘက်
ကျွန်မကိစ္စ ပြီးအောင်လုပ်နိုင်ရင် ပြီးတာပဲ။ မဟုတ်ဘူးလား"





"မဟုတ်ဘူး"

"ဟင်"

သူမ အံ့ဩရပြန်ပါ၏။ ဒီလောက်ရှင်းပြနေတာတောင်မှ နား
မလည်သလိုပါပဲလား။ ပညာတတ်ဖြစ်ပြီး ပြောရခက်တာလောက်
စိတ်ညစ်စရာမရှိတော့ပါလေ။

သူက သူမလက်ကို လွှတ်ပေးပြီး ဒေါသကိုငြိမ်အောင် ထိန်း
နေလေ၏။ မိန်းကလေးနှင့် ပြိုင်ငြင်းချင်တဲ့ ယောက်ျားတွေကို သူမက
မုန်းတာအမှန်ပါပဲ။

"ကိုယ့်ဘက်ကမှ မငြင်းချင်ဘဲ"

"ဘာရယ် ... ကျွန်မတို့ကို"

"ကိုယ်တို့ကို စီစဉ်ပေးတာ ခုမှမဟုတ်ဘဲ လွန်းပိုးဖြူရဲ့။
ငယ်ငယ်ကတည်းက ပြောဖူးခဲ့တာ"

"ဟင်"

မဖြစ်နိုင်တာ။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဦးဘုန်းခေါင်
ဆိုသည့်အမည်ကို သူမ ပြန်ရောက်မှ ကြားခဲ့ရတာပါ။ ဒါကိုတောင်
ဒီလိုပြောရတယ်လို့။

ငယ်ငယ်ကလို့ပြောရအောင် ဒင်းနဲ့ ဘယ်တုန်းကများ တွေ့ခဲ့
ဖူးလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမမှတ်မိတာပါ လွန်း။ ကိုယ်တို့ လေးနှစ်အရွယ်ကတည်းက သိခဲ့ကြတာလေ။ မင်းကို ဝဝလေးမို့ ကစ်ကစ်လို့ခေါ်ခဲ့ပြီး ကိုယ်က ပိန်ပိန်လေးမို့ ထန်းပင်လို့ ခေါ်ခဲ့ကြတာ"

"ဟင့်အင်း"

"သော့ကြရင်း . . . မင်းကိုယ့်ကိုတွန်းလို့ ဒီနေရာမှာ ဒဏ်ရာဖြစ်အောင် ချော်လဲခဲ့သေးတာလေ၊ ကြည့်ပါဦး"

"မဟုတ်ဘူး"

နဖူးထောင့်ရှိဆံပင်တိုတို့ကို သပ်တင်ပြလိုက်သဖြင့် သူ့ဖဝေဖဝါဖြစ်သွားရပါ၏။ မဟုတ်လောက်ပါဘူး။ ဒီလူတော့ ဘာဇာတ်လမ်းတွေ ထွင်နေပြန်ပြီလဲမသိ။ လူကို တရင်းတနှီးနဲ့ ပြောဖြနေတာပါလား။

"လွန်း"

"ကျွန်မမှာ . . . ကျွန်မမှာ ချစ်သူရှိတယ်"

"ဘာ"

"ဒါကြောင့် ရှင့်ကို မရမက ငြင်းနေတာပေါ့။ ရှင့်ဘာသာ အရှူးထပြီး လျှောက်ပြောသမျှ ယုံရအောင် ကျွန်မက ကလေးမှ မဟုတ်တာ"

"မကြားချင်ဘူး"





ပိတ်အော်လိုက်တာမို့ ရင်ထိတ်သွားရပါ၏။ အစကဖြင့် လူကို အထင်တသေးနဲ့ အထက်စီးကဆက်ဆံနေပြီး ဘယ်ကနေဘယ်လို စိတ်ပြောင်းသွားရတာပါလဲ။ အောင်ရေ . . . ပိုးတို့ အိပ်မက်တွေကို ရိုက်ချိုးပစ်မယ့် စေတနံဂြိုဟ်တော့ ရောက်လာပါရောလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တစ်နေ့ကုန် စိတ်မကြည်ပေမယ့် ကိုယ့်အလုပ်ကိုတော့ ပြီး အောင်လုပ်ရပါ၏။ စောစောစီးစီး ပြဿနာရှာထားသည့်လူက ဘာများ ဖြစ်မှာလဲ။ ပိုးက စိတ်တိုချင်နေပါ၏။ အိမ်ပြန်ရောက်တာနဲ့ အလုပ် ထွက်ဖို့ ဖေဖေ့ကို ဆွေးနွေးပြီး ပြောရတော့မှာပါ။

ဘယ်လောက်ပဲ သဘောတူချင်ပါစေ သမီးဖြစ်သူကိုတော့ ဖေဖေက စိတ်မဆင်းရဲစေချင်တာပဲ မဟုတ်ပါလား။ အောင်နဲ့ထာ နေရပ်မတူသလို သမီးဖြစ်သူကို အဝေးခေါ်သွားမှာကို စိုးရိမ်မှုနဲ့ မေမေရှိစဉ်ကပြောခဲ့တာပါ။ ဒီတော့ ... ဟိုမှာ လိုက်နေမှာလား





ဒါမဟုတ် ဒီကိုခေါ်နေမှာလား၊ ရွှေးရုံပေါ့၊ သိပ်မခက်ပါဘူး။

"ပိုးရေ"

"ရှင် မမသွန်း"

"MD က ကားပါကင်မှာ စောင့်နေတယ်။ အခု လာခဲ့ပါ တဲ့"

ကိုယ့်အထက်ရာထူးကြီး မန်နေဂျာအစ်မကိုယ်တိုင် လှမ်း ပြောနေပြီမို့ အတော် စိတ်ပျက်ရပါ၏။ ဒင်းနဲ့ ဒီလို တစ်မိုးအောက်ထဲ လုပ်နေရလို့ကတော့ လွတ်လမ်းမမြင်ပါ။ အလုပ်ဝင်ကတည်းက ဒီလို ဆက်တိုက်ဖြစ်နေမှတော့ ရှေ့ဆက် ဘယ်လိုနေလို့ရပါ့မလဲ။

မှန်းလိုက်တာ။ ပိုးမှာချစ်သူရှိတယ်လို့ ပြောထားတာတောင် မှ မမှုသလိုပါပဲလား။ ကောင်းပြီး ဘုန်းမြင့်မိုရ်၊ ရှင်စိန်ခေါ်မှတော့ ပိုးက ဘွာခတ်စရာမလိုတော့ပါဘူး၊ တွေ့ကြတာပေါ့ ဘုန်းမြင့်မိုရ်။

"ပိုးပြန်တော့မယ်နော် မမသွန်း"

"အေး ... အေး"

စာရင်းတွေလုပ်ပြီးတာကို အပ်ကာ ပြန်ဖို့ပြင်လိုက်ပါ၏။ ယခင်က အလုပြင်တာကို နှစ်သက်ခဲ့သည့်ပိုးက အခုတော့ ဘာမှ အလှမပြင်ချင်တော့ပါ။ လှချင်တော့ရော ဘာများ ဖြစ်တော့မှာလဲ။ ပိုးရဲ့အလှကို မြင်စေချင်တာက အောင်တစ်ယောက်တည်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စေချင်တာပါ။ အခုလို ဆံပင်တိုတို မျက်နှာပြောင်နဲ့ လွှန်းပိုးဖြူကို မြင်ပါက မှတ်မိပါ့မလား။ အောင် ရင်ဘတ်ဖိပြီး အံ့ဩတကြီး အာမေဋိတ်သံသာ ထွက်ဝေတော့မှာ အမှန်ပါလေ။

Lift ဖြင့် မြေညီထပ်သို့ ဆင်းခဲ့ပါ၏။ Bus သာစီးပြီး အိမ်ပြန်တာမှန်ပေမယ့် ခင်းနဲ့ စာရင်းရှင်းဖို့က ပိုပြီး အရေးကြီးနေတာကိုး။ ကုမ္ပဏီရှေ့ဘေးဘက် ကားပါကင်ထဲမှာ ကားဘေးဘက်၌ မတ်တတ်ရပ်ကာ စောင့်နေသည့် သူ့ကို လှမ်းမြင်နေရလေ၏။ သိမ်အမြင့်မဟုတ်သည့် ကြိုးသိုင်းဖိနပ်ကို ခြေဆောင့်ကာ သူ့ထံ ဆက်လျှောက်ခဲ့ရပါသည်။

"မြန်သားပဲ"

"ဘာပြောစရာကျန်သေးလို့ စောင့်နေရတာလဲ"

သူက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်လေ၏။ ပိုးရှေ့ကို တိုးကာ ရပ်လိုက်တာမို့ သတိရှိသည့် ပိုးက နောက်သို့ ခြေတစ်လှမ်းရွှေ့လိုက်ရပါ၏။ ထင်သားပဲ၊ ခင်းက ပိုးအပေါ် အတော်လေး အထင်သေးနေတာပါလေ။

"လွှန်း"

"ပြောစရာရှိတာသာ ပြောပါ။ မရှိရင် ကျွန်မ ပြန်တော့မယ်"

"မင်း ဘယ်လိုမိန်းကလေးလဲ"





"မြင်တဲ့အတိုင်းပဲလေ"

"မင်း"

"ဒီမှာ ကိုဘုန်းမြင့်မိုရ်"

"မင်းပြောတာကို ငါနားထောင်ဖို့ မလိုဘူး လွှန်း။ ငါပြောတာကိုသာ မင်း နားထောင်သင့်တာ"

တောက်! ...ပြောတော့ဖြင့် ပိုးကို မာနကြီးတယ်တဲ့။ ခင်းရော ဘာထူးလို့လဲ။ လူကို အရှိန်အဝါနဲ့ control လုပ်ချင်နေတာ မဟုတ်ပါလား။ ကျွန်မရဲ့စိတ်က ညစ်ကျယ်ကျယ်ဖြစ်နေပြီး ဘုန်းမြင့်မိုရ်။ အမိုက်တွေလာထပ်မပုံချင်ပါနဲ့လား။

"ငါသာ ဆန္ဒရှိရင် လက်ဖျစ်တစ်ချက်တီးရုံနဲ့ မင်းလို မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ အမှန်ပဲ လွှန်း"

"အဲဒီမိန်းကလေးတွေထဲမှာ ကျွန်မ မပါတာ ဝမ်းနည်းစရာပဲ"

"ဘယ်အချိန်ထိ ကိုယ့်ကို ငြင်းနေဦးမှာလဲ။ မိဘအရှိန်အဝါနဲ့ မင်းပေါ် Pressure မပေးချင်လို့ ညှိနှိုင်းနေတာကွ"

"ညှိနှိုင်းတာ ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မ မြင်နေရတာတော့ ခြေပြတိုက်နေတာလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်လေ၊ တစ်ဖက်သားက ဒီလောက် ခါးခါးသီးသီး ဖြစ်နေပါလျက်နဲ့ ရှင် အရူးထနေတာ အံ့ဩမဆုံးဘူး"

သူက ပိုးလက်မောင်းနှစ်ဖက်စလုံးကို ခပ်တင်းတင်း ဆုပ်ကိုင် ညှစ်လိုက်လေ၏။ မျက်ဝန်းချင်း စူးစိုက်ကြည့်နေတာမို့ နာကျင်နေပေမယ့် အောင့်အည်းသည်းခံနေရပါသည်။ ကျွန်မ မရှုံးချင်ဘူး ဘုန်းမြင့်မိုရ်။ ဒီအကြည့်တွေ ရဲတင်းနေတာက အောင့်ကိုချစ်နေတဲ့ ချစ်ခြင်းတွေရဲ့ တွန်းအားကြောင့်ဆိုတာကို ရှင် သိပါလေစ။

"ကိုယ့်ကို မင်း လက်ထပ်ရမယ်"

"အိပ်မက် မက်မနေနဲ့"

"လွန်း"

"ရှင်သိထားဖို့က လွန်းပိုးဖြူရဲ့ နှလုံးသားကို ရှင်မဟုတ်တဲ့ တခြားလူတစ်ယောက်ဆီမှာ အပြီးအပ်ထားပြီဆိုတာပဲ"

"တောက်! . . . ငါဆိုတဲ့ကောင်က ခက်ခဲတာကိုမှ ပိုပြီး ပိုင်ချင်တာကွ။ မင်းဘာသာမင်း ဘယ်သူ့ကိုပဲ ချစ်နေနေ တစ်နေ့ မင်း လက်ထပ်ရမယ့်လူက ငါပဲ ဖြစ်စေရမယ်"

"အရူး"

"ဘာကွ"





စကားနိုင်လုတာပဲလား။ သို့တည်းမဟုတ် သူ့ရည်ရွယ်ချက်ကို တမင်ပဲပြောလေသလား သူမ မသိပါ။ ရင်ထဲမှာ တနုံ့နုံ့နှင့် ခံရခက်လာတာက အမှန်ပါပဲ။ ဒီလောက်ထိ ပြောပါလျက်နဲ့ ဒီလူ့ကိုနိုင်မယ့် အချက်တွေ မရှိတော့ပြီလား။

"ဘာပြောလိုက်တယ်"

"ရှင် ရူးနေတာလို့ ပြောတာလေ။ ဘာလဲ မကြားလိုက်လို့လား။ မကြားရင်"

သူက သူမ၏ပါးပြင်တစ်ဖက်ကို ငုံ့မွှေးလိုက်လေ၏။ ရုတ်တရက်မို့ ထင်မထားသဖြင့် ပါးစပ်အပေါက်သား ဖြစ်သွားရလေသည်။ ကြည့်စမ်း . . . ဒါ သူမကို ကိုယ်ထိလက်ရောက် စော်ကားခြင်းပင် မဟုတ်ပါလား။

"ရှင် . . . ရှင်"

"မင်းကို ငါပိုင်တယ် လွန်းပိုးဖြူ။ လက်ရှိအခြေအနေနဲ့ မင်းကိုယ်မင်း အဟုတ်ကြီးထင်မနေနဲ့။ မင်းကိုရော မင်းနှလုံးသားကိုပါ ငါ အပိုင်ဝယ်လို့ရတယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

"ရှင်"

တုံ့ပြန်မှုကပဲ မြန်လေသလား။ ဒါမှမဟုတ် သူ တမင်အရိုက်ခံကာ မရှောင်မိလို့ပဲလား မသိပါ။ ဖြန်းခနဲမြည်သံနှင့်အတူ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထက် သူမလက်ဝါးက ရောက်သွားပါ၏။ ဝယ်တယ်ဆိုတာ ရောင်းသူရှိမှ ဖြစ်တာမျိုးပါ ဘုန်းမြင့်မိုရ်၊ ဘယ်အရာမဆို တန်ရာတန်ကြေးဆိုတာ ရှိပေမယ့် ရင်ထဲကမေတ္တာတရားနဲ့ ချစ်ခြင်းဆိုတာကို ငွေကြေးဥစ္စာနဲ့ ပေးဝယ်လို့ မရဘူးဆိုတာ ရှင်သိထားပါလေ။

"ဘာလဲ ... မကျေနပ်ဘူးလား။ ဒီတစ်ဖက် ထပ်ရိုက်ချင်ရိုက်လေ။ ပြီးရင် ... ဘာဆက်ဖြစ်မလဲဆိုတာ ဆက်ကြည့်ကြတာပေါ့"

"ဘုန်းမြင့်မိုရ်"

"ပြောပါ လွှမ်း ... ကိုယ်နားထောင်နေပါတယ်၊ မင်းသိထားဖို့က ဘယ်လိုမိန်းမမျိုးမဆို ကိုယ့်ခင်ပွန်းဖြစ်လာမယ့် ယောကျ်ားတစ်ယောက်ရှေ့မှာ ဒူးထောက်အရှုံးပေးရတယ်ဆိုတာပဲ"

"မျှော်လင့်မထားပါနဲ့ ဘုန်းမြင့်မိုရ်။ ကျွန်မရင်ထဲမှာ ရှင့်အတွက် နေရာမရှိဘူး။ ပြန်ချစ်နိုင်ဖို့ဆိုတာက အဝေးကြီးပဲ"

သူက ဟက်ဟက်ပက်ပက် ရယ်မောကာ ရုတ်တရက် သူမကို ဆွဲ၍ ဖက်လိုက်လေ၏။ ဒီလူတော့ ဒီလောက် ခပ်ပြင်းပြင်းရိုက်တာတောင် အမှတ်မရှိပါလား။ ဘယ်လိုမျိုးလုပ်ပြမှ ဒင်းလုပ်ရပ်ကို ရပ်မှာပါလိမ့်နော်။

"ကြားတယ် မဟုတ်လား။ နီးနီးလေးပါ လွှမ်းရဲ့။ လူတစ်ယောက်လုံး အပိုင်သိမ်းပြီးမှတော့ အချစ်ဆိုတာ အပိုသပ်သပ်ပါကွာ"



"ရှင်နော်"

"အိမ်ပြန်ပို့လိုက်ပို့ပေးမယ် ... လာ"

"မလိုက်ဘူး"

"မလိုက်ရင် ပြန်မပို့ဘဲ အပြီးခေါ်သွားမှာ၊ ခေါ်ရမလား"

တွေ့လား ဘယ်လောက်အမြင်ကပ်စရာ ကောင်းလိုက်ပါသလဲ။ နိုင်ကွက်နဲ့ ခြိမ်းခြောက်ပြီး ခေါ်နေပြီမို့ သူ့ကားပေါ် တက်ထိုင်လိုက်ရတော့၏။ ပိုးတော့ သေသာသေလိုက်ချင်ပြီ ဖေဖေ၊ ကျေးဇူးပြု၍ စိတ်ဆင်းရဲခြင်းမှ လွတ်ပါရစေလား။

"လွှမ်း"

"____"

"စကားမပြောတော့ဘူးလား"

မျက်နှာကို တစ်ဖက်သို့လွှဲထားတာမို့ စိတ်ဆိုးနေပြီမှန်း သူသိမှာပါ။ နောက်ထပ် ဘာစကားမှ ထပ်မပြောတော့ဘဲ အိမ်ရှေ့အထိ လိုက်ပို့ပေးလေ၏။ ကားတံခါးဖွင့်ပေးပေမယ့် သူ့မျက်နှာကို တစ်ချက်မှ မကြည့်တော့ဘဲ တိုက်ထဲသို့ ဝင်ခဲ့ပါသည်။ တော်တာပါပဲ ဘုန်းမြင့်မိုရ်၊ နောက်နေ့ကစပြီး ကျွန်မမျက်နှာကို ရှင်မမြင်စေရဘူးမှတ်။

"သမီး"

"ပိုး ပြောစရာရှိတယ် ဖေဖေ"

www.burmeseclassic.com



“ဘာဖြစ်ကြပြန်ပြီလဲ”

ဆက်တီမှာ ထိုင်ချလိုက်ပါ၏။ ငိုထားသည့်မျက်နှာကြောင့် ဖေဖေက မဆူပါချေ။ ပိုးတော့ ဖေဖေနဲ့ အတိုက်အခံလုပ်ရတော့မယ် အောင်။ နှစ်နှစ်ကျော် အဆက်အသွယ်ဖြတ်ထားတဲ့ပိုးကို မေ့ထားလိုက်ပြီလားကွယ်။

“သူ့ကို ပိုး လက်မခံနိုင်ဘူး ဖေဖေ”

“ဘယ်သူ့ကိုလဲ”

“ဘုန်းမြင့်မိုရ်”

“ဒီလောက် မြန်မြန်ကြီး ဆုံးဖြတ်ရလား သမီး။ မောင်မြင့်မိုရ် မှာ ဘာလိုအပ်ချက်တွေများ ရှိလို့လဲ”

“Character ကြောင့်ပါ”

“ဘယ်လို”

“သိပ်ရဲတင်းလွန်းအားကြီးတယ်။ ပိုးက နိုင်ငံခြားမှာ ပညာ သွားသင်ခဲ့ပေမယ့် social ကျလွန်းတာမျိုးမှ မရှိတာ။ ဒါကို ပိုးအား အထင်တသေးနဲ့ ဆက်ဆံတယ် ဖေဖေ”

“အင်း ... သမီးရင်ထဲမှာက နှစ်သက်တဲ့သူရှိပြီးသားမို့ ဒီစကားမျိုး ပြောတာကိုး”

“မဆိုင်ပါဘူး ဖေဖေ။ ဖေဖေတို့စကားကို ပိုးအမြဲနာခံခဲ့တာပါ





ပညာမစုံသေးလို့ သူနဲ့ အဆက်အသွယ်ဖြတ်ပါဆိုတုန်းကလည်း ဒီနေ့ ဒီအချိန်အထိ သူ့ကို ပိုး အဆက်အသွယ်မလုပ်ခဲ့တာ ဖေဖေ သိပါတယ်။ ဒါတောင်မှ သမီးရဲ့က ဖူးစာဖက်က အောင် မဖြစ်သေးဘူးလား ဖေဖေ”

“သမီးကို ပြည့်ပြည့်စုံစုံဘဝမျိုးနဲ့ ဆက်မြင်ချင်တာ ဖေဖေ့ စေတနာပါကွယ်”

“ပိုးနားလည်ပါတယ် ဖေဖေ။ ဒါပေမဲ့ ... ကိုယ် တကယ် မချစ်မနှစ်သက်တဲ့ လူနဲ့ လက်တွဲပြီး စိတ်ဆင်းရဲသွားရမှာက ပိုးပါ။ အဲဒီအတိုင်း ပိုးကို အသက်ဆက်ချင်စေသလား ဖေဖေ”

“သမီး”

“အောင်နဲ့ မပေါင်းရရင်နေပါစေ၊ ဘုန်းမြင့်မိုရ်ကိုရွေးရမယ့် အစား သေလမ်းကိုပဲ”

“လွန်းပိုးဖြူ”

ဖေဖေ့အော်သံက အတော်ကျယ်လွန်းနေပါ၏။ ပိုးရဲ့ ရင်ကွဲ နာကျသံကိုဖြင့်။

❋ ❋ ❋



www.burmeseclassic.com

# အခန်း (၂၃)

"ဒေါက်! . . . ဒေါက်!"

"မမ"

ညက တော်တော်နှင့် အိပ်မပျော်ဖြစ်တာမို့ ညဥ့်နက်မှာ မှေးခနဲ အိပ်ပျော်ခဲ့ရတာပါ။ စားပွဲတင်နာရီမှာ (၈) နာရီကို ညွှန်ပြနေပြီမို့ အတော်မိုးလင်းနေပြီမှန်း သိလိုက်ရပါ၏။ အပြူးက တစ်ခွန်းသော ခေါ်ပြီး ထွက်သွားပြီထင်ပါရဲ့။ Lock ပိတ်မအိပ်သည့်အကျင့်ကို ခုထိ မသိသေးပါလား။

"ပိုး . . . နိုးပြီလား"





"ဟာ! . . . မမ"

အခန်းထဲဝင်လာသည့် မမက သူမကို နှာခေါင်းရှုံ့ပြလိုက်လေ၏။ အလုပ်ဝင်နေပါသည့် ညီမက ခုထိ လူကြီးမဖြစ်သေးဘူး ထင်နေတာကိုး။ ကိုယ်ပေါ်မှစောင်ကို လာဆွဲလိုက်တာမို့ ဒူးအထက် ရောက်နေပါသည့် ဘောင်းဘီရှည်ကို အမြန်ဆွဲချလိုက်ရပါ၏။ ဒီအပျိုကြီးကတော့ လုပ်လိုက်ရင် အရမ်းကြီးပါပဲ။

"ဘာလုပ်တာလဲ"

"မြန်မြန်ထတော့လေ၊ ခဏနေ ဧည့်သည်လာတော့မှာ"

"ဘယ်က ဧည့်သည်လဲ"

"နင်တို့အိမ်နဲ့ ရွှေလမ်းငွေလမ်းခင်းမယ့်လူတွေ"

မျက်နှာကို ရှုံ့တွလိုက်မိ၏။ စောစောစီးစီး ကျက်သရေမင်္ဂလာရှိ ပါပေ့လား။ ဒီလောက် နောင်ကျိန်ချနေပါလျက် ဒင်းဘက်က ရှေ့ဆက် ရဲတဲ့တာ အံ့ပါရဲ့။ စိန်ခေါ်မိတာများ များပြီလား။ ဘောင်းပန်တိုးလျှိုးရ အောင်လည်း ပိုးက မာနကြီးတဲ့ မိန်းကလေး ဖြစ်နေတာပါလေ။

"ဘာလာလုပ်ကြဦးမလို့လဲ။ ဒင်းနဲ့ အပြီးအပြတ် ပြောပြီးပြီတို့"

"ဘယ်လိုပြောထားလို့လဲ"

"ဒီလိုပဲ"

www.burmeseclassic.com



နေပါဦး . . . ချစ်သူရှိတယ်ဆိုတာကလွဲပြီး ဘာမှမပြောဖြစ်ခဲ့တာပါ။ ဒါကြောင့်လည်း ဒင်း ပိုပြီးရဲတင်းလာတာမဟုတ်ပါလား။ မယူနိုင်ဘူးလို့ ပြောတာက ဖေဖေ့ကိုလေ။ ပြဿနာပါပဲ။ ဒင်းနဲ့ ဘယ်လိုများ ဆုံရတဲ့ရေစက်ဆိုးပါလိမ့်။

"ကျစ်! . . . ရှုပ်လိုက်တာ"

"ရှုပ်မနေနဲ့ . . . ရောက်လာမှရှင်း"

"မမက ကျောင်းမသွားရဘူးလား"

"ဒီနေ့ Sunday ပိတ်ရက်ပါ မပိုးပိုးရယ်။ စိတ်နဲ့လူက မကပ်ပါလား"

"မမတစ်ယောက်တည်း လာတာလား"

"မေမေပါ ပါလာတယ်။ စကားပြောဆိုကြရင် လေးလေးက ဘယ်ပြောတတ်ပါ့မလဲ"

ကောင်းရော၊ တစ်တပ်တအားပါပဲလား။ လူကြီးတွေကြားထဲ မချေမငံ ထပြောရင် ရိုင်းတယ်ပြောကြမှာလေ။ သူမဘက်က အားကိုးရာဆို၍ မမသာရှိတော့တာပါ။ ပိုးကို ကယ်ပါဦးလား အောင်"

"မမ"

"ပြော"

"ပိုးမှ အဲဒီလူကို မယူချင်တာ"





"အဲဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောပေါ့ဟာယ်"

"မမပါ ကူပြောပေးလေ"

"အေးပါ . . . အေးပါ၊ အဲဒါနဲ့ပဲ ဆင်နှင်းပြီး မြင်းကန်ခံရဦးမှာ ဒါက အကြံပေးဦးပုညဖြစ်ရဦးမယ်။ လောလောဆယ် ရေအမြန်ချိုးပါ"

ကျောဘက်မှ တွန်းပို့နေပြီမို့ ရေချိုးခန်းထဲဝင်လိုက်ရတော့၏။ စိတ်နဲ့လူ မကပ်ဘူးတဲ့။ Off ရက်တွေ ဘာတွေတောင် မသိတော့တဲ့ အဖြစ်ပါပဲ။ ဘာမဆို အမြဲ သတ္တိရှိရှိနဲ့ ပြောရဲဆိုရဲရှိခဲ့သည့် ပိုးက ဒီတစ်ကြိမ်မှတော့ ဖေဖေ့ကို အရဲကိုး ငြင်းဆန်ပြနေတာလေ။ ငရဲတွေတော့ ကြီးကုန်တော့မှာပဲ။

အပြင်ပြန်ထွက်လာတော့ မမက သူမအခန်းကို သေသေသပ်သပ် ပြင်ပေးသွားလေ၏။ မိန်းမပီသသည့် နေရာမှာ မမကို ခုထိ ခြေမှုန်တောင်မှ သူမ မမီသေးပါလေ။ လာတော့လည်း တွေ့ကြရုံပေါ့ ဘုန်းမြင့်မိုရ်။

"လာပါပြီ . . . ကျွန်တော့်သမီး"

"အဲဒါ . . . ကစ်ကစ်လား လုလာလိုက်တာကွယ်"

ညှော်ခန်းသို့ရောက်စဉ် ဆီးကြိုပြောဆိုလိုက်ပါသည့် စကားကြောင့် ယဲ့ယဲ့မျှသာ ပြုံးပြဖြစ်လေ၏။ မမက ညှော်သည်တွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီနှင့်မုန့် ပြင်ဆင်ပေးပါသည်။ ဖေဖေတို့မောင်နှမက နှစ်ယောက်ထိုင်ခုံမှာ ရှိနေတာမို့ ရိုးရိုးခုံမှာပင် အသာဝင်ထိုင်လိုက်ရ၏။ သူက သူမဘေးခုံသို့ ပြောင်းထိုင်လိုက်လေသည်။

ကြည့်ပါလား . . . ဘယ်လောက်အမြင်ကပ်စရာ ကောင်းလိုက်ပါသလဲ။ လူကြီးတွေရှိနေတာတောင်မှ ရှေ့မှာ သူလုပ်ပြရဲ့တာလေ။ ဖေဖေနှင့်သူ့မိဘတွေ တရင်းတနှီးဖြင့် ရယ်ရယ်မောမော ပြောဆိုနေပုံက ဟိုးတုန်းကတည်းက ခင်မင်ခဲ့ဖူးတာ မှန်နေပြီထင်ပါရဲ့။

"အန်ကယ်ပြောတာ ဟုတ်လား"

နားနားကပ်ပြောလိုက်တာမို့ ခေါင်းကိုငုံ့စောင်းကာ မျက်စောင်းခဲလိုက်မိပါ၏။ ဖေဖေကပြောတာတဲ့။ ဘာများပါလိမ့်။ ညက တရှူးရှူးဖြင့် ဒေါသတကြီးပြောခဲ့တာ အများကြီးမဟုတ်လား။ သူ့မျက်နှာကို ကြည့်မိပေမယ့် အကဲခတ်၍ မရပါချေ။

"ဘာကိုလဲ"

"ပြောပြီး မေ့လိုက်တာပဲလား"

"ဘာပြောတယ်"

"သမီးနော် . . . ကိုယ့်ထက်အကြီးကို စကားကောင်းပြောနော်။ မရှိမသေနဲ့"

ကြီးကြီးက လေသံခပ်အုပ်အုပ်ဖြင့် ဆူလေ၏။ စိတ်တို





လိုက်တာနော်။ ကူပြောပေးပါ့မယ်ဆိုသည့် မမက ဘယ်သွားပုန်းနေပြန်ပါသလဲ။ ဖေဖေတို့ စကားပြောနေတာမို့ အသာငြိမ်နေလိုက်ရလေ၏။

"ဘာပဲဖြစ်ဖြစ် ခင်ခင်မင်မင်နေသွားကြတော့ ကောင်းတာပေါ့ဗျာ"

"ဟုတ်ပါတယ် . . . ဒီလောက်နှစ်အကြာကြီးခွဲပြီးမှ ပြန်တွေ့ရတာကို။ သက်သက်ကို သတိရလိုက်တာ"

"ကျွန်တော်လည်း အားနာပါတယ် ကိုဘုန်းခေါင်နဲ့ မသီဂီရယ်။ မျက်နှာလည်း ပူမိတယ်။ ပထမတော့ ငယ်စိတ်နဲ့ဆိုပြီး မေ့လိုက်နိုင်တယ်လို့ ထင်ခဲ့တာအမှန်ပဲ။ ခက်တာက သမီးရဲ့အစွဲအလမ်းကြီးတတ်တဲ့ အကျင့်ကို ဖျောက်မရတာ"

"ကျွန်မတို့ နားလည်ပါတယ်ရှင်၊ ဟင်း ဟင်း . . . ငယ်ငယ်တုန်းကတော့ ကိုကို့ကို ယူမှာဆို"

အန်တီ လှည့်ပြောလိုက်သဖြင့် သူမ မျက်နှာရဲသွားရပါ၏။ ပိစိညှောင့်တောင့်လေးတုန်းက ပြောခဲ့တာ ဘယ်မှတ်မိပါ့မလဲ။ သူက သူမကို တစ်ချက်မျှ ပြုံးပြတာ အကြည့်လွှဲသွားလေတော့၏။ ပိုးတို့တီစွ ပျက်တာများလား။ ခုထိ ဇဝေဇဝါပါပဲ။

"မယူနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ရှင်းရှင်းလင်းလင်း ပြောပေါ့ သမီးရယ်။ ဘယ့်နှယ် သတ်သေမယ်လေး ဘာလေးနဲ့ ခြိမ်းခြောက်စရာလား။ လူကြီးတွေ ရင်ထိတ်အောင်"

"မမတူမက ငယ်ငယ်ကတည်းက ခေါင်းမာတတ်တာ သိရဲ့သားနဲ့။ လိုချင်တာ ဝယ်မပေးရင် ခြေဆောင့်ရုံပါမဟုတ်ဘူး နံရံနဲ့ ခေါင်းကိုပါ ဆောင့်တတ်တာ"

"ဟုတ်ပ့ါ"

"အလုပ်တော့ မထွက်ပါနဲ့"

"ပိုးမှ မလုပ်ချင်တော့တာ"

"ကိုကိုနဲ့ ခင်ခင်မင်မင်လေးနေဖြစ်ရင် သမီး ပျော်လာမှာပါ။ အချိန်ယူစဉ်းစားပါဦးလား"

ခေါင်းကိုသာ ခါပြလိုက်မိပါ၏။ ကိုကိုတဲ့။ တစ်ခါမှ မခေါ်ဖူးသည့် စကားလုံးကို ထပ်တလဲလဲ သုံးပြနေတာပါလား။ မမက ခြိထဲ ဆင်းမည် လှမ်းပြောလိုက်သဖြင့် ဧည့်ခန်းမှ ထထွက်ခဲ့မိ၏။ အနောက်မှ သူပါလာမှန်း သိပေမယ့် လှည့်မကြည့်ဖြစ်ပါလေ။

"လွန်း"

"---"

"တကယ်ပဲ ကိုယ်နဲ့ လက်ထပ်ရရင် သတ်သေရဲလို့လား"





သနပ်ခါးရုံနားမှာ ခြေလှမ်းကို ရပ်လိုက်မိပါ၏။ မမက လေအငွေ့ပါလာသည့် တရုတ်စကားပွင့်တို့ကို လျှောက်ကောက်နေလေသည်။ သူရပ်နေသည့်နောက်သို့ သူမ လှည့်လိုက်မိ၏။ လူ့ကို အပြောသတ်သတ်ပဲထင်ပြီး အထင်သေးပြန်ပြီလား။

"သတ္တိဆိုတာ လူတိုင်းမှာ ရှိချင်မှရှိမှာပါ ကိုဘုန်းမြင့်မိုရ်ဒါပေမဲ့ ... မိုက်ရူးရဲဆန်တတ်တဲ့စိတ်ကတော့ ရှင်တို့ယောကျ်ားတွေထက် ကျွန်မတို့ မိန်းမတွေမှာ ပိုပြီးရှိတတ်တာပါ"

"အဲဒီလောက်ထိ သူ့ကို ချစ်ရသလား ... အံ့သြစရာ"

အချစ်ဆိုတာ ဘာလဲ။ ရှင်ကမှ မသိတာလေ။ လောကမှာ ရည်းစားတွေ မှိုလိုပေါက်အောင် ထားတတ်ကြတဲ့လူငယ်တွေ ရှိကြတာ မှန်ပေမယ့် အဲဒီလို ပေါ့ပျက်ပျက်လူတွေထဲမှာ သူမ မပါဝင်ပါ။ ဒါဖြင့် အောင်ကရော တစ်နှစ်မှာတစ်ခါသာပွင့်တဲ့ ပိတောက်ကိုတောင် တန်ဖိုးထားပြခဲ့တာ။ သူမကိုကြည့်တဲ့ အကြည့်တွေရဲ့ လေးနက်မှုက သိသာထင်ရှားစေတာ မဟုတ်လား။

"ပြောကြတာဖြင့် အနေဝေးရင် သွေးအေးသွားတတ်တယ်ဆို"

"ကျွန်မက အဝေးဆုံးကို သွားခဲ့သေးတာပဲ"

"ဒါတောင် မမေ့သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မနာလိုလိုက်တာ"

"ရှင် ဘာကိုလဲ"

"အဲဒီ ချာတိတ်ကို"

"ရွှယ်တူပဲကို . . . ချာတိတ်မခေါ်ပါနဲ့ မကြိုက်ဘူး"

"ဟင်း ဟင်း . . . နာတတ်လိုက်တာ။ ဒါကြောင့်လည်း ကိုနိုင်က တောင်ငေးလိုမျိုး သူ့ကို အားထားတာကိုး"

ပြုံးမိပါ၏။ ဆောင်းလေက ခပ်အေးအေးလေးတိုက်ခတ်နေလေသည်။ ပြီးရင် နွေရာသီထပ်ရောက်တော့မှာလေ။ ပိတောက်တွေ ပွင့်ပြန်တော့မှာပေါ့။ တစ်ပင်လုံး ဝင်းဝင်းထိန်နေမည့် ၎င်းပွင့်တို့ကို မြင်ယောင်မိပါရဲ့။ ပြီးတော့ ပိုးရဲ့ခေါင်းထက်မှာ သူပန်ပေးခဲ့သည့် ပိတောက်တစ်ခက်ကိုပါ အမှတ်ရနေတာပါလေ။

"လွန်း"

"---"

"ကိုကိုလို့ မခေါ်နိုင်ဘူးလား"

"ဟင့်အင်း"

"ခေါ်ရင် ဆုပေးမလို့မေးတာနော်"

"ဘာဆုလဲ"





"ဒါတော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ။ အရင်ခေါ်မှ"

"ကျွန်မက လွယ်လွယ်နဲ့ ကတိပေးတတ်တဲ့သူ မဟုတ်လို့ မမျှော်လင့်ပါနဲ့"

"ရော် . . . ဒီက စေတနာနဲ့လည်း မန္တလေး Asia Group ကို Transfer လုပ်ပေးမလို့ကို"

"တကယ် . . . အား"

သူမ ဝမ်းသာအားရဖြင့် အော်ရယ်လိုက်သံက အကျယ်ကြီးပဲ။ သူ့လက်မောင်းကိုပါတဖတ်ဖတ်ထုနေတော့မှ သူက သူမလက်သီးတို့ကိုရှောင်ရင်း ပြုံးနေလေ၏။ ထိုအပြုံးတွေကြားမှာ မျက်ရည်ကြည်တို့ ဝေနေတာကိုဖြင့် သူမ သတိမထားမိပါချေ။ အချစ်ဟူသည် တစ်ခါတစ်ရံ၌ နာကျင်ခြင်းသို့ ပြောင်းတတ်မှန်း သူသာ အသိဆုံးဖြစ်နေတာပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အိပ်ရာမှထတော့ မိုးစင်စင်လင်းနေလေပြီ။ ပြဿနာပဲ။ ဒီနေ့ ကုမ္ပဏီကို Assistance Manager အသစ်ရောက်မှာမို့ ကြိုဆိုရမှာလေ။ အမျိုးသမီးမို့ ဘာလက်ဆောင် ပေးရမည်မှန်း မသိသဖြင့် မမထံမှ အကြံဉာဏ်တောင်းခဲ့ရပါ၏။ မျက်ခုံးတွေ လှုပ်လိုက်တာနော်။

"ကိုကို"

"ဘာလဲကွာ"

"ဒီနေ့ ဆိုက်ထဲပဲသွားရမှာဆို"

"အေး"





"ဘာလို့ အစောကြီးထရတာလဲ"

ညီညီက ဆေးကျောင်းစာတက်နေပြီမို့ စောစော စာထကျက်နေရာမှ လှမ်းပြောလိုက်လေ၏။ ခုထိ ဝရန်တာထွက်ပြီး စာကျက်ကျင့်က ရှိနေသေးတုန်းပါပဲ။ ရေအရင်မချိုးဖြစ်သေးဘဲ ဆိုင်ကယ်ကို သန့်ရှင်းရေးအရင်လုပ်ဖြစ်ပါ၏။ တစ်ဖက်ခြံ ဝရန်တာမှ ဘုရားသောက်တော်ရေလဲရန် သွန်နေသည့်မမက သူ့ကိုမြင်သွားလေသည်။

"သူရ"

"ဗျာ"

"ဒီနေ့ မျက်ခုံးတွေ မလှုပ်ဘူးလား"

"အာ … လက်ထောက်မန်နေဂျာအသစ် ပြောင်းလာမယ်ဆိုလို့ အလိုလိုလန့်နေရတဲ့ကြားထဲ"

"ဘာဖြစ်လို့လဲ"

"သူက စည်းကမ်းပိုင်းတွေကိုင်ရတာလေ။ ကျွန်တော်တို့ အုပ်စုက လစ်ရင်လစ်သလို Tea shop ပြေးတတ်တာ အကျင့်ဖြစ်နေပြီ မမရ"

"ဟင်း ဟင်း … ဘာလဲ … အပေါက်ဆိုးဆိုး မိန်းမကြီးလို့ ထင်နေတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မောင် ကံကောင်းပါစေဟယ်"

မမက ခပ်တိုးတိုး ဆုတောင်းပေးကာ အိမ်ထဲသို့ ပြန်ဝင်သွားလေတော့၏။ ဆိုင်ကယ် သန့်ရှင်းရေးလုပ်တာပြီးပြီမို့ အိမ်ထဲ အပြေးဝင်ကာ ရေချိုးရလေသည်။ ခုချိန်ထိ ပျာယိပျာယာလုပ်အကျင့်က သူ့ထံမှာ ရှိနေသေးတာပါပဲလား။

"ဟဲ့ ဟဲ့ . . . ဘယ်လိုဖြစ်လာရပြန်တာလဲ"

"နောက်ကျနေပြီ မေမေ"

"အလုပ်က နီးနီးလေးကို၊ မနက်စာစားသွားဦးလေ"

"မစားတော့ဘူး"

"မစားလို့ဖြစ်မလား။ မနက်ပိုင်းထမင်းမစားရင် တစ်နေ့ကုန် ဘယ်အလုပ်လုပ်နိုင်မှာလဲ။ မုန့်ဟင်းခါးတစ်ပွဲနဲ့ မတင်းတိမ်တဲ့ ဗိုက်ကများ"

"မေမေ အခုမှချက်မှာ မဟုတ်လား"

"အမယ်လေး! . . . ဈေးမသွားခင်ကတည်းက ချက်ပြီးပါပြီ ဟော်။ တကတည်း နောက်က ကျားလိုက်နေသလို အပြေးအလွှားနဲ့"

"မန်နေဂျာမမနဲ့ တွေ့ရမှာမို့ မေမေရေ"

"ဟော့ကောင်"

"ဘယ်က မန်နေဂျာလဲ"





ဈေးမှပြန်ရောက်လာသည့် မေမေ့ဆွဲခြင်းကို ကူသယ်ပေးလျက် အိမ်ထဲပြန်လိုက်ဝင်ခဲ့ရပါ၏။ အငယ်ကောင်က လှေကားမှဆင်းလာရင်း သူ့ကို နောက်လိုက်တာပါ။ မန်နေဂျာမမက လှလှလေး မဟုတ်ဘဲ ရုပ်ဆိုးဆိုးအဘွားကြီးဖြစ်နေမှ ဒုက္ခပါလေ။

"အသစ်ပြောင်းလာမယ့် လက်ထောက်မန်နေဂျာပါဗျာ"

"ဒါများ အဆန်းလုပ်လို့"

"Boss ကိုယ်တိုင်က ကြိုဖို့ပြောထားလို့ပါ မေမေရဲ့"

"သူ့အမျိုးသမီးလား"

"မဟုတ်ဘူး။ Boss ဇနီး မဝင့်ဝါက ကုမ္ပဏီမှာ ဝင်ထွက်နေတာပဲကို"

"အမယ်လေးနော် . . . တခမ်းတနား ကြိုစရာရှားလို့ လက်ထောက်မန်နေဂျာအဆင့်ကို"

"ကိုကိုတို့ ခြေရှုပ်မိပြီ မေမေရဲ့။ သူက စည်းကမ်းပိုင်းတိုင်ရတာတဲ့လေ"

မေမေက ထမင်းကြော်အိုးကို ပူအောင်ပြန်နွှေးကာ ပန်းကန်တွေထဲ ထည့်ပေးလေ၏။ မနေ့ကချက်ထားသည့် ပဲငါးပိကြော်နှင့်အတူ ကြက်သွန်ချဉ်ပါ ထည့်ပေးပါသည်။ မြန်မြန်ပြီးချင်ဇောဖြင့် ဖွန်ကြင့်ခပ်စားစဉ် သူ့လျှာပူသွားရလေ၏။

www.burmeseclassic.com



ဒီနေ့တော့ တလွဲတွေချည်းပါပဲလား။

"အား ... ပူတယ်"

"ဖြည်းဖြည်းစားလေ"

"ပန်းဆိုင်ဝင်ရဦးမယ် မေမေရဲ့"

"ဘာလုပ်ဖို့တုံး"

"ပန်းစည်းကမ်းဖို့မှာထားတာ"

"ဟင်းဟင်း ... အပျိုကြီးမယသာဖြစ်နေရင် ပန်းစည်းပေးတဲ့ မောင်ဗျတ္တနဲ့ မနဲ့မောင်ဇာတ်လမ်းက ကွက်တိပဲ"

"ညီညီနော်"

"မဟုတ်လို့လား ... အခုကတည်းက လက်တုန်ခြေတုန်နဲ့ ရင်တွေခုန်နေပြီ"

"မဟုတ်ပါဘူးကွာ"

"ငြင်းဆန်သံကလည်း အားပျော့ပါ့"

မေမေက ကော်ဖီခွက်တွေထဲ ကော်ဖီငှဲ့ပေးစဉ် သူမကို သတိရမိသွားရပါသည်။ ထမင်းနဲ့ကော်ဖီ ဘယ်လိုမှ မလိုက်ဖက်ဘူး ဆိုပေမယ့် သူတို့အိမ်မှာ အခုထိ တွဲစားနေတုန်းပါပဲ။ မင်း ဘာတွေ လုပ်နေသလဲ ပိုးရုယ်။

"သုံးနှစ်ပြည့်တော့မယ်နော် ... မေမေတို့ကိုပေးထားတဲ့





ကတိ မမေ့နဲ့ဦး"

"မေမေကလည်း"

"သုံးနှစ်သုံးမိုးစောင့်တာ မိန်းမတွေပဲ သားကြီးရဲ့၊ ဘယ့်နှယ် ယောက်ျားလေးဖြစ်တဲ့သူက စောင့်ရလား"

သူ ငြိမ်နေမိပါ၏။ အပြစ်ရှိနေသလိုပါပဲ။ Boss တောင်မှ ကျန်ခဲ့သည့်နှစ်က မင်္ဂလာဆောင်ဖြစ်သွားတာ။ သူ့ကိုတောင် ဘယ်တော့လဲဟု မေးသေးတာလေ။ လက်ဆုပ်လက်ကိုင်ပြစရာမရှိသည့် သူ့ကို ဖိုးကျန်ဆိုပြီး ကျန်ရစ်တဲ့ကောင်ဟု တစ်အုပ်စုလုံး အမည်ပေး ထားကြတာ ကြာခဲ့ပါပြီကော။

သုံးနှစ်တဲ့ ပိုးရုယ်၊ မျှော်လင့်တကြီး စောင့်နေဆဲဖြစ်တဲ့ ကိုယ့်ကို ငဲ့ကြည့်ဖို့တောင်မှ အကြောင်းမတိုက်ဆိုင်ဖြစ်ဘူးလား။ ကျောင်းနေဘက်သူငယ်ချင်းတွေ အသီးသီး အိမ်ထောင်ပြုသွားကြပေမယ့် ကျန်တာဆိုလို့ သူနဲ့ (ဘာညာဘာညာမဖြစ်ခဲ့ရသည့်) ငြိမ်းဆုသာ တို့သာ ကျန်တော့တာပါလေ။

"ငြိမ်းငြိမ်းကိုရော"

"မေမေကလည်း ငြိမ်းက သူငယ်ချင်းကို ပြောပြန်ပါပြီ"

"မငြိမ်းကို ဖွဲ့ရတော့ ပေးသင့်တယ်"

"ဟိုက မင်းကို ကျောင်းတက်ဖို့ Assessary တွေ ရှာပေးတယ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပေးတာနဲ့ ရှေ့နေလိုက်နေပြန်ပြီ"

"ဘာပဲဖြစ်ဖြစ် မေမေ့သူငယ်ချင်းတွေလို မေမေလည်း မြေးချီ ချင်နေပြီ လင်ဆောင်းသူရအောင်ရှာ။ မင်းအဖေပြန်လာရင် Yes ပြောဖို့ ပြင်ထားဦး"

သူ ထမင်းသည်းသွားရပါ၏။ မလွယ်ပါလား။ လူကို ချောင်ပိတ်ဖမ်းချင်တာက တစ်အုပ်စုကြီးပါပဲ။ ဒီနေ့တော့ သူ့အဖို့ ပြဿဒါးနေ့ပဲထင်ပါရဲ့။ ခုံမှထရပ်စဉ် ပုဆိုးက ငြိခနဲပြဲလေ၏။ သံစထွက်နေသည့် ခုံကိုမှ ရွေးထိုင်မိရပြန်တယ်လို့၊ ခုံရိုက်ရန်မေ့သည့်အဖြစ်ကြောင့်ပါလေ။

"ကျစ်! ... သွားပါပြီ၊ အချိန်မရှိပါဘူးဆိုမှပဲ"

"အသစ်ထုတ်ဝတ်သွားလေ၊ ကြိုဆိုပွဲရှိတယ်ဆိုပြီး"

"တောင့်တောင့်ကြီးဖြစ်နေမှာပေါ့ မေမေရဲ့"

"ဒါမှ တောက်တောက်ပပလေး မောင့်ကို မမက ထင်းခနဲမြင်မှာပေါ့ ကိုကိုရဲ့"

"မင်းနော်"

ညီဖြစ်သူနှင့် စကားပြိုင်ပြောနေ၍ အချိန်မရပါ။ အပေါ်ထပ်သို့ ပြန်ပြေးတက်ကာ လခထုတ်စဉ်က မေမေဝယ်လာပေးသည့် ချည်ပုဆိုးအပြာကို လဲဝတ်လိုက်ရလေ၏။ အများထဲမှာ ထင်းနေမှာက



ဖြင့် အသေအချာပါလေ။ ပုဆိုးက ကော်တောင့်နေသဖြင့် အတင်းဆုပ်ဝတ်ပြန်တော့ တိုပြီးကားနေပြန်၏။ ခပ်လျော့လျော့ ရှည်ရှည်လေးဖြစ်မှ သပ်ရပ်မှာမို့ သုံးလေးခါပြင်ဝတ်ရလေသည်။

"ကျွန်တော်သွားပြီ မေမေ"

"အေးအေး"

"ပစ္စည်းတွေ အကုန်ပါရဲ့လား"

"ပါတယ်"

"ကျန်ခဲ့တာ ရှိပါတယ်"

"ဘာလဲ"

"ဟဲ ဟဲ ... ခြေရာ"

"ဒီကောင်ကတော့လေ ... ခုထိ အကျင့်မဖျောက်ဘူး"

ဆိုင်ကယ်စက်နှိုးကာ ဦးထုပ်မေးသိုင်းကြိုး တပ်လိုက်ပြီးထွက်ခဲ့ရပါ၏။ ဈေးထိပ်ရှိ ပန်းဆိုင်မှာ ပန်းစည်းလှလှစည်းပေးတာကို စောင့်ယူရပြန်ပါသည်။ နှင်းဆီက နီနီရဲပြီး စိုနေတာပါပဲ။ ပန်းနီနီပေးပါက ရည်းစားဦးနဲ့ လွဲတတ်တယ်ဆိုပြီး အယူသည်းတတ်လျှင်ဖြင့် အပျိုကြီးမမက သူ့ကို အထင်လွဲသွားနိုင်တာပါလေ။

ဘယ်တတ်နိုင်ပါ့မလဲ။ တခြားပန်းပိစိအဖြူလေးတွေနှင့် ရောစည်းလျှင် ဒီအနီကသာ ပေါ်လွင်ပြီးလှတာပေါ့တော်လား။ ဒါကြီးဝါ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် သေသေသပ်သပ် စည်းလိုက်သည့် ပန်းစည်းကို ယူ၍ ထွက်ခဲ့စဉ် လက်ခုပ်သံထွက်လာလေ၏။

"သူရ"

ဆိုင်ကယ်ကို နေးကာ စက်ရပ်ပြီး လှည့်ကြည့်စဉ် အပြေး လိုက်လာသည့် ကိုအံ့ကို တွေ့လိုက်ရလေ၏။ နောက်ကျနေပြီဆိုကာမှ သူ့လိုနောက်ကျပြီးလိုက်လာသည့် လုပ်ဖော်ကိုင်ဖက်နဲ့မှ ဆုံရတယ်လို့ စိတ်လော်ပြီးလုပ်ရင် နေးတတ်တယ်ဆိုတာ မှန်နေပါရောလား။

"အတော်ပဲ ... ငါ ကယ်ရိုစောင့်နေတုန်း မင်းကိုတွေ့လိုက်တာ"

"ဦးထုပ်အပို မပါဘူးဗျ။ ကိုအံ့ဆိုင်ကယ်က ဘာဖြစ်ပြန်ပြီလဲ"

"မသိတော့ပါဘူးကွ။ ကုမ္ပဏီစောစောလာရမယ့်နေ့မှ စဖောက်တော့တာနဲ့ ညစ်ပြီး ဒီတိုင်းထွက်လာတာ။ ဒါကြီးက ဘာလုပ်ဖို့လဲ"

"Boss ပြောတဲ့ လက်ဆောက်မန်နေဂျာကို ကြိုဖို့လေ"

"ဇာတ်လမ်းကစပြီ"

"နိုင်းလို့လုပ်တာပါဗျာ၊ ဘာအကန့်မှမရှိဘူး"

"ငါကိုင်ပေးမယ်"





"ဖွဖွကိုင်နော် ... မကြေစေနဲ့"

"ငါ သိပါတယ်ကွ"

နာရီမှ ကိုးနာရီထိုးသံ တတီတီမြည်နေပြီမို့ နောက်ကျနေပြီ မှန်းသိကာ သက်ပြင်းချမိလေ၏။ Boss တော့ သေချာမှာထားပြီး စောင့်ရပြီမို့ သူ့ကို ဒေါကန်တော့မှာပါပဲ။ ကုမ္ပဏီသို့ ရောက်စဉ် ဆိုင်ကယ်ရပ်သော့ခတ်ပြီး ပုဆိုးကို ပြင်ဝတ်ရပြန်၏။ ပုဆိုးအသစ်နဲ့ သူနဲ့ကတော့ Danger ပါပဲလား။

"ပေး"

"ငါ ယူခဲ့ပါ့မယ်ကွာ"

"ကျွန်တော့်ကို ကိုယ်တိုင်ပေးဖို့ မှာထားလို့ပါဗျ။ မအေးမြင့်နဲ့ တိုင်လိုက်ရမလား"

ပန်းစည်းက သူ့လက်ထဲသို့ အမြန်ရောက်လာပါ၏။ လှေ ကားထစ်တို့ကို တက်စဉ် ပုဆိုးမပြီး မနင်းမိစေရန် သတိထားရသေး သည်။ ရုံးခန်းထဲရောက်စဉ် စာရေးမတွေနှင့် ရုံးဝန်ထမ်းတွေသာ ရှိ နေပြီး အင်ဂျင်နီယာတွေ တစ်ယောက်မှ မရှိပါချေ။

"ဟော ... လက်ဖက်ခြောက်တွေ ရောက်လာပြီ"

"Boss ရောက်နေပြီလား"

"Boss ရော၊ မလှလှလေးရော ရောက်နေတာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အခု မိတ်ဆက်ပေးနေတာ အစ်ကိုတို့ပဲ ကျန်တော့တယ်။ မြန်မြန် ဝင်သွားလိုက်"

Boss ရုံးခန်းဆီသို့ ကိုအံ့က ရှေ့မှဦးဆောင်လျက် ဝင်သွား လေ၏။ ပန်းစည်းကမ်းရမယ့်သူက နောက်ဆုံးမှ လိုက်ဝင်လာတာ တကယ့်ဟာသဖြစ်နေပါရောလား။ အတွင်းမှ စကားသံသဲ့သဲ့မျှ ကြား နေရသလို တံခါးကို မပိတ်ရန် တားကိုင်လိုက်စဉ် ခြေထောက် ကတ္တီပါဖိနပ်က ပုဆိုးစကို နင်းမိသွားပြီး တင်းခနဲ ဖြစ်သွားလေ ၏။

"ကြို ... ကြို"

ကြိုဆိုပါတယ်ဟူသည့် စကားမဆုံးခင် လူက ရှေ့ကို ဟပ် ထိုးလဲလေ၏။ သို့သော် ပန်းစည်းရောသူပါ သံမတလင်းထက် မရောက်သွားပါလေ။ ရိုပ်ခနဲ မြင်လိုက်ရသည့် လူရိပ်နှင့်အတူ နှာဝမှာ မွှေးရနံ့ခပ်သင်းသင်းကို ရှူရှိုက်လိုက်ရလေ၏။

"အို"

"ဟာ ... ပိုး"

"သူရတို့ကတော့ လုပ်ချလိုက်ပြန်ပြီဟေ့"

ရယ်သံတို့က အုန်းခနဲ ထွက်လာလေ၏။ ပါးပြင်ကို လ တစ်ဖက်ဖြင့် ဖိကာ ပြုံးလိုက်သည့် သူမ၏အပြုံးက ဒီကမ္ဘာမှာ အလှ






ဆုံးဖြစ်နေမည် ထင်ပါသည်။ ပန်းရောင်သန်းနေပါသည့် မျက်နှာထက် ရှက်ရွံ့ဟန်ပေါ်သော်ငြား ဒေါသရိပ်ကို မမြင်ရပါ။ လှပလွန်းပါသည့် မျက်စောင်းတစ်ဝင့်မှာ သူရင်ခုန်သံတို့က အတိုင်းအဆမဲ့ ခုန်ပေါက်လာ တော့တာပါပဲ။

ကိုယ်တို့အိပ်မက်တွေ ပြန်မက်ခွင့်ရရှိပါပြီနော်။

**လေးစားလျက်**



4th June 2015


PM 4:14

www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်မည့်စာအုပ်

**“အကြီးကြီးလဲ ရှုန်းသမီးမယ်”**



၂၇

**ချိုမြိန် ဝတ္ထုတိုများ**

**မမသန္ဒါဇော်**

အိပ်မက်တွေ ပြန်မက်ခွင့်ပေးလှည့်ပါ

**ကြယ်စင်မှူးဇေ**

ပန်းကလေး၏ ကောင်းကင်

**မိုးစက်ပွင့်**

အာယာတကြိုး

**အလင်းသစ်**

လမ်း

**ခေတ်ပျိုဖြူ**

ဗိုလ်မ

**လှိုင်းကြာဖြူ (လားရှိုး)**

ဤမှန်သောသစ္စာကြောင့်

www.burmeseclassic.com